ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၇၉ ခုနှစ် နယုန်လဆန်း ၅ ရက် အင်္ဂါနေ့။ Tuesday, 30 May 2017 (၈၉၄၀)




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကျေးဇူးတင်စကားပြောကြားစဉ်။

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) အောင်မြင်စွာကျင်းပပြီးစီး ပြည်ထောင်စုထဲတွင် အတူနေထိုင်ရန် သန္နိဋ္ဌာန်ပြုထားသည့် တိုင်းရင်းသားအားလုံးသည် ညီလာခံအဆက်ဆက်တွင် အတူပါဝင်ကြရမည်

နေပြည်တော် မေ ၂၉

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-2)၌ ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❂

**ဖက်ဒရယ်စနစ်ဆိုင်ရာ သဘောတူညီချက်အားလုံးကို မရနိုင်ခဲ့သော်လည်း အရေးကြီးသည့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့အတွက် အာဏာခွဲဝေရေးမူကို သဘောတူညီနိုင်ခဲ့**

**နောက်ခြောက်လအတွင်းမှာ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေလည်း အဖြေမရရင်တောင်မှ တိုးတက်မှုတော့ အများကြီးရနိုင်တယ်**

စာမျက်နှာ » ၁၀

**ဘုရင့်နောင်ပွဲရုံပြောင်းရွှေ့ရန်စီစဉ် သတင်းအပေါ် စိတ်မပူကြရန် ကုန်စည်ဒိုင်ဥက္ကဋ္ဌပြော**

စာမျက်နှာ » ၁၁

**(၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များတွင် 2nd ဟု ပါရှိသည့် အရန်ထီလက်မှတ်များ နောက်ဆုံးအကြိမ်အဖြစ် ရောင်းချမည်**

စာမျက်နှာ » ၁၄

**စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာများ ငှားရမ်းအသုံးပြုနိုင်**

စာမျက်နှာ » ၂၀



ကြေးမုံ

# အနာဂတ်ကိုရှေးရှု ဆက်လက်လျှောက်လှမ်း

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး) အောင်မြင်စွာပြီးဆုံးသွားခဲ့ချေပြီ။ အောင်မြင်စွာပြီးဆုံးခဲ့သော်လည်း ရှေ့ဆက်၍ငြိမ်းချမ်းရေးခရီးရှည်ကြီးတွင် ဆက်လက်လျှောက်လှမ်းကြရဦးမည်ဖြစ်သည်။ မတူကွဲပြားမှုများကို ပေါင်းစည်းပြီး တူညီရာဘုံရည်မှန်းချက်ကိုထုတ်ယူကာ မျှော်မှန်းထားသည့် ငြိမ်းချမ်းရေးပန်းတိုင်သို့ တူရှုလျှောက်လှမ်းတော့မည့် ဒုတိယခြေလှမ်းဖြင့် စတင်ခရီးနှင်လိုက်ပြီဟု ဆိုနိုင်သည်။

ယနေ့ကျင်းပပြုလုပ်သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ဒုတိယအစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က“ဒီကနေ့ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ သဘောတူညီချက်တွေဟာ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး လမ်းကြီးပေါ်လျှောက်လှမ်းလိုက်တဲ့ အရေးကြီးတဲ့ခြေလှမ်းကြီးဖြစ်ကြောင်း”။ “မတူကွဲပြားမှုတွေကြားကနေ စည်းလုံးညီညွတ်မှုဘယ်လိုရယူနိုင်မလဲဆိုတာကို စပြီးသင်ယူနိုင်ခဲ့ကြကြောင်း”နှင့် “ငြိမ်းချမ်းရေး ခရီးလမ်းမှာ ရှေ့ကိုမျှော် အနာဂတ်ကိုအာရုံပြုလို့ သွက်သွက်လက်လက် ဆက်လက်လျှောက်လှမ်းကြဖို့” ဟူသော အချက်သုံးချက်ကိုအကျယ်ရှင်းကာ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ်ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ ပေါ်ထွက်ခဲ့သောရလဒ်များကို လွယ်လွယ်ကူကူရရှိခဲ့သည်မဟုတ်ချေ။ လွန်ခဲ့သည့် တစ်နှစ်ကျော်ကာလမှစတင်၍ အခက်အခဲပေါင်းများစွာတို့ကို ကျော်ဖြတ်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆွေးနွေးညှိနှိုင်းမှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီးနောက် ယခုညီလာခံတွင် သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်သည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ သဘောတူလက်မှတ်ရေးထိုးနိုင်မှုများမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားခဲ့သည့် အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး လမ်းမပေါ်သို့ စတင်လျှောက်လှမ်းလိုက်သည့် အရေးကြီးသောခြေလှမ်းပင်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ နှစ်ပေါင်းများစွာ မျှော်လင့်ခဲ့သောအိပ်မက်များကို စတင်အကောင်အထည်ဖော်ပေးနိုင်သဖြင့် ဂုဏ်ယူရမည်ဖြစ်သည်။

ယခုအောင်မြင်မှုသည် စိတ်ဓာတ်ခိုင်သူများ၏အောင်ပွဲဖြစ်ပြီး ရှေ့ဆက်လျှောက်လှမ်းရမည့် ငြိမ်းချမ်းရေးခရီးလမ်းတွင် တွန်းအားများဖြစ်လာပေလိမ့်မည်။ ကွဲလွဲမှုများကြားမှ တူညီမှုများကို ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာရာတွင် ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ဘုံတူညီမှုများကို ရရှိခဲ့သည်မှာ ကောင်းသောလက္ခဏာဖြစ်သည်။ ရင်းနှီးခြင်း၊ နားလည်ခြင်း၊ သည်းခံခြင်းများဖြင့် ဆွေးနွေးညှိနှိုင်းနိုင်ခဲ့သဖြင့် ယုံကြည်မှုကို ဆက်လက်တည်ဆောက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဝေဖန်သုံးသပ်မှုအမျိုးမျိုးရှိကြရာ ယခုညှိနှိုင်းဆွေးနွေးမှုများမှာ စိတ်ကူးယဉ်မဟုတ်သော လက်တွေ့ကျသည့် လုပ်ဆောင်မှုအဖြစ် သက်သေပြနိုင်ခဲ့သည်။ ယနေ့သဘောတူညီမှုများသည် ပြည်ထောင်စုသဘောတူညီချက်အတွက် အစိတ်အပိုင်းတစ်ရပ်ဖြစ်လာပေမည်။ အတိတ်၏ဆိုးမွေများကို မျက်မှောက်ကာလခေါင်းဆောင်များက ဖယ်ရှားနိုင်အောင် ကြိုးပမ်းဆောင်ရွက်မှုသည် မငြိမ်းချမ်းခြင်း၏ ဒုက္ခများကိုခံစားနေရသည့် တိုင်းရင်းသားပြည်သူများအတွက်ဖြစ်၍ မှန်မြတ်သောဆောင်ရွက်ပေးခြင်းဖြစ်သည်။

သို့သော် ငြိမ်းချမ်းရေးခရီးပန်းတိုင်သို့မရောက်သေးသဖြင့် စိတ်ဓာတ်ခွန်အားများကို တိုးပွားအောင်ဆောင်ရွက်ရင်း ရှေ့ခရီးအတွက် အားကြိုးမာန်တက် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ငြိမ်းချမ်းသောနိုင်ငံများ၏တိုးတက်ဖြစ်ထွန်းမှုများကို အနာဂတ်မျိုးဆက်များ တန်းတူလက်တွေ့ခံစားနိုင်ရေးအတွက် နိုင်ငံငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင် ငြိမ်းချမ်းရေးကို မဖြစ်မနေအရယူကြရမည်ဖြစ်သည်။

ယနေ့မတူကွဲပြားမှုများကို တူညီအောင် အတူတကွကြိုးပမ်းဆောင်ရွက်ခြင်းသည် အနာဂတ်နိုင်ငံနှင့်ပြည်သူများအတွက်ဖြစ်၍ သမိုင်းတွင်ကျန်ရစ်မည့် မွန်မြတ်သောလုပ်ငန်းကြီးဖြစ်ပေသည်။ အဆုံးအစမရှိသောနိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ယုံကြည်မှုများဖြင့် အဆင့်ဆင့်ညီညီညွတ်ညွတ် ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက အောင်မြင်မှုခရီးပန်းတိုင်ကို မနွေးအမြန်တစ်နေ့နေ့တွင် ရောက်ရှိလာမည်မှာ မလွဲဧကန်အမှန်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)မှ ပေါ်ထွက်လာသော အောင်မြင်မှုများကို အနာဂတ်သို့ဆက်လက်သယ်ဆောင်ပြီး သံသယကင်းသော၊ ခိုင်မာသောယုံကြည်မှုများဖြင့် ထာဝရငြိမ်းချမ်းရေးကိုဖန်တီးသူများဖြစ်ကြပါစေဟု တောင်းဆုခြွေပါသည်။ ။

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကျင်းပမည်

**ရန်ကုန် မေ ၂၉**

သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကို ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း (၅၊ ၆၊ ၇၊ ၈)ရက် (၂၀၁၇ခုနှစ် ဇွန် ၂၈၊ ၂၉၊ ၃၀ နှင့် ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက် -ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနေ့)များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း(၉၊ ၁၀)ရက် (၂၀၁၇ခုနှစ် ဇူလိုင်လ ၂၊ ၃ ရက်- တနင်္ဂနွေ၊ တနင်္လာနေ့)များတွင် အစည်းအဝေးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း(၄)ရက် (၂၀၁၇ ခုနှစ် ဇွန် ၂၇ ရက်-အင်္ဂါနေ့)အရောက် ကြွရောက်တော်မူပါရန် ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ(ဒုတိယအစည်းအဝေး)ကို ထောက်ခံပွဲပြုလုပ်

**ကျောက်ပန်းတောင်း မေ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ငြိမ်းချမ်းရေးကို ချစ်ခင်လိုလားသည့် လူငယ်များစုပေါင်း ဦးဆောင်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)ကို ထောက်ခံသည့်အနေဖြင့် ငြိမ်းချမ်းစွာစီတန်းလမ်းလျှောက်မှုအဖြစ် ယနေ့နံနက် ၉ နာရီက မြို့နယ်အားကစားကွင်းမှ စတင်ချီတက်ခဲ့ကြကြောင်း သိရသည်။



အဆိုပါလူထုချီတက်လမ်းလျှောက်ပွဲကို မြို့နယ်အားကစားကွင်းမှစတင်၍ ညောင်ဦးမြို့မှ ဘင်ခရာတပ်ဖွဲ့ဝင်များ၊ အလံကိုင်အဖွဲ့ဝင်များ ဦးဆောင်ချီတက်ခဲ့ကြပြီး “(၂၁)ရာစုပင်လုံညီလာခံကို ကြိုဆိုထောက်ခံကြစို့” စာတန်းပါဗီနိုင်းစများ၊ “ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ(အောင်မြင်ပါစေ)” စာတန်းပါဗီနိုင်းစများ ကိုင်ဆောင်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ “(၂၁)ရာစုပင်လုံ အောင်ရမည်၊ အောင်ရမည်”ဟူသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ငြိမ်းချမ်းစွာချီတက်လမ်းလျှောက် ထောက်ခံပွဲပြုလုပ်ခဲ့ကြသည်။

အဆိုပါ (၂၁)ရာစုပင်လုံညီလာခံထောက်ခံသည့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ပွဲအား ငြိမ်းချမ်းရေးကို ချစ်ခင်မြတ်နိုးသော လူငယ်များ၊ နိုင်ငံရေးပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလွတ်ပညာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၂၅၀ ဖြင့် ချီတက်လမ်းလျှောက်ခဲ့ကြကြောင်းသိရပြီး သက်ဆိုင်ရာသို့ တရားဝင်ခွင့်ပြုချက် တောင်းခံဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မိုးသီးနှံစိုက်ပျိုးစရိတ်ထုတ်ချေးရာတွင် အခြားသီးနှံများအတွက် ယခင်နှစ်က ကျပ် ၂၀၀၀၀ နှုန်းပေးရာမှ ယခုနှစ်တွင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့်ထုတ်ချေး

**သရက် မေ ၂၉**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ကြသည့် တောင်သူများအား မိုးရာသီစိုက်ပျိုးချိန်အမီ စိုက်ပျိုးနိုင်ရေးအတွက် အဓိကလိုအပ်သည့် မိုးသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို တောင်သူများလက်ဝယ် စတင်ထုတ်ချေးခြင်းကို မေ ၂၃ ရက်က စတင်ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်ချေးငွေနှုန်းထားများကိုလည်း တိုးမြှင့်ထုတ်ချေးပေးလျက်ရှိရာ စပါးသီးနှံအတွက် တစ်ဧကကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံများအတွက် ယခင်နှစ်က ကျပ် ၂၀၀၀၀ နှုန်းပေးရာမှ ယခုနှစ်တွင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့်ထုတ်ချေးပေးခဲ့သည်။

သရက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် နှစ်စဉ်စိုက်ပျိုးစရိတ် ချေးငွေများကို ရာနှုန်းပြည့် ငွေကျေခဲ့ပြီး ကြွေးကျန်မရှိသည့်မြို့နယ်ဘဏ်ခွဲတစ်ခုဖြစ်ကြောင်းနှင့် စိုက်ပျိုးစရိတ်ထုတ်ချေးကြသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စုမှ စိုက်ပျိုးစရိတ် ချေးငွေများ ဆောလျင်စွာ ပေးဆပ်သည့်စာရင်းအတိုင်း ချေးငွေပြန်လည်ထုတ်ချေးရာတွင်လည်း ပုံစံများ ပြည့်စုံစွာပြန်လည်တင်ပြနိုင်မှုအပေါ် စစ်ဆေး၍ အစဉ်လိုက်ထုတ်ချေးပေးလျက်ရှိသည်။

ယခုနှစ်တွင် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၄ အုပ်စုမှ တောင်သူ ၇၃၀၀ အား ချေးငွေကျပ် သိန်းပေါင်း ၂၆၀၈၀ သိန်း ထုတ်ချေးပေးရန် ဆောင်ရွက်ထားပြီး မေ ၂၃ ရက်က ကျေးရွာအုပ်စုသုံးအုပ်စုရှိ တောင်သူ ၄၁၉ ဦးအား ချေးငွေ ကျပ် သိန်း ၁၃၀၇ ဒသမ ၅၀ အား စတင်ထုတ်ချေးပေးခဲ့ပြီး ကျန်ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဇော်ထက်(သရက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၂၉**

ရန်ကုန်(ရွှေဈေး) ၉၀၇၀၀၀ - ၉၀၇၀၀၀ မန္တလေး(ရွှေဈေး) ၉၀၇၀၀၀ - ၉၀၇၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၁၀/၇၂၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၃၅/၈၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၀/၇၁၀ ကျပ်၊ | ၇၄၀/၇၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၃၀/၇၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၈၈/၆၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၅/၆၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၂၅. ၀ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၉. ၁၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၀. ၀၈၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၉. ၅၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၆၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၅. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၈၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၅. ၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၆. ၇၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့နှင့်အတူ

## တာဝေးခရီးတွေမှာ စိတ်ဓာတ်ခိုင်မာသူတွေက အဓိကအောင်ပွဲဆင်လေ့ရှိကြ ငြိမ်းချမ်းရေးခရီးရှည်ကြီးမှာ အားလုံးအတွက် ဒီစိတ်ဓာတ်ဟာ ခွန်အားဖြစ်လာပါလိမ့်မယ်

### ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)ဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကျေးဇူးတင်စကား



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

**လေးစားအပ်ပါသော အလှည့်ကျသဘာပတိကြီးနှင့်တကွ သဘာပတိအဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်ကြီးများ၊ အကျိုးဆောင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များနဲ့ လေ့လာသူများရှင့်-**

အခုဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးရဲ့ သဘောတူညီချက်တွေကို ပြည်ထောင်စုသဘောတူစာချုပ် (Union Accord)ရဲ့ အစိတ်အပိုင်းအဖြစ် ညီလာခံတက်ရောက်လာကြတဲ့ အစုအဖွဲ့အသီးသီးရဲ့ ခေါင်းဆောင်တွေက လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်နှစ်ကျော်ကာလအတွင်း ဆွေးနွေးညှိနှိုင်းမှုတွေ ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ကြပြီးတဲ့နောက် နောက်ဆုံး ဒီညီလာခံကြီးမှာ သဘောတူညီချက်တွေ လက်မှတ်ရေးထိုးတဲ့အဆင့်ကို စတင်ရောက်ရှိခဲ့ပါပြီ။

ပထမဆုံးအနေနဲ့ ပြောချင်တာကတော့ **ဒီကနေ့ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ သဘောတူညီချက်တွေဟာ အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး လမ်းကြီးအပေါ် လျှောက်လှမ်းလိုက်တဲ့ အရေးကြီးတဲ့ ခြေလှမ်းကြီး** ဖြစ်ပါတယ်။ ဒီခြေလှမ်းလှမ်းနိုင်ဖို့ သဘောတူညီချက်တွေကို လွယ်လွယ်ကူကူရရှိခဲ့တာတော့ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ စိတ်ဓာတ်ကျစရာတွေ၊ စိတ်တက်ကြွစရာတွေ ကျော်ဖြတ်ပြီးမှ အခုလိုရရှိလာခဲ့တာဖြစ်ပါတယ်။

သဘောထားကွဲလွဲမှုတွေ၊ ရှုမြင်ချက်ကွာခြားမှုတွေ အမျိုးမျိုးရှိခဲ့ကြပေမယ့်လည်း ဘုံတူညီတဲ့သဘောထားအမြင်တွေ ဖြစ်လာအောင် ဆွေးနွေးငြင်းခုန် ညှိနှိုင်းနိုင်ခဲ့ကြတာဟာ အင်မတန်မှ အားတက်ဖွယ်ရာ ကောင်းလှပါတယ်။ တွေ့ဆုံဆွေးနွေးခြင်းမှတစ်ဆင့် အနာဂတ်မျိုးဆက်သစ်တွေအတွက် အရေးကြီးလှတဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်အခြေခံအုတ်မြစ် တည်ဆောက်တဲ့ လုပ်ငန်းစဉ်ကို စတင်နိုင်ခဲ့တာဖြစ်တဲ့အတွက်လည်း ဂုဏ်ယူဖွယ်ရာ ကောင်းလှပါတယ်။ တိုင်းရင်းသား ပြည်သူတွေ နှစ်ပေါင်းများစွာ မျှော်လင့်ခဲ့ရတဲ့ ငြိမ်းချမ်းရေးအိပ်မက်ဟာ ပထမဦးဆုံးအနေနဲ့ ကောက်ကြောင်းတွေ စတင်ရေးဆွဲနိုင်ခဲ့ပါပြီလို့ ပြောနိုင်ပါတယ်။

ဒုတိယအနေနဲ့ ပြောလိုတာကတော့ ကျွန်မတို့ဟာ **“မတူကွဲပြားမှုတွေကြားကနေ စည်းလုံးညီညွတ်မှု ဘယ်လိုရယူနိုင်မလဲဆိုတာကိုစပြီး သင်ယူနိုင်ခဲ့ကြပါတယ်”။** တာတိုခရီးတွေမှာ ခွန်အားကြီးသူတွေက သာလွန်တတ်ကြပေမယ့် တာဝေးခရီးတွေမှာ စိတ်ဓာတ်ခိုင်မာသူတွေက အဓိကအောင်ပွဲဆင်လေ့ ရှိကြပါတယ်။ ရှေ့ဆက်လျှောက်လှမ်းရဦးမယ့် ငြိမ်းချမ်းရေးခရီးရှည်ကြီးမှာ ကျွန်မတို့အားလုံးအတွက် ဒီစိတ်ဓာတ်ဟာ ခွန်အားဖြစ်လာပါလိမ့်မယ်။ ဒီညီလာခံကြီးမှ ကျွန်မတို့ရခဲ့တဲ့ အတွေ့အကြုံတွေက ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်မှာ ရှိနေကြတဲ့ သံသယစိတ်တွေကို ဖယ်ရှားပေးနိုင်မယ့် စုစည်းညီညွတ်မှုရရှိရေးဘက်ကို ပို့ဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ကျွန်မတို့အားလုံးမှာ အတိတ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေ ကိုယ်စီကိုယ်စီရှိကြပါတယ်။ ဒါပေမဲ့ ဒီကနေ့မှာတော့ ကျွန်မတို့အားလုံးဟာ ဒီဒဏ်ရာဒဏ်ချက်တွေကို နောင်လာမယ့် မျိုးဆက်သစ်တွေဆီ လက်ဆင့်ကမ်းလိုခြင်း မရှိတော့ဘဲ ကုစားနိုင်မယ့်နည်းလမ်းကို ရှာဖွေမှုစတင်ခဲ့ပါပြီ။ ကွဲလွဲမှုတွေအကြားက တူညီမှုတွေ ရှာဖွေနိုင်ဖို့ဆိုတာ အမှန်တကယ်မှာတော့ မလွယ်ကူလှပါဘူး။ ကျွန်မတို့နိုင်ငံလို လက်နက်ကိုင်ပဋိပက္ခတွေ နှစ်ပေါင်း(၇၀)နီးပါး ကြာရှည်ခဲ့ပြီဖြစ်တဲ့ နိုင်ငံမှာ ပိုမိုပြီးခက်ခဲနေခဲ့တယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။

ဒီကနေ့မှာတော့ မတူကွဲပြားမှုတွေအကြားမှာ ဘုံတူညီမှုတွေ ရှိနေတတ်တယ်ဆိုတာ သေချာသွားခဲ့ပြီဖြစ်သလို ဘုံတူညီမှုတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ညှိနှိုင်းဆွေးနွေးရှာဖွေနိုင်တယ်ဆိုတာကို လက်တွေ့ မှတ်ကျောက်တင်နိုင်ခဲ့ပါပြီ။ ပြည်တွင်းစစ်ရဲ့ ဒဏ်ရာဒဏ်ချက်တွေကို မှန်ကန်တဲ့စိတ်ဓာတ်နဲ့ ကုစားပေးနိုင်တယ်ဆိုတာ စိတ်ကူးယဉ်တာမဟုတ်ဘူးဆိုတာကို ဒီကနေ့ ညီလာခံကိုယ်စားလှယ်ကြီးတွေက လမ်းပြပေးနိုင်ခဲ့ပြီလို့ ဆိုနိုင်ပါတယ်။

တတိယအနေနဲ့ **“ငြိမ်းချမ်းရေးခရီးလမ်းမှာ ရှေ့ကိုမျှော် အနာဂတ်ကိုအာရုံပြုလို့ သွက်သွက်လက်လက် ဆက်လက်လျှောက်လှမ်းကြဖို့”** တိုက်တွန်းချင်ပါတယ်။ ပြည်ထောင်စုသဘောတူညီချက်ရဲ့အစိတ်အပိုင်းလို့ ဆိုရမယ့် သဘောတူညီချက်တွေကို ဒီကနေ့ လက်မှတ်ရေးထိုးနိုင်တဲ့ဖြစ်စဉ်ကို စဉ်းစားလိုက်ရင် အတွေးတွေ ဆက်ပြီးတော့ပေါ်လာပါတယ်။ ဒီပြည်တွင်းစစ်ကို ကျွန်မတို့စတင်ခဲ့ကြတာ မဟုတ်ပေမယ့်လည်း အဆုံးသတ်နိုင်အောင် ကြိုးစားနေကြတာ ဘယ်သူတွေအတွက်လဲ။ ပြည်တွင်းစစ်မှာ အတိဒုက္ခရောက်နေကြရတဲ့၊ ကိုယ်ရောစိတ်ပါ လုံခြုံအေးချမ်းစွာနေချင်တဲ့ ပြည်သူတွေအတွက်ပဲဖြစ်ပါတယ်။ ကျွန်မတို့ ပြည်သူပြည်သားများရဲ့ စိတ်ချမ်းသာမှုအတွက် ရှေ့ကိုဆက်ပြီး လျှောက်လှမ်းကြရဦးမှာ ဖြစ်ပါတယ်။ အာဃာတတွေ၊ နာကျည်းချက်တွေ၊ အနာတရတွေကိုပဲ အာရုံထားနေမယ်ဆိုရင် ခြေထောက်မှာသံလုံးဆွဲပြီး လမ်းလျှောက်တဲ့သူလို ဖြစ်နေမှာပါ။ ကျွန်မတို့ရဲ့ခြေလှမ်းတွေကို နှေးကွေးလေးလံယိုင်နဲ့စေမယ့် အဲဒီအာဃာတတရားတွေကို စွန့်ပစ်နိုင်မှသာ ကျွန်မတို့အနေနဲ့ သွက်သွက်လက်လက် အားမာန်အပြည့်နဲ့ ရှေ့ကိုလျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်။

ကျွန်မတို့ ဘယ်အထိလျှောက်ရဦးမလဲ မသိနိုင်သေးပါဘူး။ နေ့စဉ်နေ့တိုင်း စွန့်စားမှုတွေနဲ့ ရင်ဆိုင်နေရတဲ့ ကျွန်မတို့တွေ ငြိမ်းချမ်းရေးရရှိဖို့ ဘယ်လိုစွန့်စားမှုမျိုးကိုမဆို ကြောက်ပြီးနောက်တွန့်နေလို့ မဖြစ်ပါဘူး။ ကမ္ဘာကြီးက ကျွန်မတို့နိုင်ငံကို စောင့်နေမှာမဟုတ်ပါဘူး။ နိုင်ငံတကာတိုးတက်ပြောင်းလဲမှုတွေက ကျွန်မတို့ ပြည်ထောင်စုရဲ့ မျိုးဆက်သစ်တွေကို စောင့်ဆိုင်းငံ့ညှာနေမှာ မဟုတ်ပါဘူး။ ကျွန်မတို့ ဒီကနေ့စိုက်ပျိုးသမျှ နောင်လာနောက်သားတွေ အသီးအပွင့် ခံစားကြရမှာ ဖြစ်ပါတယ်။ သူတို့တွေရဲ့လက်ထဲမှာ ကျွန်မတို့နိုင်ငံကို ပြည်တွင်းစစ်နဲ့ပဲ ထားခဲ့မှာလား စဉ်းစားကြဖို့လိုပါတယ်။ ကျွန်မတို့လက်ထက် စွန့်လွှတ်မှု၊ စွန့်စားမှုတွေနဲ့ ချလိုက်တဲ့ အုတ်မြစ်ပေါ်မှာ နောင်လာမယ့် သား၊ သမီး၊ မြေး၊ မြစ်တွေက ခိုင်မာတင့်တယ်တဲ့ နိုင်ငံကြီးကို ဆက်လက်တည်ဆောက်၊ မွမ်းမံသွားကြနိုင်စေချင်ပါတယ်။ ဒီညီလာခံကြီးထဲကို မရောက်ရှိကြသေးတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေကိုလည်း ကျွန်မတို့နဲ့အတူတကွ လက်တွဲပူးပေါင်းပြီး သမိုင်းတွင်ကျန်ရစ်ခဲ့မယ့် လုပ်ငန်းကြီးမှာ ပါဝင်ကြဖို့ အလေးအနက်ထား ဖိတ်ခေါ်ပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုလုံးမှာ ကျွန်မတို့နဲ့အတူ ရပ်တည်ပေးခဲ့ကြတဲ့ ကျွန်မတို့ရဲ့ ပြည်သူပြည်သားများ ဘုံသဘောတူညီချက်တွေ ရရှိလာအောင် အပင်ပန်းခံပြီး ပါဝင်ပေးခဲ့ကြတဲ့ ငြိမ်းချမ်းရေးဆွေးနွေးဖက် အစုအဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များနှင့် ပံ့ပိုးကူညီခဲ့ကြသူအားလုံး၊ ကျွန်မတို့အပေါ် ယုံကြည်မှု၊ နားလည်မှုနဲ့ ထောက်ခံရပ်တည်ပေးခဲ့ကြတဲ့ မိတ်ဆွေများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

နိုင်ငံတည်ဆောက်ခြင်းဟာ အဆုံးမရှိတဲ့ လုပ်ငန်းစဉ်ပါ။ တစ်ဆင့်ပြီးမြောက်တာနဲ့ နောက်တစ်ဆင့်ကို စရပါတယ်။ ဒီပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ်အစည်းအဝေးကနေ ကျွန်မတို့ရဲ့ ငြိမ်းချမ်းရေးရှာပုံတော်လမ်းကြောင်းပေါ်မှာ နောက်တစ်လှမ်း လှမ်းခဲ့ပါပြီ။ ဒီအစည်းအဝေးပြီးဆုံးခြင်းက ငြိမ်းချမ်းတဲ့ ဖက်ဒရယ်ပြည်ထောင်စုဆီသို့ ဦးတည်တဲ့ နောက်ခြေတစ်လှမ်းရဲ့အစကို သတ်မှတ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

တိုင်းပြည်တစ်ပြည်ရဲ့ ငြိမ်းချမ်းတိုးတက်မှုကျောရိုးကတော့ ပြည်သူတွေရဲ့ တည်မြဲတဲ့ သန္နိဋ္ဌာန်ပဲဖြစ်ပါတယ်။ ကျွန်မတို့ပြည်ထောင်စုရဲ့ သားသမီးအပေါင်းကို မေတ္တာရပ်ခံချင်တာကတော့ ငြိမ်းချမ်းရေးကို လိုလားတမ်းတကြောင်း စိုးစဉ်းမျှ သံသယမရှိနိုင်ရလောက်အောင် ပြသကြပါစို့။ ငြိမ်းချမ်းရေးအတွက် နှလုံးသားများကို ခိုင်မာစွာအပ်နှံကြပါစို့။ ကျွန်မတို့တွေဟာ ပြည်တွင်းမှာသာမက နိုင်ငံနယ်နိမိတ်ပေါင်းများစွာ ကျော်ဖြတ်ပြီး ငြိမ်းချမ်းရေးရဲ့ မိတ်ဆွေတွေဖြစ်တယ်၊ ငြိမ်းချမ်းရေးအတွက် မိတ်ဆွေဖွဲ့မယ်ဆိုတာ ပြသကြပါစို့။ ကျွန်မတို့တွေဟာ ငြိမ်းချမ်းရေး ဖန်တီးရှင်တွေဖြစ်လာဖို့ သန္နိဋ္ဌာန်ချကြပါစို့လို့ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Bipin Rawat အား ယနေ့ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Dang Dinh Quy အား ညနေ ၃ နာရီ ၁၀ မိနစ်တွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

အိန္ဒိယသမ္မတနိုင်ငံ ကြည်းတပ်ဦးစီးချုပ်နှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းပို့သန်းပြေးဆွဲမှု တိုးမြှင့်ရေးကိစ္စရပ်များ အပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Dang Dinh Quy အား လက်ခံတွေ့ဆုံစဉ်။**

# ဥရောပအနေဖြင့် အမေရိကန်နှင့် ဗြိတိန်တို့အပေါ် ယုံကြည်အားထားနေ၍ မရနိုင်တော့ဟု မာကယ် ပြော

**မြူးနစ် မေ ၂၉**
ဂျာမန်အဓိပတိ အိန်ဂျလာမာကယ်က ဥရောပအနေဖြင့် ၎င်း၏မဟာမိတ်များဖြစ်သည့် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ကို မှီခိုအားထားနေ၍ မရနိုင်တော့ကြောင်း ပြီးခဲ့သည့် သီတင်းပတ်က ကျင်းပခဲ့သည့် ဂျီ ၇ နှင့် နေတိုးထိပ်သီး အစည်းအဝေးများအပြီးတွင် ပြောကြားလိုက်သည်။

"အခြားနိုင်ငံတွေအပေါ် လုံးလုံးလျားလျားမှီခိုအားထားရမယ့်အချိန်တွေ ကုန်ဆုံးသွားပါပြီ"ဟု မာကယ်က ဂျာမနီနိုင်ငံတောင်ပိုင်း မြူးနစ်မြို့တွင် တနင်္ဂနွေနေ့က ပြောကြားသည်။ ဥရောပအနေဖြင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးရတော့မည်ဖြစ်ကြောင်း မာကယ်က ဆက်လက်ပြောကြားသည်။

ကမ္ဘာကြီးပူနွေးလာမှုပြဿနာကို ဖြေရှင်းနိုင်ရန် ရည်ရွယ်သော နိုင်ငံတကာမူဘောင်တစ်ခုဖြစ်သည့် ပါရီရာသီဥတုသဘောတူစာချုပ်ကို ရှင်းရှင်းလင်းလင်း အတည်ပြုရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပျက်ကွက်ပြီးနောက် မာကယ်၏သဘောထားမှတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

လွတ်လပ်စွာကုန်သွယ်ရေးမူဝါဒများနှင့်ပတ်သက်၍လည်း ထရန့်နှင့်အခြားသော ခေါင်းဆောင်များကြား ကြီးကြီးမားမား သဘောထားကွဲလွဲခဲ့ကြသည်။

နေတိုးအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ကာကွယ်ရေးအတွက် လုံလောက်စွာသုံးစွဲခြင်းမရှိဟု ထရန့်က မကြာခဏ ပြစ်တင်ဝေဖန်ခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

■




# တာတိုပစ်ပဲ့ထိန်းဒုံးကျည်တစ်စင်းကို မြောက်ကိုရီးယားစမ်းသပ်ပစ်ခတ်

**ဆိုးလ် မေ ၂၉**
မြောက်ကိုရီးယားနိုင်ငံသည် မေ ၂၉ ရက်တွင် တာတိုပစ်ပဲ့ထိန်းဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်ခတ်ခဲ့ရာ ယင်းနိုင်ငံ၏အရှေ့ပိုင်း ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ရှိ ပင်လယ်ပြင်အတွင်းသို့ ကျရောက်ခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ ဖိအားပေးမှုများနှင့် ပိတ်ဆို့မှုများကိုအာခံ၍ မြောက်ကိုရီးယားက ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု ထပ်မံပြုလုပ်ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယနေ့ပစ်ခတ်ခဲ့သော ဒုံးကျည်မှာ စကတ်အမျိုးအစား ပဲ့ထိန်းဒုံးကျည်ဟု ယူဆရပြီး ကီလိုမီတာ ၄၅၀ (မိုင် ၂၈၀) အကွာအဝေးအထိ ပျံသန်းခဲ့ကြောင်း တောင်ကိုရီးယားတာဝန်ရှိသူများက ပြောကြားကြသည်။ မြောက်ကိုရီးယားနိုင်ငံသည် ဆိုဗီယက်ပြည်ထောင်စုခေတ်က ထုတ်လုပ်ခဲ့သည့် တာတိုပစ်ဒုံးကျည် အမြောက်အမြားကို ပိုင်ဆိုင်ကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ဆက်လက်ပြောကြားကြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်များအတွင်း မြောက်ကိုရီးယားနိုင်ငံက တာလတ်နှင့်တာဝေးပစ် ဒုံးကျည်စမ်းသပ်ပစ်ခတ်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ရာတွင် အောင်မြင်မှုရရှိခဲ့ပြီးနောက်တွင် တာတိုပစ်ဒုံးကျည်တစ်စင်းကို မေ ၂၉ ရက်တွင် ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံသည် တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည် (အိုင်စီဘီအမ်)နည်းပညာပိုင်ဆိုင်နိုင်အောင် ကြိုးပမ်းနေကြောင်း၊ ယင်းဒုံးကျည်ကို ပိုင်ဆိုင်ပါက အမေရိကန်အထိ ရောက်ရှိအောင် ပစ်ခတ်နိုင်စွမ်းရှိမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံက နိုင်ငံတကာဖိအားများကို ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများဖြင့် အာခံနေပုံရပြီး တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားအပေါ်ထားရှိသည့် မူဝါဒပြောင်းလဲလာစေရေးအတွက် ဖိအားပေးခြင်းလည်းဖြစ်နိုင်ကြောင်း တောင်ကိုရီးယားပူးတွဲ စစ်ဦးစီးချုပ်များအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရိုဂျေးချွန်က ပြောကြားသည်။ **ရိုက်တာ။**




# အီရန်၏ ရေနံမြေဖွံ့ဖြိုးရေးစီမံကိန်းများအတွက် တင်ဒါခေါ်ရန် နိုင်ငံတကာရေနံကုမ္ပဏီများကို ဖိတ်ခေါ်

**တီဟီရန် မေ ၂၉**
အီရန်နိုင်ငံအနောက်တောင်ပိုင်းရှိ အရေးပါသော ရေနံမြေများဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဆောင်ရွက်မည့် နိုင်ငံတကာကုမ္ပဏီများကို ရွေးချယ်နိုင်ရန် တင်ဒါခေါ်ယူသွားမည်ဖြစ်ကြောင်း အမျိုးသားရေနံလုပ်ငန်းကုမ္ပဏီက မေ ၂၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။

အီရန်နိုင်ငံ အနောက်တောင်ပိုင်း ကူဇက်စတန်ပြည်နယ်ရှိ အဇာဒီဂျန်ရေနံမြေဖွံ့ဖြိုးရေး စီမံကိန်းအတွက်ဆောင်ရွက်မည့် နိုင်ငံတကာကုမ္ပဏီကို ရွေးချယ်နိုင်ရန် ဇွန် ၂ ရက်ထက်နောက်မကျဘဲ တင်ဒါခေါ်ယူသွားရန် စီစဉ်ထားကြောင်း အမျိုးသားရေနံလုပ်ငန်းကုမ္ပဏီ၏ ဦးဆောင်ညွှန်ကြားရေးမှူး အလီခါဒါက ပြောကြားသည်။

အဆိုပြုလွှာများတင်သွင်းနိုင်ရေးအတွက် နိုင်ငံတကာကုမ္ပဏီ ၂၉ ခုကို ဖိတ်ခေါ်စာများ ပေးပို့ထားကြောင်း၊ ရှဲလ်၊ တိုတယ်လ်၊ စီအင်န်ပီစီ၊ ဆီနိုပ့်၊ လုခ်အွိုင်း၊ ပါတာမီးနားနှင့် အိုအမ်ဗွီကုမ္ပဏီများ အပါအဝင်နိုင်ငံတကာကုမ္ပဏီများကို ဖိတ်ခေါ်ထားကြောင်း ၎င်းက ပြောကြားသည်။

အဇာဒီဂျန်ရေနံမြေ၌ ရေနံစည်ပေါင်း ၃၃ ဒသမ ၂ ဘီလီယံခန့်အထိ ထုတ်ယူနိုင်မည့် ရေနံသိုက်တည်ရှိကြောင်း၊ ၁၉၉၉ ခုနှစ်တွင် ရှာဖွေတွေ့ရှိခဲ့ရသော ရေနံသိုက်များအနက် အကြီးဆုံးရေနံသိုက်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**

# ခရီးသည်တင်လေယာဉ်သစ် ရုရှားစမ်းသပ်ပျံသန်းမှုအောင်မြင် လေယာဉ်ထုတ်လုပ်မှုအရ အနောက်အုပ်စုနှင့်ယှဉ်ပြိုင်မည်

**မော်စကို မေ ၂၉**
ရုရှားနိုင်ငံသည် လေယာဉ်အမျိုးအစားသစ်အဖြစ် ထုတ်လုပ်ထားသော အမ်အက်စ်-၂၁ ခရီးသည်တင်လေယာဉ်၏ ပထမဆုံးအကြိမ် လေကြောင်းခရီးစဉ်စမ်းသပ်ပျံသန်းမှုကို မေ ၂၈ ရက်က အောင်မြင်စွာပြုလုပ်ခဲ့ကြောင်း၊ ဆိုဗီယက်ခေတ်လွန်ကာလတွင် ကုန်သွယ်လေကြောင်းလေယာဉ်များကို ပထမဆုံးအကြိမ် ပြန်လည်ထုတ်လုပ်လျက်ရှိသော ရုရှားနိုင်ငံသည် လေယာဉ်ထုတ်လုပ်မှုအရ အနောက်အုပ်စုနိုင်ငံများနှင့် ယှဉ်ပြိုင်လာမည်ဟု မျှော်လင့်ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ကီလိုမီတာ ၆၀၀၀ အကွာအဝေးအထိ တာလတ်ပျံသန်းနိုင်သည့် အမ်အက်စ်-၂၁-၃၀၀ အမျိုးအစားလေယာဉ်သည် တစ်နာရီလျှင် ကီလိုမီတာ ၃၀၀ အမြန်နှုန်းဖြင့် မီတာ ၁၀၀၀ အမြင့်မှ မိနစ် ၃၀ ကြာမျှ ခရီးစဉ်ပျံသန်းမှုကို အောင်မြင်စွာပြုလုပ်ခဲ့ကြောင်း အာကွတ်ကော်ပိုရေးရှင်းအမည်ရှိ လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းနှင့် ယင်းကုမ္ပဏီ၏မိခင်ကုမ္ပဏီဖြစ်သော ယူနိုက်တက်အဲခရက်(ဖ်)ကော်ပိုရေးရှင်းတို့က ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ယူကရိန်းပဋိပက္ခကိုအကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများ၏ စီးပွားရေးပိတ်ဆို့မှုနှင့် ရင်ဆိုင်နေရသော ရုရှားနိုင်ငံသည် ပြည်ပကုမ္ပဏီများအပေါ် မှီခိုအားထားနေရမှုကို လျှော့ချနိုင်ရေးအတွက် ပြည်တွင်း၌ စက်မှုလုပ်ငန်းဆိုင်ရာ ထုတ်လုပ်မှုကို ပြန်လည်အားသစ်လောင်းရန်ကြိုးပမ်းနေသည်ဟု သတင်းတွင်ဖော်ပြသည်။

ရုရှားနိုင်ငံသည် လေယာဉ်ထုတ်လုပ်မှုအရ ကမ္ဘာ့ဦးဆောင် လေယာဉ်ထုတ်လုပ်ရေးလုပ်ငန်းများဖြစ်ကြသော အမေရိကန်ဘိုးရင်းကုမ္ပဏီနှင့် ဥရောပအဲဘတ်စ်အုပ်စုတို့ကို ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းသွားဖွယ်ရှိသည်။

ခရီးသည်တင်လေယာဉ်အမျိုးအစားသစ်ကို အောင်မြင်စွာ ခရီးစဉ်ပျံသန်းနိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမှုဖြစ်ရကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က အာကွတ်ကော်ပိုရေးရှင်း၏ညွှန်ကြားရေးမှူး အိုလက်ဒမ်ချင်ကိုထံ တယ်လီဖုန်းဆက်ကာ ပြောကြားခဲ့သည်။

မိမိတို့ကုမ္ပဏီသည် ယခုအချိန်အထိ လေယာဉ် ၁၇၅ စင်း ထုတ်လုပ်ပေးရန် ကုန်ဝယ်အမှာစာများရရှိထားကြောင်း၊ လေယာဉ်ထုတ်လုပ်မှုကို နှစ်နှစ်အတွင်း စတင်နိုင်မည်ဟု မျှော်လင့်ရကြောင်း အာကွတ်ကော်ပိုရေးရှင်း အကြီးအကဲက ပြောကြားသည်။ **ရိုက်တာ။**

# သီရိလင်္ကာတွင် မိုးသည်းထန်စွာရွာသွန်း မြေပြိုမှုနှင့် ရေကြီးမှုများကြောင့် လူ ၁၆၀ ကျော်သေဆုံး

**ကိုလံဘို မေ ၂၉**
သီရိလင်္ကာတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများနှင့် ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၁၆၉ ဦးအထိ ရှိလာပြီဖြစ်သည်။

စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ပျောက်ဆုံးနေသော လူ ၁၀၂ ဦးကို ရှာဖွေလျက်ရှိကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

လွန်ခဲ့သည့် သီတင်းပတ်ကတည်းက မိုးသည်းထန်စွာ ရွာသွန်းနေခဲ့သည့်အတွက် သီရိလင်္ကာနိုင်ငံတစ်ဝန်းတွင် မြေပြိုမှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိသည်။ အဆိုပါ သဘာဝဘေးအန္တရာယ်ကို လူပေါင်း ၅၀၀၀၀၀ ခန့် ခံစားရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ စစ်ဘက်ရဟတ်ယာဉ်များက ဒုက္ခရောက်နေသူများကို အစားအစာနှင့် ဆေးဝါးများ ပို့ဆောင်ပေးလျက်ရှိသည်။ သေဆုံးမှုအများစုမှာ ရေကြီးမှုကြောင့်မဟုတ်ဘဲ မြေပြိုမှုကြောင့်ဖြစ်သည်။ တောင်စောင်းနေရာက အိမ်များမြေပြို၍ ပိကျပျက်စီးရာမှ သေဆုံးမှုများပြီး ပျက်စီးသည့် အိမ်ခြေပေါင်း ၂၀၀၀ နီးပါးရှိနေသည်။



ယခု မိုးရွာသွန်းမှုမှာ ၂၀၀၃ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးဖြစ်ပြီး ထိုစဉ်က လူ ၂၅၀ ခန့်သေဆုံးခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ လာမည့်ရက်များအတွင် မိုးရွာသွန်းမှုနှင့် လေတိုက်မှုများရှိလာနိုင်သည့်အတွက် မြစ်ကမ်းဘေးတစ်လျှောက် နေထိုင်သူများအနေဖြင့် ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းကြရန် အကြံပြုသတိပေးထားသည်။

**အင်န်အိတ်ချ်ကေ။**

■■

# မီးသုံးသူများနှင့်ပတ်သက်၍ မီးလင်းရေးကော်မတီက ထောက်ခံချက်ပေးပို့လာပါက ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် မေ ၂၉

**ပြည်တွင်း၌ထုတ်လုပ်နေသော ယူရီးယားဓာတ်မြေဩဇာများ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန် စနစ်တကျ ထုပ်ပိုးပြီး တောင်သူများလက်ဝယ်သို့ သင့်တင့်မျှတသော ဈေးနှုန်းဖြင့် အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုကို မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက တင်သွင်းခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းရှိ ဓာတ်မြေဩဇာထုတ်စက်ရုံများသည် လုံလောက်စွာထုတ်ပေးနိုင်ခြင်းမရှိသည့်အတွက် အိမ်နီးချင်းပြည်ပနိုင်ငံများမှ မှာယူတင်သွင်းနေပါကြောင်း၊ ပြည်ပမှ တင်သွင်းနေရသည့်အတွက် တောင်သူများ ဈေးနှုန်းကြီးမြင့်စွာ ဝယ်ယူသုံးစွဲနေရကြောင်း၊ ပြည်တွင်းစက်ရုံများမှ ထုတ်လုပ်သည့် ယူရီးယားဓာတ်မြေဩဇာ ၅၀ ကီလိုဂရမ် တစ်အိတ်၏တန်ဖိုးသည် စက်ရုံထုတ်ဈေး ၁၄၄၀၀ ကျပ်ရှိပါကြောင်း၊ အမှန်တကယ် တောင်သူများဝယ်ယူရသည့် ဈေးမှာ ကျပ် ၁၆၅၀၀ မှ ၁၇၀၀၀ ဝန်းကျင်ခန့်ရှိပါကြောင်း၊ ပြည်တွင်းမှထုတ်လုပ်သည့်ဓာတ်မြေဩဇာများသည် အမှန်တကယ် စိုက်ပျိုးရေးလုပ်ကိုင်သောတောင်သူများလက်ဝယ်သို့ အဆင်ပြေချောမွေ့စွာမရောက်ရှိကြောင်း လွှတ်တော်သို့ ဆွေးနွေးတင်ပြခဲ့သည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းကြရန် လွှတ်တော်က အသိပေးကြေညာထားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညဏ်ဟိန်း၏ **နိုင်ငံအနှံ့ဖြစ်ပွားနေသော လျှပ်စစ်မီးလင်းရေးကော်မတီ၊ လျှပ်စစ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီများ၏ ပြဿနာကို ပိုမိုကောင်းမွန်ပြည့်စုံသည့်မူဘောင်စနစ်များချမှတ်၍ ဖြေရှင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကျေးရွာမီးလင်းရေးကော်မတီများအား မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် ဒေသအာဏာပိုင်များမှ ကြီးမှူးဖွဲ့စည်းပေးထားခြင်းဖြစ်ပါကြောင်း၊ မီးလင်းရေးကုန်ကျစရိတ်အတွက် ထည့်ဝင်ငွေ




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ကောက်ခံကြပါကြောင်း၊ ငွေကြေးစုဆောင်းခြင်း ကိစ္စရပ်များအား သက်ဆိုင်ရာ မီးလင်းရေးကော်မတီများနှင့် ကျေးရွာများ၏ ညှိနှိုင်းချက်များအရသာ ဆောင်ရွက်ရပါကြောင်း၊ ဌာနအနေဖြင့် လုပ်ငန်းခွင့်ပြုပေးခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာကြီးကြပ်ခြင်း၊ ထိန်းကျောင်းခြင်းကိုသာ ဆောင်ရွက်ခွင့်ရှိပါကြောင်း။

ရန်ပုံငွေထည့်ဝင်ကြေးပေးလိုခြင်းမရှိဘဲ ဓာတ်အားရယူလိုခြင်းအပေါ် ရန်ပုံငွေထည့်ဝင်ခဲ့ကြသော ကျေးရွာသူ၊ ကျေးရွာသားများမှ လက်ခံသဘောတူခြင်း ရှိ၊ မရှိကို စဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ ကျေးရွာမီးလင်းရေးကော်မတီနှင့် ကျေးရွာနေပြည်သူများကသာ အများဆန္ဒဖြင့် ညှိနှိုင်းဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုယ့်အားကိုယ်ကိုးမီးလင်းပြီးကျေးရွာများ၏ ထပ်မံလျှောက်ထားလာသော မီးသုံးသူများနှင့်ပတ်သက်၍ သက်ဆိုင်ရာကျေးရွာ မီးလင်းရေးကော်မတီက ထောက်ခံချက်ပေးပို့လာပါက ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ဌာန၏မီတာခနှုန်းထား ၃၅ ကျပ်အား ကျေးရွာသို့ မတန်တဆဈေးတင်ဖြန့်ဖြူးမှု အခြေအနေကိုခွင့်ပြုထားခြင်းမရှိပါကြောင်း၊ သက်သေအထောက်အထား အခိုင်အမာဖြင့် ဆက်သွယ်သတင်းပေးလာပါက စိစစ်ပြီး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လျှပ်စစ်မီးလင်းရေးကော်မတီမှ လျှပ်စစ်ထိန်းသိမ်းစောင့်ရှောက်ရေး ကော်မတီများ၏ ပြဿနာကို ပိုမိုကောင်းမွန်ပြည့်စုံသည့် မူဘောင်စနစ်ချမှတ်၍ ဖြေရှင်းပေးရန် အစီအစဉ်နှင့်ပတ်သက်၍ ဝန်ကြီးဌာနက လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသဆိုင်ရာအာဏာပိုင်တို့ကလည်း အုပ်ချုပ်ရေးနည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးမည်ဆိုပါက ပိုမိုသင့်တော်ပါကြောင်း ဖြေကြားသည်။

ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ **မြန်မာအမျိုးသားလေကြောင်းနှင့် ပုဂ္ဂလိက လေကြောင်းခရီးစဉ်တွင် လေကြောင်းဖြင့် လိုက်ပါမည့်ခရီးသည်ရပိုင်ခွင့်ထက် ပိုသောပစ္စည်း တင်ခကို လေယာဉ်ပျံသန်းချိန်၊ အကွာအဝေးနှင့် မိနစ်သတ်မှတ်နှုန်းထားဖြင့် ပြင်ဆင်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြန်မာအမျိုးသားလေကြောင်းသည် ခရီးသည်တစ်ဦးလျှင် လက်ဆွဲ 7 Kg နှင့် အပ်နှံပစ္စည်း Kg 20 အား သယ်ဆောင်ခွင့်ပြုထားပါကြောင်း၊ ၎င်းသတ်မှတ်ချက်ထက်ကျော်လွန်သော ကုန်ပစ္စည်းများအား လေယာဉ်၏ တင်ဆောင်နိုင်သည့် အလေးချိန်နှင့် နေရာရရှိမှုအပေါ် မူတည်၍ ထပ်မံတင်ဆောင်နိုင်ပါကြောင်း၊ မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ကုန်စည်တင်ဆောင်ခ တစ်ကီလိုလျှင် ကျပ် ၃၆၀ နှင့် ပေါင်ပိုတင်ဆောင်ခ တစ်ကီလို ကျပ် ၂၀၀၀ ပုံသေသတ်မှတ်ကောက်ခံလျက်ရှိပါကြောင်း။

ပုဂ္ဂလိကပိုင်လေကြောင်းလိုင်းများအနေဖြင့် ပေါင်ပိုတင်ဆောင်ခနှင့်ပတ်သက်၍ ခရီးစဉ်ပျံသန်းချိန်အပေါ်မူတည်၍ ပျံသန်းချိန် (၁)နာရီအောက် ခရီးစဉ်အတွက် ပေါင်ပိုတင်ဆောင်ခ တစ်ကီလို ကျပ် ၁၀၀၀၊ ပျံသန်းချိန် (၁)နာရီမှ (၂)နာရီအတွင်း ခရီးစဉ်အတွက် ပေါင်ပိုတင်ဆောင်ခ တစ်ကီလိုလျှင် ၂၀၀၀ ကျပ်နှင့် ပျံသန်းချိန် (၂)နာရီနှင့်အထက် ခရီးစဉ်အတွက် ပေါင်ပိုတင်ဆောင်ခ တစ်ကီလို ၃၀၀၀ ကျပ် သတ်မှတ်ကောက်ခံလျက်ရှိပါကြောင်း၊ လေကြောင်းခရီးစဉ်တွင် လေကြောင်းလိုင်းဖြင့် လိုက်ပါမည့် ခရီးသည်ရပိုင်ခွင့်ထက်ပိုသော ပစ္စည်းတင်ခကို လေယာဉ်ပျံသန်းချိန် အကွာအဝေးနှင့် မိနစ်သတ်မှတ်နှုန်းထားဖြင့် ပြင်ဆင်ပေးနိုင်ရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ **မြန်မာနိုင်ငံအတွင်း ပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းကားများအား ကားမထွက်မီ ကြံ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေးရန်မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ယာဉ်၏အစိတ်အပိုင်းများ ကောင်းမွန်စွာအလုပ်လုပ်သုံးစွဲနိုင်မှု၊ ယာဉ်၏ ကိုယ်ထည်ကြံ့ခိုင်မှု၊ တာယာများစံချိန်စံညွှန်းနှင့်အညီကောင်းမွန်ကြံ့ခိုင်မှု၊ သတ်မှတ်လူစီးထိုင်ခုံအရေအတွက်ထက် ပိုမိုတပ်ဆင်ထားမှု၊ ခရီးသည်အရေအတွက်နှင့် ကုန်ပစ္စည်းတင်ဆောင်မှုသတ်မှတ်ချက်များနှင့်ကိုက်ညီမှု၊ သတ်မှတ်ထားသည့်အတိုင်း မီးသတ်ဆေးဘူးများ တပ်ဆင်ထားမှု၊ အရေးပေါ်ထွက်ပေါက်နှင့်အသုံးပြုနိုင်မှု၊ လေကာမှန်၊ ရေသုတ်တံများကောင်းမွန်မှု၊ သတ်မှတ်ရောင်ပြန်ပြားများတပ်ဆင်ထားမှု၊ ယာဉ်ရပ်နားစဉ်တွင် အသုံးပြုသည့် တြိဂံရောင်ပြန်ပါမှု၊ အရေးပေါ်အချိန်တွင် မှန်ခွဲသည့်တူများအား ခရီးသည်များ အလွယ်တကူအသုံးပြုနိုင်သောနေရာတွင် တပ်ဆင်ထားမှု၊ ရှေ့လေကာမှန်နှင့် ဘေးပြတင်းမှန်များ ကောင်းမွန်ပြည့်စုံမှု၊ နောက်မြင်ကွင်းအား လွယ်ကူရှင်းလင်းစွာ တွေ့မြင်နိုင်မှု၊ မူလစက်ရုံထုတ်ထိုင်ခုံခါးပတ်များအား ကောင်းမွန်စွာအသုံးပြုနိုင်မှု ရှိ/ မရှိ အခြေအနေများကို အလေးထားစစ်ဆေးကြပ်မတ်လျက်ရှိပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

# ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အား ကာလရှည်၊ ကာလတိုစီမံကိန်းများသတ်မှတ်၍ ဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၂၉**

ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အား ကာလရှည်နှင့် ကာလတိုစီမံကိန်းများ သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

ယနေ့ ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး၏ **မြန်မာနိုင်ငံတွင် ကလေးလုပ်သားများ လုပ်ငန်းခွင်မှတစ်ဆင့် သက်မွေးမှုသင်တန်းကျောင်းများတွင် ပညာသင်ကြားနိုင်ရေးနှင့် ကလေးလုပ်သားလျှော့ချနိုင်ရေး အစီအစဉ်တို့ကို အစိုးရမှ မူဝါဒရေးဆွဲပြီး ထိရောက်သောစီမံချက်များ၊ ဥပဒေများရေးဆွဲ၍ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အထက်ပါအတိုင်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် ညှိနှိုင်းဆွေးနွေးပွဲကို မိမိတို့ဝန်ကြီးဌာနက ကျင်းပခဲ့ပြီး ရရှိလာသည့်ရလဒ်များဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်အား ကာလရှည်စီမံကိန်းအဖြစ် ၂၀၁၈ ခုနှစ်မှ ၂၀၃၃ ခုနှစ်အထိ (၁၅)နှစ် သတ်မှတ်၍လည်းကောင်း၊ ကာလတိုစီမံကိန်းအဖြစ် ပထမ (၅)နှစ်(၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ)၊ ဒုတိယ (၅)နှစ် (၂၀၂၄ ခုနှစ်မှ ၂၀၂၈ ခုနှစ်ထိ) တတိယ (၅)နှစ် (၂၀၂၈ ခုနှစ်မှ ၂၀၃၃ ခုနှစ်ထိ) သတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း၊ မန္တလေး၊ မြောက်ဒဂုံ) တို့တွင် သက်မွေးပညာနှင့်ပတ်သက်၍ အခြေခံဂဟေဆက်သင်တန်း၊ အခြေခံလျှပ်စစ်သင်တန်း၊ အဲကွန်းပြုပြင်တပ်ဆင်သူသင်တန်း၊ ဆောက်လုပ်ရေးသင်တန်းများကို ပို့ချပေးလျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကလေးလူငယ်များအား အခြေခံပညာရရှိစေရေးအတွက် အခမဲ့(မသင်မနေရ) အလယ်တန်းပညာရေးအစီအစဉ်၊ ဘဝရပ်တည်ရေးအတွက် အလုပ်လုပ်ကြရသော (သို့မဟုတ်) လမ်းပေါ်ရောက်နေကြသော ကလေးများနှင့် လူငယ်များသင်ယူနိုင်ရန် သင်ယူမှုပတ်ဝန်းကျင်အမျိုးမျိုးနှင့် သင်ယူမှုအခွင့်အလမ်းအမျိုးမျိုးကို ဖန်တီးပေးခြင်း၊ ကျောင်းပြင်ပရောက်လူငယ်များ စဉ်ဆက်မပြတ်သင်ယူနိုင်ရန်နှင့် လုပ်ငန်းခွင်ဝင်ရောက်ရာတွင် အထောက်အကူပြုစေရန် လူငယ်ပညာရေးအသိအမှတ်ပြုအောင်လက်မှတ်အစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ကလေးအလုပ်သမားလျှော့နည်းပပျောက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရအဖွဲ့များ၊ ILO, UNICEF, INGO, NGO, CSOs အဖွဲ့အစည်းများနှင့်ချိတ်ဆက်၍ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း၏ **နိုင်ငံခြားသားလက်မှတ် ကိုင်ဆောင်ထားသူသားသမီးတချို့တို့မှ မြန်မာနိုင်ငံသားမိဘ တစ်ဦးဦး၏ နိုင်ငံ၌ အခြေချနေထိုင်လိုကြ၍ မြန်မာနိုင်ငံသားအဖြစ် ခံယူရန် ဗဟိုအဖွဲ့သို့ လျှောက်ထားလာပါက မိမိတို့၏ လက်ရှိကိုင်ဆောင်ထားသော နိုင်ငံခြားသားလက်မှတ်ကို ဦးစွာ စွန့်လွှတ်ထားရန် လို/မလို (သို့မဟုတ်) နိုင်ငံသားပြုခွင့် လက်မှတ်ကျပြီးနောက်မှ နိုင်ငံခြားသားလက်မှတ်ကို စွန့်လွှတ်နိုင်ခွင့် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံခြားသားလက်မှတ်ကိုင်ဆောင်ထားသူအနေဖြင့် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ခွင့်ရသူအဖြစ် ဗဟိုအဖွဲ့သို့ လျှောက်ထားမည်ဆိုပါက လက်ရှိကိုင်ဆောင်ထားသည့် နိုင်ငံခြားသားလက်မှတ်အား ဦးစွာစွန့်လွှတ်ရန် မလိုအပ်ပါကြောင်း၊ နိုင်ငံသားဖြစ်ခွင့်ရသူအဖြစ် ဗဟိုအဖွဲ့မှ သတ်မှတ်ပြီးသည့် အချိန်မှသာ နိုင်ငံခြားသားအဖြစ်ကို စွန့်လွှတ်ကြောင်း၊ နိုင်ငံတော်၏သစ္စာကိုခံယူကြောင်း မြန်မာနိုင်ငံသားဥပဒေပုဒ်မ-၄၆(ခ) နှင့်အညီ ကတိသစ္စာပြုပြီးမှသာ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို ဖျက်သိမ်းရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးတို့၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာမေးခွန်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားဆိုင်ရာ မေးခွန်းတို့နှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်သန်းထွဋ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးမှ အတည်ပြုထားသော သဘောတူညီချက် ၃၇ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုး

နေပြည်တော်   မေ   ၂၉

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးမှ အတည်ပြုထားသော သဘောတူညီချက် ၃၇ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးကြသည်။**

**သဘောတူညီချက် ၃၇ ချက်၊ အစုအဖွဲ့ခေါင်းဆောင်များ၏ လက်မှတ်များ၊ အသိသက်သေများ၏ လက်မှတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**

## ပြည်ထောင်စုသဘောတူစာချုပ်
## အစိတ်အပိုင်း(၁)

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ၊ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးအား နေပြည်တော်၌ ၂၀၁၇ ခုနှစ် မေလ ၂၄ ရက်မှ ၂၉ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)က အဆိုပြုတင်သွင်းလာသော မူဝါဒအဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြုလုပ်ပြီး ရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှုရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် သဘောတူလက်မှတ်ရေးထိုးသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) နှင့် ဆက်လက်ဆွေးနွေးပြီး အဆင့်ဆင့်ရရှိလာမည့် သဘောတူညီချက် အစိတ်အပိုင်းအားလုံးကို စုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် လက်မှတ်ရေးထိုးကြမည်ဖြစ်သည်။

၄။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)မှာ-
(က) နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၂) ချက်၊
(ခ) စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၁) ချက်၊
(ဂ) လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၄) ချက်၊
(ဃ) မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက် (၁၀) ချက် စုစုပေါင်း ၃၇ ချက်ဖြစ်ပြီး နောက်ဆက်တွဲ-(က)(ခ)(ဂ)(ဃ)ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါ သဘောတူညီချက်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အပိုဒ် ၂၀(င) အရ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁) အဖြစ် ဤပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

၁။ ဒေါက်တာတင်မျိုးဝင်း
အစိုးရအစုအဖွဲ့ကိုယ်စားလှယ်

၂။ ဦးထွန်းထွန်းဟိန်
လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်

၃။ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း
တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်

၄။ ပဒိုစောကွယ်ထူးဝင်း
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့ကိုယ်စားလှယ်

၅။ ဦးသုဝေ
နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်

### အသိသက်သေများ

(ဦးထိုက်ဆုအောင်)
တိုင်းရင်းသားကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(ဦးကျော်ဝင်း)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(သိက္ခာတော်ရဆရာတော်ဗလွန်းကျဲထို)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ခွန်သန်းမြင့်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဦးထွန်းအောင်ကျော်)
တိုင်းရင်းသားကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

(မိုင်းထွန်းမြင့်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

**နောက်ဆက်တွဲ(က)**

## နိုင်ငံရေးကဏ္ဍမူဝါဒ သဘောတူညီချက်
## (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

**ဖက်ဒရယ်စနစ်တွင် အခြေခံရမည့်မူများ**

၁။ **အချုပ်အခြာအာဏာ။** နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး၌ တည်သည်။

၂။ **အချုပ်အခြာအာဏာကျင့်သုံးမှု။** နိုင်ငံတော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင် (၃) ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားကျင့်သုံးခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုရမည်။

၃။ **တန်းတူရေး။** တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ တန်းတူရည်တူ အခွင့်အရေး ရှိရမည့်အပြင် ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ် မြှင့်တင်ခွင့်ရှိရမည်။

၄။ **ဖက်ဒရယ်ပြည်ထောင်စုမူ (ဖွဲ့စည်းမှုနှင့်အာဏာခွဲဝေမှု)**
(က) နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်။
(ခ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကို တိုင်းဒေသကြီး/ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။
**မှတ်ချက်။** တိုင်းဒေသကြီး/ပြည်နယ်များသည် အခွင့်အာဏာတန်းတူရှိရမည်။
အမည်နာမသတ်မှတ်ချက်နှင့်ပတ်သက်၍ နောင်တွင် ဆက်လက်ဆွေးနွေးမည်။
(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို တိုင်းရင်းသားလူမျိုးများ၏ အမည်ဖြင့် ဖွဲ့စည်းရမည်။
(ဃ) နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ(၃)ဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာ (၃)ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများသို့ ခွဲဝေအပ်နှင်းမည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများအကြား ဥပဒေပြုရေးဆိုင်ရာ အာဏာများနှင့် ပူးတွဲအာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းပေးရမည်။
(င) တိုင်းဒေသကြီး/ ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတည်းဟူသော အာဏာ (၃) ရပ်စလုံးကို အပ်နှင်းစေရမည်။ ဥပဒေပြုရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေက အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ လွတ်လပ်စွာ ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်ချုပ်တို့ကို ထူထောင်ခွင့်ရှိစေရမည်။
(စ) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် ကောက်ခံရရှိထားသော အခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အရင်းအမြစ်များကို ဥပဒေနှင့်အညီ မျှဝေခံစားခွင့် ရှိစေရမည်။
(ဆ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အချင်းချင်းအကြားတွင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရန်အတွက် သီးခြားလွတ်လပ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို တည်ထောင်ထားရှိရမည်။

၅။ **ပါတီစုံဒီမိုကရေစီစနစ်**
(က) ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။
(ခ) လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

**နောက်ဆက်တွဲ(ခ)**

## စီးပွားရေးကဏ္ဍမူဝါဒ သဘောတူညီချက်
## (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

**ဖက်ဒရယ်စနစ်စီးပွားရေးဆိုင်ရာအခြေခံမူများ**

၁။ **ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာဖော်ဆောင်ရေး**
(က) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများက ခိုင်မာသည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းရန်။
**မှတ်ချက်။** ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ ဦးစီးအဖွဲ့များက မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းနိုင်သည့် ဥပဒေများ ပေါ်ပေါက်လာပါက ဆောင်ရွက်ရန်ဖြစ်သည်။
(ခ) အဆိုပါမူဝါဒနှင့် ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ရာတွင် လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှုစီးပွားဖွံ့ဖြိုးမှု ကွာဟချက်များ လျှော့ချနိုင်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး(Sustainable Development)တို့ကို ဦးတည်ဆောင်ရွက်ရန်။
(ဂ) ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် စီးပွားရေးလုပ်ဆောင်မှုများကို ဥပဒေနှင့်အညီ တားဆီး ကာကွယ်ရန်။

၂။ လူတစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့တစ်ခုကဖြစ်စေ စီးပွားရေးလက်ဝါးကြီးအုပ်ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။

**စာမျက်နှာ ၇ သို့ ✻**

✻ စာမျက်နှာ ၆ မှ

၃။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသအသီးသီးတို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တန်းတူညီမျှသော အခွင့်အလမ်းများရရှိရေးထိရောက်စွာ ဆောင်ရွက်ရန်။
၄။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား ဘဏ္ဍာငွေနှင့်အခွန်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။
၅။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့များအကြား စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။
၆။ နိုင်ငံတော်၏ ကာလတို၊ ကာလလတ်၊ ကာလရှည် စီးပွားရေးစီမံကိန်းများကို ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ချမှတ်ဆောင်ရွက်ရန်။

**ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ**

၁။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများအကြား ညှိနှိုင်းပူးပေါင်း၍ ဒေသဆိုင်ရာဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းများ(Regional Comprehensive Development Plans)ရေးဆွဲ အကောင်အထည်ဖော်ရန်။

**မှတ်ချက်။** ပြည်ထောင်စုအစိုးရက ချမှတ်သော မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့် သော်လည်းကောင်း မဆန့်ကျင်စေဘဲ ဆောင်ရွက်ရန်။

၂။ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မြှင့်တင်ရေးအတွက် ဥပဒေများနှင့်အညီ ဆီလျော်သင့်မြတ်သည့် ဆွဲဆောင်မှုရှိသော အစီအစဉ်များ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရန်။

နောက်ဆက်တွဲ(ဂ)

## လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက်
## (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

၁။ လက်နက်ကိုင်ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို ခွဲခြားဆက်ဆံမှုမရှိစေဘဲ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လူ့အခွင့်အရေးကို လေးစားလိုက်နာပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး (Durable Solution) ကို ဦးတည်၍ စနစ်တကျ အစီအစဉ်များ ချမှတ်လုပ်ဆောင်ရန်။
၂။ လက်နက်ကိုင်ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာသူများသည် မိမိနေရပ်နှင့် မိမိသွားရောက်လိုရာအခြားဒေသသို့ လူ့ဂုဏ်သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချနေထိုင်နိုင်ရန်။
၃။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲချမ်းသာစသည်ဖြင့် ခွဲခြားမှုမရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုဘဝမြှင့်တင်မှုကို ဆောင်ရွက်ရန်။

၄။ မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များကို အမျိုးသားရေးပြဿနာ၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပြဿနာအဖြစ် သတ်မှတ်၍ ထိရောက်စွာ တားဆီးကာကွယ်၊ တိုက်ဖျက်နိုင်ရေး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စီမံချက်ချမှတ်ဆောင်ရွက်ရန်။

နောက်ဆက်တွဲ(ဃ)

## မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက်
## (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

၁။ နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုကိုအထောက်အကူဖြစ်စေသည့် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒဖြစ်စေရန်။
၂။ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်။
၃။ ဗဟိုထိန်းချုပ်မှုလျှော့ချသည့် မူဝါဒများဖြစ်စေရန်။
၄။ မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေးစံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနှုန်းများကို ထည့်သွင်းစဉ်းစားရေးဆွဲရန်။
၅။ မြေယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့်မူဝါဒများဖြစ်စေရန်။
၆။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများချမှတ်ဆောင်ရွက်ရာတွင် ဒေသခံများ၏ လိုလားချက်များကို ဦးစားပေး၍ တောင်သူလယ်သမားများ၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်။

**ပိုင်ဆိုင်ခွင့်**

၇။ နိုင်ငံသားတိုင်းသည် မြေယာဥပဒေနှင့်အညီ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ အမျိုးသမီးနှင့် အမျိုးသားတန်းတူညီမျှမှုရှိရမည်။

**စီမံခန့်ခွဲခွင့်**

၈။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာ စီမံခန့်ခွဲမှုပြုရာတွင် ဥပဒေနှင့်အညီ အမျိုးသမီးနှင့် အမျိုးသားအခွင့်အရေး တန်းတူညီမျှမှုရှိစေရန်။
၉။ လုပ်ပိုင်ခွင့်ချထားပေးသော မြေယာကို မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်ခြင်း မရှိလျှင် နိုင်ငံတော်က ပြန်လည်ရယူရန်နှင့် အမှန်တကယ်လုပ်ကိုင်လိုသူများအား ပြန်လည်ချထားပေးရေး ဆောင်ရွက်စေရန်။

**အကာအကွယ်ပြုရေးဆိုင်ရာအစီအမံများ**

၁၀။ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင်အမွေအနှစ်နှင့် တိုင်းရင်းသားလူမျိုးများ အထွတ်အမြတ်ထားသော မြေများ ထိခိုက်ပျက်စီးမှုများမရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရန်။

○ စာမျက်နှာ ၅ မှ

လုပ်ငန်းလိုင်စင်မရှိခြင်း၊ ယာဉ်မောင်း အရက်သေစာသောက်စားထားခြင်းများကို စစ်ဆေးတွေ့ရှိပါက ယာဉ်ကိုချက်ချင်းရပ်တန့်စေပြီး အခြားပြည့်စုံသည့် ယာဉ်ဖြင့်အစားထိုးပြီးမှသာ ထွက်ခွာစေပါကြောင်း၊ စည်းကမ်းနှင့်မညီညွတ်သည့် ယာဉ်များကို မှတ်တမ်းတင်ထားရှိခြင်း၊ ပြေးဆွဲခွင့် ယာယီရပ်ဆိုင်းခြင်းတို့ကို ဆောင်ရွက်ပါကြောင်း။

မြန်မာနိုင်ငံအတွင်း ပြေးဆွဲနေသော အဝေးပြေးမော်တော်ယာဉ်လိုင်းကားများအား မောင်းနှင်နေသော ယာဉ်မောင်းသူများအနေဖြင့် အရက်၊ ဘီယာများ သောက်ပြီးမှ မောင်းနှင်ခြင်း၊ လက်ကိုင်ဖုန်းများပြောဆိုပြီး မောင်းနှင်ခြင်းများမရှိစေရေးနှင့်စပ်လျဉ်း၍ စီမံချက်များချမှတ်လျက် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ပညာပေးခြင်း၊ စစ်ဆေးကြပ်မတ်အရေးယူခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ခရီးသည်ပို့ဆောင်ရေးယာဉ်များ ခရီးစဉ်မထွက်ခွာမီ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်လျော့နည်းကျဆင်းစေရေးအတွက် စစ်ဆေးဆောင်ရွက်ခြင်းကို နေ့စဉ်စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးရွှေကို၊ ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း၊ ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင်၊ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာဝင်းအောင်တို့ မေးမြန်းသည့် စက်သုံးဆီအရောင်းဆိုင်များ မြို့ပြင်ရွှေ့ပေးရေး၊ မူးမြစ်ကမ်းကျောက်စီမြေထိန်းနံရံကာဆောက်လုပ်ပေးရေး၊ လျှပ်စစ်မီးလင်းရေးနှင့် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာမေးခွန်းများကို ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ဦးကျော်မျိုးတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအား အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော “ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်း” လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်းနှင့် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာဖတ်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်ပေါင်းစုံဓမ္မစကူးလ်ကော်မတီသို့ အလှူငွေများပေးအပ်လှူဒါန်း



**တောင်ကြီး မေ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်ပေါင်းစုံဓမ္မစကူးလ်ကော်မတီသို့ အလှူရှင်များကအလှူငွေပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို မေ ၂၈ ရက် မွန်းလွဲပိုင်းက တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နာယကဆရာတော်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ဓမ္မစကူးလ်ကော်မတီမှ တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဓမ္မစကူးလ်ဌာန ကျောင်းသား ကျောင်းသူများက ဓမ္မစကူးလ်တေးဖြင့် သီဆိုကပြဖျော်ဖြေခြင်းနှင့် ရင်တွင်းဖြစ်စကားများ ပြောကြားကြပြီးနောက် တာဝန်ရှိသူတစ်ဦးက ဓမ္မစကူးလ်လုပ်ငန်းရပ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။ ထို့နောက် ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဆရာတော်ဦးဥတ္တရ၊ ငါးကျမ်းပြန်ဆရာတော်ဦးဓမ္မပိယ၊ ဓမ္မစကူးလ်ကော်မတီနာယက သိမ်တောင်ဆရာတော် ဦးတေဇဝန္တတို့က ဩဝါဒစကားများ မြွက်ကြားသည်။ ဆက်လက်၍ ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး သာသနာရေးတာဝန်ခံ ဒေါက်တာအောင်သန်းမောင်၊ ရှိုင်းဟုပ်ကုမ္ပဏီမှ ပရဟိတလုပ်ငန်းဥက္ကဋ္ဌ ဦးဝင်းဆွေတို့က အမှာစကားပြောကြားပြီးနောက် ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ ဦးစံလင်းက အလှူရှင်များကို ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားဒုတိယပိုင်းတွင် ရှိုင်းဟုပ်ကုမ္ပဏီက အလှူငွေကျပ်သိန်း ၁၀၀၀၊ ကမ္ဘောဇအနာဂတ်အလင်း တန်းမြန်မာဖောင်ဒေးရှင်းက အလှူငွေကျပ်သိန်း ၁၀၀၀၊ ဓမ္မစကူးလ်ကော်မတီဥက္ကဋ္ဌ ဦးစံလင်းက အလှူငွေကျပ်သိန်း ၅၀၀၊ နာယကဆရာတော်ကြီးများက ဓမ္မစကူးလ်အတွက် အလှူငွေများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ ဌာနဆိုင်ရာမှအကြီးအကဲများက အလှူငွေများနှင့် အခြားရပ်နီးရပ်ဝေးမှ အလှူရှင်များက ဓမ္မစကူးလ်အတွက် အလှူငွေများကို အသီးသီးလှူဒါန်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့နယ်ပေါင်းစုံ ဓမ္မစကူးလ်ကော်မတီသည် ဆရာဖြစ်သင်တန်း (၂၁)ကြိမ် ကျင်းပခဲ့ပြီး ဆရာ ဆရာမ ၆၉၉ ဦးကို သင်ကြားပေးခဲ့သည်။ တောင်ကြီးခရိုင်တွင် ၈၃ ဌာန၊ လွိုင်လင်ခရိုင်တွင် လေးဌာနနှင့် စုစုပေါင်း ၈၇ ဌာနမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၅၀၀ ကို ဓမ္မစကူးလ်သင်ရိုးများအတိုင်း သင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။ **(၀၁၀)**

## အလှူငွေများလှူဒါန်းနိုင်

**နေပြည်တော် မေ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် စာချ/စာသင် (၇၅)နှစ်ပြည့် စိန်ရတုသဘင် သံဃာ ၁၀၀၀ ကျော် ပူဇော်ပွဲကြီးကို ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၈ ရက်မှ ၉ ရက်ထိ(ဇူလိုင် ၁ ရက်မှ ၂ ရက်ထိ) စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ ရပ်နီးရပ်ဝေး တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်ပါဝင်ပူဇော်ကြရန် နှိုးဆော်ထားသည်။

ပင့်သံဃာတစ်ပါးလျှင် တန်ဖိုးငွေကျပ်တစ်သိန်းရှိ နဝကမ္မနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး ဆက်သွယ်လှူဒါန်းလိုပါက ဆရာတော် ဘဒ္ဒန္တကဝိသာရ ဖုန်း-၀၆၇-၂၂၂၂၄၊ ၂၂၈၉၀၊ ၀၉-၄၂၀၇၇၈၂၈၉၊ ဦးလှမြင့်(စိန်ဒေါင်း) ဖုန်း-၀၉-၂၅၀၀၉၄၇၅၇၊ ဦးမြင့်စိုး ဖုန်း-၀၉-၅၀၃၂၁၂၉ နှင့် ဦးနေလင်းထိုက်(လင်းကွန်ပျူတာ) ဖုန်း-၀၉-၅၅၈၈၄၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယတပ်မတော်ကြည်းတပ်ဦးစီးချုပ် General Bipin Rawat အား ယနေ့နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်မှုနှင့် တပ်မတော်၏ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ရပ်တည်လုပ်ဆောင်မှုအခြေအနေများ၊ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုမြှင့်တင်ရေးအတွက် အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ၊ လေ့ကျင့်ရေးသင်တန်းများ၊ တပ်မတော်အားကစားနှင့် ဆေးဘက်ဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားအကျိုးအတွက် ညှိနှိုင်းဆောင်ရွက်နိုင်ရေး တွေ့ဆုံ

**ရန်ကုန် မေ ၂၉**

နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ညှိနှိုင်းဆောင်ရွက်နိုင်ရန် အစိုးရ၊ လွှတ်တော်နှင့် ပါတီတို့၏ သုံးပွင့်ဆိုင် (ပထမအကြိမ်) တွေ့ဆုံပွဲကို မေ ၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ရုံးချုပ်)၌ ပြုလုပ်သည်။



အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဝင်းထိန်က အမှာစကားပြောကြားရာတွင် "ရန်ကုန်တိုင်းဒေသကြီးဆိုတာ မြန်မာပြည်တစ်ပြည်လုံးရဲ့ စီးပွားရေးအရ အဓိကအချက်အချာကျတာဖြစ်သလို နိုင်ငံတကာအသိုင်းအဝိုင်းကလည်း အမြဲတမ်းအကဲခတ်နေတာဖြစ်တော့ ရန်ကုန်တိုင်းဒေသကြီးရဲ့ အစိုးရလုပ်ဆောင်မှုတွေ၊ လွှတ်တော်ရဲ့လုပ်ဆောင်မှုတွေကို အမြဲတမ်းသတိထားပြီးတော့ လုပ်ဆောင်ဖို့လိုပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ အစိုးရရယ်၊ လွှတ်တော်ရယ်၊ ပါတီရယ် လက်တွဲပြီးတော့ နိုင်ငံတော်အတွက်၊ နိုင်ငံသူ နိုင်ငံသားအကျိုးအတွက် ညှိညှိနှိုင်းနှိုင်းဆောင်ရွက်နိုင်အောင် တွေ့ဆုံရခြင်းပဲဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဌေးက အမှာစကားပြောကြားရာတွင် ပါတီ၊ လွှတ်တော်၊ အစိုးရအဖွဲ့အနေဖြင့် လက်ရှိတစ်နှစ်တာကာလတွင် ဟန်ချက်မညီမှုများရှိခဲ့ကြောင်း၊ ယင်းကြောင့် လွှတ်တော်တွင် အချင်းချင်းမူဝါဒကွဲပြားမှုများ၊ သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့သဖြင့် ပြီးခဲ့သည်များကို သင်ခန်းစာယူပြီး ဟန်ချက်ညီအောင် မည်သို့လုပ်မည်ဆိုသည့် လုပ်ငန်းစဉ်များကိုစဉ်းစားပြီး ပြည်သူလူထုနှင့် တိုင်းပြည်အတွက် ကောင်းအောင် ဆွေးနွေးညှိနှိုင်းစေလိုပါကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခရိုင်ဥက္ကဋ္ဌများ တက်ရောက်ဆွေးနွေးကြသည်။

ထိုကဲ့သို့ သုံးပွင့်ဆိုင်တွေ့ဆုံပွဲကို ၄၅ ရက်တစ်ကြိမ် ပြုလုပ်သွားရန် စီစဉ်ထားပြီး ဆွေးနွေးမှုများမှတစ်ဆင့် အစိုးရ၊ လွှတ်တော်နှင့် ပါတီတို့အကြား ဟန်ချက်ညီညီ ဆောင်ရွက်သွားနိုင်ခြင်းဖြင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးကို ပိုမိုတိုးတက်အောင် လုပ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ဇော်ကြီး)**

❂ **မြောင်မြို့နယ်မှ**

"ဧရာဝတီမြစ်ရေတိုက်စားပြီး ကမ်းပါးပြိုတာခံရတဲ့အတွက် ကျုပ်တို့လိုတောင်သူတွေ အများစုအနေနဲ့ မြေယာမဲ့တွေဖြစ်လာပြီး စားဝတ်နေရေးကလည်း ပိုပိုပြီး ခက်ခဲလာနေပါတယ်။ ကမ်းပါးပြိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး သက်ဆိုင်ရာကို တင်ပြတာတွေရှိတယ်လို့ ကြားပေမယ့် ဌာနဆိုင်ရာတွေအနေနဲ့ လုပ်ဆောင်ပေးတာမျိုး မရှိသေးပါဘူး"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ဧရာဝတီမြစ်ရေတိုက်စားခြင်းကိစ္စကို သက်ဆိုင်ရာသို့ တင်ပြခြင်းများ လုပ်ဆောင်ရင်း မြစ်ရေမှာလည်း ထပ်ကာတလဲလဲ တိုက်စားနေသောကြောင့် ဒေသခံအများစုက ထိရောက်သော ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပညာရှင်များပါသည့် သက်ဆိုင်ရာအစိုးရ တာဝန်ရှိသူများအနေဖြင့် အမြန်ဆောင်ရွက်ပေးရေးကိုသာ လိုလားနေကြောင်း သိရသည်။

လက်ရှိတွင် အညွန့်ရွာအထက်နားတွင် ရေလွှဲ ရေကာတာပြုလုပ်နေသည်မှာ ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်သလို မန္တလေးတိုင်းဒေသကြီးတွင်ပါဝင်သည့် အရှေ့ဘက်ကမ်းတွင် သောင်များတူးနေသည်မှာ ရာခိုင်နှုန်း ၉၀ နီးပါးပြီးနေပြီဖြစ်ကာ အနောက်ဘက်ကမ်းတွင် သံကြိုးများ တန်းကာ ရေကာတာပြုလုပ်ရန် ပီပါခွံများရောက်ရှိနေပြီဖြစ်ကြောင်း မြောင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြတ်မွန်ထံမှ သိရသည်။ ဧရာဝတီမြစ်ရေတိုက်စားမှုကို အချိန်မီ မကာကွယ်နိုင်လျှင် သာထွန်းကျေးရွာပါ မြစ်ရေတိုက်စားခံရမည့်အခြေအနေတွင်ရှိနေပြီး လက်ရှိတွင် သာထွန်းကျေးရွာ မူလတန်းကျောင်းနှင့် မြစ်ရေတိုက်စားခံထားရသော ကမ်းပါးမှာ ပေ ၁၀၀ ကျော်သာ ကွာဝေးတော့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# မီဒီယာကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများနှင့် ဒစ်ဂျစ်တယ်မီဒီယာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

**နေပြည်တော် မေ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား နယ်သာလန်နိုင်ငံ Free Press Unlimited မှ မူဝါဒရေးရာ ညွှန်ကြားရေးမှူး Mr. Leon Willems နှင့်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြန်ကြားရေးဝန်ကြီးဌာန၏ မီဒီယာကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ၊ လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့်နှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများ၊ Community Radio အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံကိန်းများ၊ ဒစ်ဂျစ်တယ်မီဒီယာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အစီအမံများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Dang Dinh Quy တို့သည် (၇)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီဧည့်ခန်းမ၌ ပူးတွဲသဘာပတိများအဖြစ် ဦးဆောင်ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား လက်မှတ်ရေးထိုးထားသော နားလည်မှုစာချွန်လွှာများနှင့် သဘောတူညီချက်များ အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ အခြေအနေ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး၊ ဘဏ်လုပ်ငန်း၊ ဆက်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍများတိုးမြှင့်ရေးတို့အပါအဝင် နှစ်နိုင်ငံဆက်ဆံရေးနှင့် နယ်ပယ်စုံကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ အကျိုးစီးပွားအတွက် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ်တွင် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး ဦးကျော်တင်က ဗီယက်နမ် ဒုတိယနိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ The Lake Garden ဟိုတယ်၌ နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ဧည့်သည်တော် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မဟာသကျရံသီ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့လည်း သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြသည်။

**(သတင်းစဉ်)**

■

# နောက်ခြောက်လအတွင်းမှာ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေလည်း အဖြေမရရင်တောင်မှ တိုးတက်မှုတော့ အများကြီးရနိုင်တယ်

**နေပြည်တော် မေ ၂၉**

တည်ငြိမ်အေးချမ်းသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဒုတိယအစည်းအဝေးကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ မေ ၂၄ ရက်မှ ၂၉ ရက်အထိ ခြောက်ရက်ကြာကျင်းပခဲ့သည်။ ထိုသို့ကျင်းပပြီးစီးခဲ့ပြီဖြစ်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံဒုတိယအစည်းအဝေးမှ ရရှိလာသည့် ရလဒ်များနှင့်စပ်လျဉ်း၍ တက်ရောက်လာသူတချို့ကို မေးမြန်းဖြစ်ခဲ့သည်။

**ဦးကျော်ဝင်း(စာရေးဆရာ)**

ကျွန်တော်တို့ အစမူလမျှော်မှန်းချက်ကတော့ UPDJC ကချထားတဲ့အချက်တွေကြည့်ပြီး တော်တော်များများ မျှော်လင့်ထားတာပါ။ ဒါပေမယ့် မျှော်လင့်သလောက်ကြီးတော့ ဖြစ်မလာပါဘူး။ လုံးဝမအောင်မြင်တာတော့လည်း မဟုတ်ပါဘူး။ အောင်မြင်သင့်သလောက် အောင်မြင်ပါတယ်။ ရာခိုင်နှုန်းအရ ၇၀ ရာခိုင်နှုန်းလောက် အောင်မြင်ပါတယ်။ ပြီးတော့ ဒါကအဆုံးသတ်ညီလာခံလည်း မဟုတ်သေးပါဘူး။ နောက်ထပ် ထပ်လုပ်ရဦးမှာပါ။ ရေရှည်ကိုကြည့်မယ်ဆိုရင် မဆိုးပါဘူး။ နောက်တစ်ချက် ထည့်စဉ်းစားရမှာက ကျွန်တော်တို့ မမွေးခင်ကတည်းကဖြစ်နေတဲ့ပြည်တွင်းစစ်က တစ်ခါတည်းတော့ ဘယ်လိုမှမပြီးနိုင်ပါဘူး။ အဲဒီတော့ ဒီလောက်ရတာ မဆိုးဘူးလို့ထင်ပါတယ်။

**ဖြားတန်ခွန်ဥက္ကာ**

ဒီကနေ့အစည်းအဝေးကတော့ နိုင်ငံရေးလုပ်ငန်းစဉ် ရှေ့တစ်ဆင့်တိုးနိုင်ခဲ့တယ်ဆိုတာကို သက်သေပြနေတာပါပဲ။ နိဂုံးချုပ်လိုက်ရင်တော့ ညီညွတ်ရေးကို တစ်ဖက်ကထိန်းနိုင်တယ်။ တစ်ဖက်ကလည်း NCA အကောင်အထည်ဖော်တာကို ရှေ့တစ်လှမ်းတိုးနိုင်တယ်။ ဒါအင်မတန်ကောင်းတဲ့ လုပ်ငန်းစဉ်ပါ။ ကျွန်တော်တို့ ၂၀၁၅ တုန်းကဆိုရင် NCA လက်မှတ်ထိုးနိုင်တယ်ဆိုပေမယ့်

**ပဒိုမန်းငြိမ်းမောင်**

တွေ့ဆုံဆွေးနွေးခွင့်ရတယ်လေ။ မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးခွင့်ရတာကိုက တိုးတက်မှုလို့ကျွန်တော်တို့က ခံယူထားတယ်။ သဘောကွဲလွဲတာက သဘောကွဲလွဲတဲ့အလျောက်၊ သဘောတူညီတာလည်း သဘောတူညီတဲ့အလျောက် တွေ့ဆုံဆွေးနွေးခွင့်ရတာကိုက ကောင်းမွန်တဲ့ရလဒ်တစ်ခုဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့တိုင်းပြည်ဟာ ပဋိပက္ခဖြစ်ခဲ့တဲ့တိုင်းပြည်ဖြစ်တာကြောင့်ပါ။ ဒီလိုပဋိပက္ခဖြစ်ခဲ့တဲ့အင်အားစုတွေက စားပွဲဝိုင်းမှာ ငြိမ်းငြိမ်းချမ်းချမ်းအေးအေးဆေးဆေးနဲ့ တစ်ဦးနဲ့တစ်ဦးအပြန်အလှန် နားလည်မှု၊ လေးစားမှုနဲ့ တန်းတူရည်တူရှိမှုနဲ့ တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ကြတယ်။ အဲဒါဟာ အင်မတန်ကောင်းမွန်တဲ့အခြေအနေတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ယုံကြည်တာကတော့ ဆွေးနွေးဖြေရှင်းခွင့်ရမယ်ဆိုတာက ငြိမ်းချမ်းရေးကတစ်နေ့မှာရမယ်ဆိုတာ ယုံကြည်မှုရှိပါတယ်။ ကျွန်တော်တို့က တရားဝင်တွေ့ဆုံဆွေးနွေးခွင့်တွေရနေပါပြီ။ ညီလာခံမှာ ကျွန်တော်တို့အခုလိုတွေ့ဆုံမယ်။ မီဒီယာတွေကလည်း ဝေဖန်အကြံပြုမယ်၊ ထောက်ပြမယ်၊ အဲလိုဆိုရင် ငြိမ်းချမ်းရေးက ရကိုရမယ်လို့ ကျွန်တော်က ယုံကြည်ပါတယ်။

**ဦးအောင်နိုင်ဦး**

ပထမပင်လုံမှာ ဆွေးနွေးပွဲအဆင့်နဲ့ပဲပြီးသွားတယ်။ ဆုံးဖြတ်ချက်မချနိုင်ခဲ့ဘူး။ အခုဒုတိယအကြိမ်ပင်လုံမှာ ဆုံးဖြတ်ချက်မဖြစ်မနေချရတော့မယ့်အနေအထားဖြစ်တယ်။ တကယ်သဘောတူရတော့မယ်ဆိုရင် အကြိတ်အနယ်ဆွေးနွေးကြရတော့မယ်။ အကြိတ်အနယ်ဆွေးနွေးကြတဲ့အတွက် ဘက်ပေါင်းစုံက ဆွေးနွေးတဲ့ ပုဂ္ဂိုလ်တွေအားလုံးဟာ တွေ့ဆုံဆွေးနွေးပွဲမှာ တကယ်အပေးအယူလုပ်ရတော့မယ့်အချိန် ဖြစ်လာတယ်။ ဒါကြောင့်မို့ အခက်အခဲတွေအများကြီးကြုံရမယ်။ ရှေ့မတိုးနောက်မဆုတ်နိုင်တာတွေ ကြုံရမယ်။ တစ်ယောက်နဲ့တစ်ယောက် အမုန်းပွားရတာတွေလည်း ကြုံနိုင်တယ်။ ဒါတွေအားလုံးကို ကျော်လွှားပြီးတော့ ဆုံးဖြတ်ချက်တွေရဲ့အများစုကို ရနိုင်တဲ့အတွက် မြောက်ပိုင်းနဲ့ကတော့ အဓိကက ဘက်ပေါင်းစုံမှာ ကြိုတင်သတ်မှတ်ချက်တွေဖြစ်နေတော့ ဆွေးနွေးပွဲဖြစ်ဖို့ခက်တာပေါ့။ ဆွေးနွေးပွဲဖြစ်နိုင်တဲ့အထိ ကန့်သတ်ချက်လေးတွေလျှော့ချပေးဖို့လိုတယ်။ အခုခုနစ်ဖွဲ့ရောက်လာတယ်။ တရုတ်က ကြိုးစားပြီးခေါ်လာတယ်။ ဒီလိုခေါ်လာတဲ့အတွက် လွယ်လွယ်ကူကူခေါ် လာရတာမဟုတ်ဘူး။ တရုတ်လည်းဘက်ပေါင်းစုံက အပြစ်အပြောခံရတယ်။ တရုတ်ဘက်က ဒီလိုခေါ်လာတာကိုလည်း သေသေချာချာအစိုးရနဲ့ တွေ့နိုင်အောင် လုပ်သွားတာလည်းတွေ့ရတယ်။ တရုတ်ကလည်း ဝိုင်းကူတယ်။ ဒီကလည်း တိုးတက်မှုရှိတယ်။ အတွေ့အကြုံတွေပေါ်မူတည်ပြီးမှ ဆက်ပြီးတော့ပြင်ဆင်မယ်။ ဆွေးနွေးသွားမယ်ဆိုရင်တော့ နောက်ခြောက်လအတွင်းမှာ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေလည်း အဖြေမရရင်တောင်မှ တိုးတက်မှုတော့ အများကြီးရနိုင်တယ်လို့ ကျွန်တော်ထင်ပါတယ်။

**စောမြရာဇာလင်း**

ဒီနေ့အစည်းအဝေးက အရင်အစည်းအဝေးတွေထက် ထူးခြားမှုရှိပါတယ်။ မြန်မာ့သမိုင်းမှာ တစ်ခါမှမရေးဆွဲနိုင်ခဲ့ဖူးတဲ့ ဖက်ဒရယ်ပြည်ထောင်စုအတွက် အခြေခံမူ ၃၇ ချက်ကို ရရှိခဲ့တဲ့ညီလာခံဖြစ်ပါတယ်။ ဒီညီလာခံဟာ ငြိမ်းချမ်းရေးကိုသွားဖို့၊ ဖက်ဒရယ်ပြည်ထောင်စုကိုသွားဖို့အတွက် ပထမဆုံးခြေလှမ်းဆိုရင်လည်း မမှားပါဘူး။ ဒါပေမယ့် ဒီခြေလှမ်းကိုစခဲ့တာကတော့ အရင်အစိုးရလက်ထက်က စခဲ့တာဖြစ်ပေမယ့် ဆုံးဖြတ်ချက်တွေကတော့ အဲဒီအချိန်က မရခဲ့ပါဘူး။ ဒီကနေ့မှာတော့ ဆုံးဖြတ်ချက်တွေ ရလာတာဆိုလို့ရှိရင် အဆင့်တစ်ဆင့်ကိုတော့ ကျွန်မတို့ရောက်တယ်။ ရှေ့ကိုဆက်သွားတဲ့အခါမှာလည်း ကျောသားရင်သားမခွဲခြားဘဲ တိုင်းပြည်အတွင်းမှာ ဆူကြုံနိမ့်မြင့်မရှိသွားဖို့လိုအပ်နေပါသေးတယ်။ ဒီထက်သဘောထားကြီးကြီးနဲ့ သွားဖို့လိုအပ်ပါသေးတယ်။ ရခိုင်ပြည်နဲ့ ရှမ်းပြည်မှာ မရသေးတာတွေလည်း ရအောင်လုပ်ပေးဖို့ အများကြီးလိုအပ်ပါသေးတယ်။

**အေးဝမ်းစိုး၊ နိုင်လင်းကြည်**



ဒေါက်တာ လျန်မှုန်းဆာခေါင်း



ဖြားတန်ခွန်ဥက္ကာ



ပဒိုမန်းငြိမ်းမောင်



ဦးအောင်နိုင်ဦး



ဦးကျော်ဝင်း(စာရေးဆရာ)



စောမြရာဇာလင်း

အားလုံးမပါလာတော့ ညီညွတ်ရေးကို တစ်စုံတစ်ရာ ထိခိုက်တယ်။ ထိခိုက်ခံပြီး ကျွန်တော်တို့က NCA ထိုးလိုက်ရတယ်။ ညီညွတ်ရေးကတော့ ခြောက်ဖွဲ့လောက်ပဲထွက်သွားတာပါ။ ဒါပေမယ့် ဒီတစ်ခေါက်ကျတော့ ကျွန်တော်တို့ ညီညွတ်ရေးလည်း မထိခိုက်ဘူး။ အစုအဖွဲ့တွေအနေနဲ့လည်း တညီတညွတ်တည်း တက်လှမ်းနိုင်တဲ့အတွက် အောင်မြင်တိုးတက်မှုလို့ ပြောနိုင်ပါတယ်။ စုပေါင်းဆောင်ရွက်၊ စုပေါင်းအောင်မြင်တဲ့လုပ်ငန်းစဉ်ပါပဲ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာ စုပေါင်းဆောင်ရွက်ရမယ့်လုပ်ငန်းပါ။ အစုအဖွဲ့တွေအားလုံးလည်း တော်ကြပါတယ်။ ကျွန်တော့်မိန့်ခွန်းမှာ ပါသလိုပဲ အထူးသဖြင့် တပ်မတော်အစုအဖွဲ့က သဘောထားတော်တော်ကို ပြောင်းလာပါတယ်။ အခါတိုင်းအထိမခံတဲ့ပြဿနာတွေ၊ ဆွေးနွေးမခံတဲ့ ကိစ္စရပ်တွေကို ထဲထဲဝင်ဝင် စိတ်ရှည်ရှည်နဲ့ ပါဝင်လာတာကိုတွေ့ရတဲ့အတွက် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ပြောကြားလိုက်ရတာ ဖြစ်ပါတယ်။

**ဒေါက်တာ လျန်မှုန်းဆာခေါင်း**

ဒီနေ့ နောက်ဆုံးနေ့အစည်းအဝေးမှာ ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ အချက်ပေါင်း ၃၇ ချက်ကို လက်မှတ်ရေးထိုးနိုင်တဲ့အတွက် အင်မတန်မှ ဝမ်းသာပါတယ်။ ဂုဏ်လည်းယူပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ထင်ထားသလောက် ဖြစ်မလာတာတွေလည်းရှိတယ်။ ဥပမာနိုင်ငံရေးကဏ္ဍမှာဆိုရင် UPDJC က အတည်ပြုထားတာက ၂၀ ချက်ဖြစ်ပါတယ်။ ဒီညီလာခံမှာတော့ ၁၂ ချက်ပဲ သဘောတူနိုင်ခဲ့ပါတယ်။ တိုင်းရင်းသားလူမျိုးတွေရဲ့ အင်မတန်မှအရေးကြီးတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ထောင်တဲ့အခါ ပြည်နယ်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲခွင့်တွေ မရနိုင်တဲ့အပြင် တပ်မတော်ဘက်ကလိုလားတဲ့ ပြည်ထောင်စုအတွင်းမှာ အမြဲတမ်းအတူတကွနေထိုင်ရမယ်။ ပြည်ထောင်စုကနေခွဲမထွက်ရဘူးဆိုတာတွေလည်း မပါလာဘူး။ ဒါပေမယ့် ရှေ့ဆက်လုပ်စရာအများကြီးရှိနေတဲ့အတွက် စိတ်ဓာတ်လည်းမကျပါဘူး။ အားလည်းမလျှော့ပါဘူး။ တကယ်ငြိမ်းချမ်းတဲ့ပြည်ထောင်စုကြီး တည်ထောင်ဖို့ ဆက်လက်ကြိုးစားရမှာပါ။ လုံခြုံရေးကဏ္ဍကတော့ ဒီအဆင့်မှာ မဆွေးနွေးသေးဘူးလို့ အရင်ကတည်းက သဘောတူထားတာပါ။ ဒါကြောင့် သဘောတူညီချက်တွေ ပါမလာသေးတာပါ။ ဒါပေမယ့် ဒီညီလာခံကြီးက အများကြီးအောင်မြင်ပါတယ်။

ဒါဟာအရေးကြီးတဲ့အောင်မြင်မှုလို့ထင်တယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ နောက်တစ်ဆင့် တိုးသွားလိမ့်မယ်လို့ ထင်တယ်။

အရေးကြီးတဲ့အချက်က ဘက်ပေါင်းစုံကဆွေးနွေးတဲ့လူအားလုံးဟာ အားနည်းချက်တွေလည်း ရှိတယ်။ အားသာချက်တွေလည်းရှိတယ်။ ဘယ်လိုပြင်ဆင်ရမလဲဆိုတဲ့အရေးကြီးတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေ ရသွားတယ်လို့နားလည်တယ်။ ဒီအတွေ့အကြုံတွေပေါ်မှာ အခြေခံပြီးတော့ နောက်ခြောက်လမှာ ဒီနှစ်မကုန်ခင်မှာ လုပ်မယ့် (၂၁)ရာစုပင်လုံအတွက်ကို ပြင်ဆင်သွားဖို့လိုတယ်။ များများပြောဖို့လိုတယ်။ များများပြင်ဖို့လိုတယ်။ လိုအပ်တဲ့ကိစ္စတွေကိုလည်း ရဲရဲတင်းတင်းလုပ်ဖို့လိုတယ်။ အဲဒီလိုဆိုရင် နောက်တစ်ဆင့်က အများကြီးတိုးသွားလိမ့်မယ်လို့ မြင်တယ်။

ပင်လုံလို့ပြောတဲ့အတွက် တိုင်းရင်းသားတွေဘက်ကလည်း (၄၇) ပင်လုံကို ပြန်ညွှန်းတာတွေလည်းရှိတယ်။ NCA ထိုးထားတဲ့တိုင်းရင်းသားတွေအနေနဲ့က ဒို့တာဝန်အရေးသုံးပါးကို သဘောတူညီပြီးသားဖြစ်တယ်။ အစိုးရဘက်ကလည်း ဒီမှာသဘောတူပြီးသားတွေကို ခွဲထွက်ရေးဆိုတဲ့စကားကို ဘာလို့မထည့်ချင်တာလဲဆိုတာ အစိုးရဘက်က စဉ်းစားတာလည်းမမှားဘူး။ တိုင်းရင်းသားတွေဘက်ကလည်း စိုးရိမ်တာတွေရှိတယ်။ ဒီစိုးရိမ်စိတ်တွေကို ထိပ်တိုက်တွေ့ရတဲ့သဘောပါ။ နှောင့်နှေးတာ၊ ကြန့်ကြာတာ၊ အကြိတ်အနယ်ဆွေးနွေးရတာတွေ အပြန်အလှန်ဖြစ်လာတဲ့ သဘောပါ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အမြဲတမ်းမှတ်ထားရမှာက ဘယ်လိုမှထင်မထားတာတွေလည်း ဖြစ်လာနိုင်သလို မျှော်လင့်ထားတာတွေလည်း မဖြစ်လာတာတွေရှိလာနိုင်တယ်။ ပထမဆုံးခြေလှမ်းဖြစ်တဲ့အတွက် အားလုံးက ဖြတ်ကျော်နိုင်လို့ ဝမ်းသာပါတယ်။ ၄၁ ချက်မှာ မပြီးသေးတာလည်း ဆက်ဆွေးနွေးရမှာဖြစ်သလို နောက်ထပ်လူမှုရေး၊ နိုင်ငံရေးအားလုံးမှာပါလာမယ့်အချက်တွေက အများကြီးရှိတယ်။ ဘာ့ကြောင့်လဲဆိုရင် ဒါတွေဟာ ဖက်ဒရယ်ဖွဲ့စည်းပုံရေးဆွဲရေးမှာ အရေးပါတဲ့အခြေခံအချက်တွေဖြစ်လာမှာဖြစ်တဲ့အတွက် အကြိတ်အနယ်ဆွေးနွေးကြရတာဖြစ်တယ်။ ဒီအတွက်ဘယ်သူ့ကိုမှ အပြစ်မတင်သင့်ဘူး။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ အရေးပါတဲ့ မဖြစ်မနေ ဖြတ်သန်းရမယ့် လုပ်ငန်းစဉ်တစ်ခု၊ ခြေလှမ်းတစ်ရပ်ဖြစ်တယ်ဆိုတာကို နားလည်ဖို့လိုတယ်။

အဓိကကတော့ များများပြောဖို့ပါပဲ။ ပြောရမယ့်ကိစ္စတွေမှာ ဆက်သွယ်ရေးမှာ နည်းနည်းအောက်နေတာတွေ၊ လွဲနေတာလေးတွေလည်းရှိတယ်။

## ကြိုလင့်ခြင်း

* ညီနောင်ထု
စုစည်းညီ
တည်သည့်အား
ကြွားကြွားဝင့် . . .
* လက်ချင်းတွဲ
စွဲမြဲခိုင်
နိုင်ငံသစ်
ဖြစ်တည်မှု . . .။
* ငြိမ်းချမ်းရေး
တေးသွားဆို
ချိုကြည်မြ
အလှဆင် . . .။
* မိုးအထက်သို့
ချီးငှက်ပျံသန်း၊ ရောင်ခြည်လွှမ်းချိန်
စိတ်ဝမ်းကြည်သာ၊ ကြိုလင့်ပါမည်
သံသာမြူးဝင့်ချိန်ခါကို . . .။ ။

**ဟောင်နီမှိုင်း(ကျောက်တန်း)**

# တစ်နှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးတွင် တံတားပေါင်း ၇၅၆ စင်းတည်ဆောက်နိုင်ခဲ့

**စစ်ကိုင်း မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏တစ်နှစ်တာကာလအတွင်း ချင်းတွင်းမြစ်ကူး ခန္တီး-ဟုမ္မလင်းနှင့် ကလေးဝ တံတားများ၊ မူးမြစ်ကူး သမရိုးတံတား၊ ကနီယွင်းသွင် တံတားအပါအဝင် ပေ (၁၈၀) အထက်တံတား နှစ်စင်းနှင့် ပေ (၁၈၀) အောက်တံတား ၇၅၄ စင်း စုစုပေါင်းတံတား ၇၅၆ စင်း တည်ဆောက်နိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

"နိုင်ငံတော်ရဲ့ပြုပြင်ပြောင်းလဲလာတဲ့ နိုင်ငံရေးစနစ်နဲ့အညီ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်းများကို နိုင်ငံတကာအဆင့်မီလမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေဖို့နဲ့ ဆင်းရဲမှုလျှော့ချရေးရည်မှန်းချက်ကို အထောက်အကူပြုစေဖို့အတွက် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေဖို့၊ ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာစေဖို့ လမ်း၊ တံတားတွေကို တည်ဆောက်နေတာဖြစ်ပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ်နဲ့ ကမ္ဘာ့ဘဏ်တို့ရဲ့ ချေးငွေတွေနဲ့လမ်းတွေကို အဆင့်မြှင့်တင်နေသလို ပြည်ပနိုင်ငံတွေရဲ့ အထောက်အပံ့တွေကိုရယူပြီး ဆောင်ရွက်ဆဲဖြစ်တဲ့ ပြည်ထောင်စုလမ်းမကြီးတွေကို ခုနစ်မီတာအကျယ် ကတ္တရာလမ်းအဆင့်နဲ့ နိုင်ငံတကာဆက်သွယ်တဲ့လမ်းတွေ ပြည်ထောင်စုလမ်းတွေကို မြေလမ်း၊ အမာခံလမ်းနဲ့ ကျောက်လမ်းတွေအဖြစ် ၃ ဒသမ ၅ မီတာ ၅ ဒသမ ၅ မီတာ အကျယ်ကတ္တရာလမ်းကနေ ခုနစ်မီတာအကျယ် ကတ္တရာကွန်ကရစ်လမ်းအဖြစ် ဘဏ္ဍာနှစ်အလိုက် ရရှိတဲ့ရန်ပုံငွေအပေါ် မူတည်ပြီး အဆင့်ဆင့်တိုးမြှင့်ဖောက်လုပ်နေပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုသို့ အဆင့်မြှင့်ဖောက်လုပ်ရာတွင် ၄၉ မိုင် ၄ ဖာလုံရှိသော ကွန်ကရစ် AC လမ်း၊ ၄၄ မိုင်ကျော်ရှိသော ကွန်ကရစ်လမ်း၊ ၁၅၂ မိုင်ကျော်ရှိသော ကတ္တရာလမ်း၊ ၁၀၈ မိုင်ကျော်ရှိသော ကျောက်လမ်း၊ ၁၀၁ မိုင်ကျော်ရှိသော အမာခံလမ်း၊ ၉၈ မိုင်ကျော်ရှိသော မြေသားလမ်း စုစုပေါင်း လမ်းမိုင် ၅၄၃ မိုင်ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။



**မျိုးဝင်းထွန်း(မုံရွာ)**



# တောင်သူများနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးဆွေးနွေး

**ဘားအံ မေ ၂၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် မြိုင်ကလေးကျေးရွာအား တစ်ခရိုင်တစ်ရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာအဖြစ် သတ်မှတ်ထားပြီး တောင်သူများ အကျိုးအမြတ်ပိုမိုရရှိစေရန်အတွက် ရည်ရွယ်ပြီး ပြည်နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘက်စုံနည်းပညာပေးခြင်းကို မေ ၂၇ ရက်က အဆိုပါ မြိုင်ကလေးကျေးရွာ အလယ်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယ ပြည်နယ်ဦးစီးမှူး ဦးဇော်လင်းက အမှာစကားပြောကြားပြီး ဘားအံခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အေးမေ၊ ပြည်နယ်မြေအသုံးချရေးတာဝန်ခံ ဒေါ်သင်းသင်းဆင့်၊ မြို့နယ်စိုက်ပျိုးရေး၊ စက်မှုလယ်ယာ၊ သမဝါယမ၊ ဆည်မြောင်းဦးစီးဌာနများမှ တာဝန်ခံများ၊ မြေ၊ မျိုး၊ ပိုးတာဝန်ခံများက တောင်သူများအား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဘက်စုံနည်းပညာပေးခြင်း၊ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးနည်းပညာများကို အသီးသီးဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ဘက်စုံအဆင့်မြင့်စံပြကျေးရွာ ရွေးချယ်ထားသော မြိုင်ကလေးကျေးရွာမှ တက်ရောက်လာကြသောတောင်သူ ၁၂၀ ကျော်အား မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ ဘက်စုံပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနှင့် သီးနှံပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# ဘုရင့်နောင်ပွဲရုံပြောင်းရွှေ့ရန်စီစဉ်သတင်းအပေါ် စိတ်မပူကြရန် ကုန်စည်ဒိုင်ဥက္ကဋ္ဌပြော

**ရန်ကုန် မေ ၂၉**

မေ ၂၂ ရက်ထုတ် မီဒီယာတွင် ဖော်ပြခဲ့သော ဘုရင့်နောင်ပွဲရုံတန်းပြောင်းရွှေ့ရန် စီစဉ်ဆိုသော သတင်းကြောင့်ပွဲရုံတန်းမှ အထူးသဖြင့် တိုက်ခန်းပိုင်သူများအကြား စိုးရိမ်ပူပန်လာကြသည်။ သို့ဖြစ်ရာ ပွဲရုံတန်းရှိ NGO အဖွဲ့မှ ပွဲရုံပိုင်ရှင်များ ဆွေးနွေးညှိနှိုင်းတိုင်ပင်ရန် အထူးအစည်းအဝေး တစ်ရပ်ကို မေ ၂၇ ရက်က ပြုလုပ်ခဲ့သည်။

"တခြားဈေးတွေလိုမဟုတ်ဘူး။ ကိုယ့်ကွင်းကိုယ်ပဲထိန်းခဲ့ရတာပါ။ ဒီဟာတွေကြောင့် လုံးဝစိတ်ပူဖို့မလိုဘူး" ဟု ကုန်စည်ဒိုင်ဥက္ကဋ္ဌ ရပ်မိရပ်ဖအဖွဲ့ဝင်နှင့် ကုမ္ပဏီဥက္ကဋ္ဌဖြစ်သူ ဦးခင်ဟန်က ယင်းအစည်းအဝေးတွင် ပြောကြားခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေးသို့ တက်ရောက်လာသူများ အနေဖြင့် ယင်းဖြစ်စဉ်အပေါ် မိမိတို့၏သဘောထားအမြင်အမျိုးမျိုးကို တင်ပြပြောဆိုခဲ့ကြသည်။ ဘုရင့်နောင်ကုန်စည်ဒိုင်သည် စီးပွားရေးအရ အချက်အချာကျသည့်နေရာတွင် တည်ရှိ၍ ကုန်ဈေးနှုန်းအတက် အကျကိုပင် ပြုလုပ်နိုင်ခြေရှိသည့်နေရာ တစ်ခုဖြစ်သည်။ မြို့တော်စည်ပင်သို့ မြေဖိုးငွေပေးသွင်းကာ မိမိတိုက် မိမိအစီအစဉ်ဖြင့် ဆောက်ခြင်း၊ လမ်းများပြုပြင်ခြင်း၊ လျှပ်စစ်မီးတိုင်များပြောင်းလဲခြင်း၊ မီးသတ်ဌာနသီးသန့်ထားရှိခြင်း၊ အမှိုက်သန့်ရှင်းရေးတို့ကို ဆောင်ရွက်ရသည်။

ပေ(၂၀×၆၀)ရှိ နှစ်ခန်းတွဲတိုက်ခန်း အဆောက်အအုံပေါင်း ၁၁၀၀ ဝန်းကျင်ရှိပြီး တချို့သူများမှာ တိုက်အများအပြား ပိုင်ဆိုင်ကြရာ ပြောင်းရွှေ့ရန် စီစဉ်ဆိုသောသတင်းကြောင့် စိုးရိမ်ပူပန်၍ အစည်းအဝေးသို့တက်ရောက်သူများပြားကြောင်း သိရသည်။ တိုက်ပိုင်အများစုမှာ လုပ်ငန်းလုပ်ကိုင်ခြင်း မရှိတော့ဘဲ အငှားချထားသည်ဟုလည်း သိရသည်။

ပေ(၂၀ × ၆၀)တိုက်ခန်းတစ်ခန်းလျှင် အရောင်းအဝယ်ဖြစ်သည့် လမ်းအနေအထားအပေါ် မူတည်၍ တစ်လလျှင်ငှားရမ်းခ ကျပ်ခုနစ်သိန်းမှ ကျပ်တစ်ဆယ့်ရှစ်သိန်းဝန်းကျင်အထိ ရှိနေသည်။အချို့သော ကုန်တင်ယာဉ်ဂိတ်အချို့မှာ တစ်လငှားခ ကျပ်နှစ်သိန်းဝန်းကျင်သာပေးရသော အပေါ်ထပ်များကို ငှားရမ်းလုပ်ကိုင်ကြသည်။

အချို့မှာမူ ငှားရမ်းမှုမရှိဘဲ လမ်းလျှောက်ကားဂိတ်များလုပ်ကိုင်ကြသည်။ တိုက်ခန်းငှားခဈေးမြင့်လာခြင်း၊ ယာဉ်ကြောပိတ်ခြင်းများရှိ၍ နယ်ပို့ကုန်များ အလာများသော မြို့တွင်းနှင့်နီးသည့် သွားလာရေးလွယ်ကူသော လမ်းမတော်၊ အလုံ၊ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ကမ်းနားလမ်းဟောင်းလမ်းသစ်အပါအဝင် လူနေရပ်ကွက်အတွင်း နယ်ပို့အဝေးပြေးကုန်တင်ယာဉ်ဂိတ်များ ဖွင့်လှစ်လုပ်ကိုင်နေသည်ကို လိုင်းကားများပေါ်မှ မြင်တွေ့နေရဆဲဟု လသာမြို့နယ်မှ ဘုရင့်နောင်သို့ အလုပ်လုပ်ကိုင်နေသူ ကိုဝင်းဇော်က ပြောသည်။

ဘုရင့်နောင်ပွဲရုံတန်းရှိ အဓိက ဝင်၊ ထွက်ပေါက်လမ်းမကြီးများ၊ ကားကြီးဝင်းဘေးကားလမ်းမများကို မြို့တော်စည်ပင်က လမ်းခင်းပေးရာ အင်ကြင်းလမ်းမကြီးသည် ကွန်ကရစ်လမ်းဖြစ်လာသည်ကို ယခုနှစ်အတွင်း မြင်တွေ့လာရသည်ဟု ခရေလမ်းနေ လုပ်ငန်းရှင် ဦးအောင်မြင့်က ပြောသည်။

၁၉၉၀ ခုနှစ်ဝန်းကျင် ရန်ကုန်မြို့တွင်းမှ ယခုဘုရင့်နောင်နေရာသို့ သက်ဆိုင်ရာက ပြောင်းရွှေ့ခဲ့ချိန် ကြုံတွေ့ကြားသိရသည့် ဖြစ်စဉ်မျိုးကို နှစ်ပေါင်း ၂၅ နှစ်ဝန်းကျင်အကြာ ယခုအချိန်ပြန်လည် မြင်တွေ့ကြားသိရခြင်းမျိုးဖြစ်နေသည်ဟု ယင်းဖြစ်စဉ်ကြုံတွေ့ခဲ့ရသော တိုက်ပိုင်တစ်ဦးက ပြောသည်။

တပ်မတော်ပိုင်မြေနေရာအား နှစ် ၃၀ မြို့တော်စည်ပင်ကငှားရမ်းခဲ့ရာ ၂၀၂၀ ခုနှစ်တွင် သက်တမ်းစေ့မည်ဖြစ်သည်။ သို့ဖြစ်ရာ ဘုရင့်နောင်ပွဲရုံမြေငှားဂရန် ၂၅ နှစ်သက်တမ်းသည် ၂၀၁၈ မှ ၂၀၂၄ ခုနှစ်အတွင်း သီးခြားစီအမျိုးမျိုးကုန်ဆုံးမည်ဖြစ်သော်လည်း ဂရန်အားလုံးတစ်ပြေးညီ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ကုန်ဆုံးရန်သက်တမ်းပြင်ဆင်ပေးမည်ဟု အသိပေးလာသည်။

ယခုကျင်းပသော အထူးအစည်းအဝေး၌ မီဒီယာများကို ဖိတ်ကြားခြင်းမရှိသော်လည်း လူမှုကွန်ရက်ပေါ်တင်ထားသော အစည်းအဝေးဖိတ်စာကြောင့် အများစိတ်ဝင်စားနေသော အဆိုပါဖြစ်စဉ်နှင့်ဆက်နွှယ်သတင်းများကို ရေးသားအသိပေးနိုင်ခဲ့သည်ဟု သတင်းသမားတစ်ဦးက ပြောသည်။ စိတ်မပူရန် ပြောဆိုခြင်းနှင့်အညီ လုပ်ဆောင်ခြင်းများကိုလည်း အများပြည်သူထံ အသိပေးနိုင်ရန် သတင်းများ ထပ်မံရယူရေးဆောင်ရွက်ရန်ရှိသေးသည်ဟု ပြောသည်။

**(မောင်စေအောင်)**

# ရမည်းသင်းတွင် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေး

**ရမည်းသင်း မေ ၂၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ၂၀၁၇ ခုနှစ် မိုးရာသီ သီးနှံများအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် တောင်သူများအခက်အခဲမရှိစေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရမည်းသင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက သဲကွဲကျေးရွာအုပ်စုအစုအဖွဲ့ ၂၁ ဖွဲ့ရှိ တောင်သူ ၆၁ ဦးအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၄၅၀ ဒသမ ၅၀ သိန်းကို မေလ တတိယပတ်က စတင် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်အတွင်း ၂၀၁၇ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေကို ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၅ အုပ်စုရှိ တောင်သူများအား စိုက်ပျိုးသီးနှံ စပါး ၄၇၀၀၀ နှင့် အခြားသီးနှံ ဧက ၈၂၅၀၀ အတွက် ချေးငွေ ကျပ် ၁၁၁၇၅၀ သိန်းထုတ်ချေးပေးရန်လျာထားကြောင်း မြန်မာ့ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ သိရသည်။

**ဇော်ဝင်းအောင်(ပြန်/ဆက်)**

# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်

**ဘုတ်ပြင်း မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ကြီးမှူး၍ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်း (၅/၂၀၁၇)ကို ယနေ့ နံနက်ပိုင်းက မြို့နယ်သပြေခန်းမ၌ စတင်ပို့ချလျက်ရှိကြောင်း သိရသည်။



သဘာဝဘေးများ၊ ထူးခြားဖြစ်စဉ်များ ကြုံတင်သတိပေးစနစ်ကို ခြုံငုံလေ့လာခြင်း၊ အဖွဲ့အလိုက်ပူးပေါင်းဆောင်ရွက်ခြင်း၊ ရပ်ရွာအခြေပြုစီမံခန့်ခွဲမှု၊ မီးဘေးအန္တရာယ်၊ ဘေးအန္တရာယ်တုံ့ပြန်မှုနှင့် ပြန်လည်ကောင်းမွန်လာခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း၊ ရှေးဦးပြုစုခြင်း စသည့် ဘာသာရပ်များကို တနင်္သာရီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြည်လည်နေရာချထားရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့တို့ပူးပေါင်းကာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၊ ရပ်ရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် လူငယ်များ စုစုပေါင်း ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက် ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

**❒ မောင်တောမြို့မှ**

ဘုန်းတော်ကြီးကျောင်းမြေနေရာ၊ ရဲစခန်းမြေနေရာ၊ ရေကန်မြေနေရာ၊ အုပ်ချုပ်ရေးမှူးရုံး မြေနေရာ၊ ကျန်းမာရေးဌာနခွဲမြေနေရာ၊ အားကစားကွင်းမြေနေရာစသည်ဖြင့် ကျေးလက်ဒေသတစ်ခုတွင် ရှိသင့်ရှိထိုက်သော ကဏ္ဍများ ပါဝင်ထည့်သွင်းထားပြီး မောင်တောမြို့တောင်ပိုင်း မောင်တော-အငူမော်ကားလမ်းဘေးတွင် အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

တန်ဖိုးနည်းနေအိမ်အလုံး ၁၀၀ ကို တာဝန်ယူတည်ဆောက်ပေးနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(စစ်တွေ)မှ တာဝန်ခံအင်ဂျင်နီယာ ဦးဘိုသန်းဋ္ဌေး (လက်ထောက် အင်ဂျင်နီယာ၊ မြို့ပြ)က "လတ်တလောတော့ ရာခိုင်နှုန်း ၄၀ လောက်ပြီးပြီလို့ ပြောလို့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ ဒေသအခြေအနေနဲ့ တခြားအကြောင်းအရာလေးတွေကြောင့် အလုပ်သမားခေါ်ယူမှုအပိုင်းက အစအခက်အခဲနည်းနည်းတော့ ရှိပါတယ်။ စီမံကိန်းကာလအနေနဲ့ အတိအကျ ဘယ်အချိန်ပြီးမယ်ပြောလို့မရပေမယ့် အမြန်ဆုံးတော့ ကျွန်တော်တို့ကြိုးစားပြီး လုပ်ဆောင်နေပါတယ်။ ဒါကြောင့် ဒီနှစ်အတွင်းတော့ ဒီတန်ဖိုးနည်းနေအိမ်အလုံး ၁၀၀ မှာ ဒေသခံတွေကို အမြန်ဆုံးနေရာချထားပေးနိုင်မှာပါ" ဟု ပြောကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် စတင်အကောင်ထည်ဖော်နေသော ကျောက်ပန္နူကျေးရွာသစ်သည် အကျယ်အဝန်းအားဖြင့် ၂၁ ဧကကျယ်ဝန်းပြီး ယခုအခါ နေ့စဉ်ပြည်တွင်းအင်ဂျင်နီယာများအပါအဝင် အလုပ်သမားအင်အား ၆၀ ဝန်းကျင်ဖြင့် လုပ်ငန်းများလုပ်ဆောင်လျက်ရှိရာ လတ်တလောရာခိုင်နှုန်း ၄၀ ကျော်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။ အိမ်အမျိုးအစားမှာ Precast အမျိုးအစားဖြစ်ပြီးပေ ၆၀ × ပေ ၄၀ ကျယ်ဝန်းကာ အမိုးမှာသွပ်မိုးဖြစ်သည်။ အိမ်တစ်လုံးချင်းတန်ဖိုးမှာ ကျပ် ၆၅ သိန်းကုန်ကျမည်ဖြစ်ပြီး ဒေသတွင်းတိုင်းရင်းသားလူမျိုးများနေထိုင်နိုင်ရန်အတွက် အမြန်ဆုံးအကောင်အထည်ဖော်လျက်ရှိသည်။ အလုပ်အကိုင်အတွက် မိသားစုအလိုက် လယ်မြေများကိုလည်းခွဲဝေပေးနိုင်ရန် ခရိုင်အုပ်ချုပ်ရေးရုံးက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မောင်တောခရိုင်အတွင်း ယခုကဲ့သို့ အလားတူ တန်ဖိုးနည်းနေအိမ်ကျေးရွာသစ်များကို ထပ်မံတိုးချဲ့တည်ဆောက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

**❖ မကာအိုနှင့် အာရှဖလားခြေစစ်ပွဲမှ**

အသင်းကို အိမ်ကွင်း၌ရှုံးနိမ့်ခဲ့သောကြောင့် ခြေစစ်ပွဲအောင်ရန် ဖိအားဝင်သွားခဲ့ရပြီး လက်ကျန်ပွဲများတွင်အမှားလုပ်၍မရတော့ပေ။

မြန်မာ့လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားမည့် စင်ကာပူလက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့်အသင်းဖြစ်ပြီး ယခုလအတွင်း နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်သည်။ နီဂါတာအသင်းသည် စင်ကာပူလိဂ်တွင် လာရောက်ကစားနေသည့် ဂျပန်လူမျိုးအများစုဖြင့်ဖွဲ့စည်းထားပြီး ထိပ်တန်းအဆင့်ရှိသည့် အသင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄၈ စီး၊ သွင်းကုန် ၅၇၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၉၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။









အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၆၇၂ သန်းခန့်) စုစုပေါင်းတားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅ ဒသမ ၁၇၂ သန်းခန့်)ကို သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၈ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် Toyota Mark II, Mitsubishi Canter (Truck), Mitsubishi Pajero နှင့် Toyota Wish ယာဉ်တို့ကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြခြင်းမရှိသဖြင့် အဆိုပါယာဉ်လေးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)** ❒

## မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး သံတွဲမြို့နယ်အတွင်း လှည့်လည်ကြေညာ

**သံတွဲ မေ ၂၉**

သံတွဲမြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီသည် ယနေ့မွန်းလွဲပိုင်းက မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မုန်တိုင်းသတိပေးချက်များကို ပြည်သူများသိရှိပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်အတွင်း လှည့်လည်ကြေညာလျက်ရှိကြောင်း သိရသည်။



အဆိုပါမိုရာမုန်တိုင်းငယ်၏အခြေအနေမှာ ယနေ့နံနက် ၉ နာရီခွဲအချိန်တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ပြီး မုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ ရခိုင်ကမ်းရိုးတန်းအနီးမှ ရွေ့လျားမည့်အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ထားရှိသည်။ ကမ်းနီးကမ်းဝေးသွား ငါးဖမ်းရေယာဉ်များ၊ ခရီးသွားရေယာဉ်များ ပင်လယ်ပြင်သို့ မထွက်ကြရန်နှင့် ရပ်ကွက်/ကျေးရွာနှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်း၊မြေပြိုခြင်းများဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုကြပါရန် နှိုးဆော်ချက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ မုန်တိုင်အန္တရာယ်ကျရောက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သံတွဲမြို့နယ် မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့များက အသင့်အနေအထားဖြင့် ကြိုတင်ပြဆင်မှုများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ဘူးသီးတောင်မြို့နယ်၌ ရာအိမ်မှူးတစ်ဦး အသတ်ခံရ

**နေပြည်တော် မေ ၂၉**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် မီးကျောင်းခေါင်းစွဲ ကျေးရွာနေ ရာအိမ်မှူးတစ်ဦးအား ယမန်နေ့ ညနေပိုင်းက အမည်မသိလူတစ်စုက ဝိုင်းဝန်းသတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘူးသီးတောင်မြို့နယ် မီးကျောင်းခေါင်းစွဲကျေးရွာ ရာအိမ်မှူး တာဟဲရ်အား ယမန်နေ့ ညနေ ၄ နာရီခွဲခန့်က အမည်မသိလူတစ်စုက ဝိုင်းဝန်းသတ်ဖြတ်ခဲ့ကြောင်း သိရသဖြင့် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ရာအိမ်မှူး တာဟဲရ်မှာ လည်ပင်းထိုးသွင်းဒဏ်ရာ၊ ယာမျက်ခုံးပြတ်ရှ၊ နှုတ်ခမ်းပြတ်ရှ ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိရသဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးရန်ကင်းကွာ လွန်ချမ်းသာ**

## ဆိုင်ကလုန်းမုန်တိုင်းသတိပေးချက်နှင့်ပတ်သက်၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

- ၂၀၁၇ ခုနှစ် မေ ၂၉ ရက် နံနက် ၁၁ နာရီအချိန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနကထုတ်ပြန်သည့် မုန်တိုင်းသတိပေးချက် အမှတ်စဉ်(၀၅)၊ ၂၀၁၇အရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိုရာ" (Mora)သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ပုသိမ်မြို့၏အနောက်ဘက် ၁၉၅ မိုင်ခန့်၊ စစ်တွေမြို့၏ အနောက်တောင်ဘက်မိုင် ၁၈၀ ခန့်၊ ကျောက်ဖြူမြို့၏ အနောက်တောင်ဘက်မိုင် ၁၇၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ တောင်-အနောက်တောင်ဘက်မိုင် ၂၉၀ ခန့်အကွာပင်လယ်ပြင်ကို ဗဟိုပြုနေကြောင်းနှင့် နောက် ၁၂ နာရီအတွင်း အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်ကြောင်း သိရှိရသည်။
- မိုးလေဝသပညာရှင်များခန့်မှန်းချက်အရ မုန်တိုင်းသည် ပိုမိုအားကောင်းသောဆိုင်ကလုန်းမုန်တိုင်း MORA အဖြစ်သို့ရောက်ရှိလာပြီးနောက် ၂၉-၅-၂၀၁၇ မွန်းလွဲပိုင်းမှစ၍ ရခိုင်ကမ်းရိုးတန်းအနီးသို့ချဉ်းကပ်လာနိုင်ပြီး လေဒဏ်မိုးဒဏ်များ အဖျားခတ်လာနိုင်သည်။ မုန်တိုင်းသည် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းအနီးမှရွေ့လျားမည့် အခြေအနေရှိပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ထုတ်ပြန်ထားပါကြောင်းနှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ မုန်တိုင်းဘေးကြိုတင်အသင့်ဖြစ်စေရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအနေဖြင့် အောက်ဖော်ပြပါကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း အကြံပြုအပ်ပါသည်-
  - (က) အရေးပေါ်ပြောင်းရွှေ့နိုင်ရန် စီစဉ်ထားပြီး လက်နှိပ်ဓာတ်မီး၊ ဖယောင်းတိုင်၊ မီးခြစ်များ အရန်သင့်ဆောင်ထားပါ။ လက်ကိုင်ဖုန်းများကို အားသွင်းထားပါ။
  - (ခ) မိသားစုများကွဲကွာသွားပါက ပြန်လည်ဆုံတွေ့နိုင်မည့် ဆုံရပ်သတ်မှတ်ထားပါ။
  - (ဂ) မုန်တိုင်းဖြစ်ပေါ်နေချိန်တွင် ခိုင်ခံ့လုံခြုံသော အဆောက်အအုံ၊ အမိုးအကာအောက်တွင် နေထိုင်ပါ။
  - (ဃ) ကမ်းခြေများတွင် ရောက်ရှိအပန်းဖြေနေသူများ သတိပြုနေထိုင်ပါ။
  - (င) မုန်တိုင်းငယ်၏အရှိန်ကြောင့် ကုန်းတွင်းပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းရာမှ တစ်ဆင့် ဖြစ်ပေါ်တတ်သည့် လျှပ်တစ်ပြက်ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများကိုလည်း အထူးသတိထားပါ။
  - (စ) တောင်ကျချောင်းများတွင် ရုတ်တရက်ရေကြီးမှုများဖြစ်လာနိုင်သဖြင့် တောင်ကျချောင်းများအနီးနေထိုင်သူများ အထူးသတိထားနေထိုင်ပါ။ လိုအပ်ပါက လုံခြုံသည့်နေရာသို့ရွှေ့ပြောင်းပါ။
  - (ဆ) မြစ်ချောင်းများအနီးနှင့် မြေပြိုမှုများဖြစ်ပေါ်နိုင်သည့်နေရာများမှ ခေတ္တရှောင်ရှားနေထိုင်ပါ။
  - (ဇ) မုန်တိုင်းဒဏ်ကို တိုက်ရိုက်မခံစားရသော်လည်း ကုန်းတွင်းပိုင်းဒေသများဖြစ်သော ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့တွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းများ၊ မြေပြိုခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မိုးကြိုးပစ်ခြင်းများလည်း ဖြစ်ပေါ်နိုင်သည့်အတွက် အထူးသတိပြုနေထိုင်ပါ။
  - (ဈ) မြစ်ကမ်းနှင့် ချောင်းကမ်းအနီးရှိသောပြင်များတွင် ရာသီပင်များစိုက်ပျိုးနေထိုင်သူများသည်လည်း ရေလွတ်ရာနေရာများသို့ ခေတ္တရွှေ့ပြောင်းနေထိုင်ပါ။
- ပြည်သူများအနေဖြင့် မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့်ပတ်သက်၍ စဉ်ဆက်မပြတ်လေ့လာကာ အရေးပေါ်အချိန်တွင် သက်ဆိုင်ရာတာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုများအတိုင်း လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ၂၄ နာရီဖွင့်လှစ်ထားရှိသော Call Centre ဖုန်းများဖြစ်သည့် (၀၆၇-၄၀၄၆၆၆ နှင့် ၀၆၇-၄၀၄၇၇၇)တို့သို့ အချိန်မရွေး ဆက်သွယ်အကူအညီတောင်းခံနိုင်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ဦးဆောင်မှုဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မုန်တိုင်းအန္တရာယ်နှင့်ပတ်သက်၍ လိုအပ်သည့်စီမံခန့်ခွဲမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မုန်တိုင်းဖြစ်ပေါ်မှုအခြေအနေနှင့်ပတ်သက်၍ သတင်းဆက်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြည်သူသို့အသိပေးဖော်ပြအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ**
**စီမံခန့်ခွဲမှုကော်မတီ**

# ဂန္ထဝင်များရဲ့ နှုတ်ဆက်ချိန်









***တကယ်တော့ ၂၀၁၇ ဘောလုံးရာသီဟာ ဂန္ထဝင်များရဲ့နှုတ်ဆက်မှုကို အများဆုံး မြင်တွေ့ရတဲ့ ရာသီတစ်ခုလို့ သတ်မှတ်လို့ရပါတယ်။ ဘိုင်ယန်အသင်းခေါင်းဆောင် ဖိလစ်လမ်း၊ အလွန်ဆို၊ တော့တီတို့ကစားသမားဘဝကို ကျောခိုင်းသွားပြီဖြစ်သလို တယ်ရီကတော့ ကစားသမားဘဝ အနားယူမယ့်ကိစ္စကို အတည်မပြုပေမယ့် ဘာမှ သေသေချာချာမရှိတဲ့အနေအထားဖြစ်ပါတယ်။ ကစားသမားတစ်ဦးရဲ့ဖြစ်တည်မှုဟာ အစမှာ မျှော်လင့်ချက်တွေနဲ့ တောက်ပခဲ့ပြီး အဲဒီကမှတစ်ဆင့် ရေရှည်အောင်မြင်မှု ရရှိဖို့အတွက် ပင်ကိုပါရမီအပြင် ကြံ့ခိုင်မှု၊ ကြိုးစားမှု၊ လေ့ကျင့်သင်ကြားမှု၊ စည်းကမ်း လိုက်နာမှုတွေထပ်ပိုးပြီး အမြင့်မားဆုံးအောင်မြင်မှုဆီကို သူ့ထက်ငါ ရောက်အောင် ပျံသန်းခဲ့ကြရတာပဲဖြစ်ပါတယ်။ ကစားသမားဘဝအကောင်းဆုံးအချိန်ကို ၁၀ စုနှစ် တစ်ခုကျော်ကြာ ရရှိပြီးချိန်မှာတော့ နှုတ်ဆက်ချိန်ဆိုတာကို မြင်တွေ့ကြရပြန်ပါတယ်။***

ဘောလုံးလောကရဲ့ အထင်ကရကစားသမားတွေဖြစ်တဲ့ တော့တီနဲ့ တယ်ရီတို့ သက်ဆိုင်ရာကလပ်အသင်းတွေကနေ နှုတ်ဆက်ထွက်ခွာသွားတဲ့ မေ ၂၈ ရက်ကို ဂန္ထဝင်များရဲ့ နှုတ်ဆက်မှတ်တမ်း ဖော်ဆောင်တဲ့နေ့ရက်လို့တောင် အမည်ပေးရမှာဖြစ်ပါတယ်။ ကစားသမားတစ်ဦးဖြစ်တည်လာပြီဆို စတင်ချိန်ရှိသလို အဆုံးသတ်ချိန်ဆိုတာလည်းရှိတာကြောင့် ကစားသမားဘဝကနေ အနားယူမယ်ဆိုတာ အသက်(၃၀)ကျော်လာတဲ့ ကစားသမားအများစုကြုံတွေ့ထားပြီးသား ကိစ္စဖြစ်နေတတ်ပါတယ်။ ဒါပေမယ့် ရိုးမားတိုက်စစ်မှူးကြီး တော့တီနဲ့ ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီတို့ရဲ့ နှုတ်ဆက်မှတ်တမ်းဟာ အခြားကစားသမားများထက် အနည်းငယ်ထူးခြားတယ်ဆိုတာတော့ သေချာပါတယ်။ ဘာလို့ပါလဲ။

"ရေကြည်ရာ မြက်နုရာ" ရှာကြတဲ့ ခေတ်ကြောင့် ငွေကြေးအတွက်ဖြစ်စေ၊ နာမည်ဂုဏ်သတင်းအတွက်ဖြစ်စေ၊ ဆုဖလားအောင်မြင်မှုအတွက်ဖြစ်စေ ကစားသမားတွေဟာ သူတို့ကို စတင်မွေးဖွားတဲ့ အသင်းတွေကနေ ထွက်ခွာပြီး အခြားအသင်းတွေဆီကို ပြောင်းရွှေ့ကစားကြတာဟာ ဘောလုံးလောကတွင်းဖြစ်ပျက်နေကျ ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါတယ်။

ဒါပေမယ့် တော့တီဟာ သူ့ရဲ့ ကစားသမားဘဝကို ရိုးမားအသင်းမှာပဲစတင်ပြီး ဒီအသင်းမှာပဲ ၂၅ နှစ်ကြာ ကျင်လည်ပြီး အဆုံးသတ်သွားပါတယ်။ မေ ၂၈ ရက် ရိုးမားနဲ့ ဂျီနိုအာတို့ ကစားတဲ့ပွဲဟာ တော့တီရဲ့ပွဲလို့တောင် ပြောလို့ရပြီး ရိုးမားပရိသတ်တွေက သူတို့အသင်းခေါင်းဆောင် ဘောလုံးသမားဘဝကနေ နှုတ်ဆက်ထွက်ခွာတာကို ကွင်းလုံးပြည့်ဆိုင်းဘုတ်များကိုင်ဆောင်ပြီး ဂုဏ်ပြုခဲ့ကြပါတယ်။

တော့တီဟာ ၁၉၈၉ ခုနှစ်ကတည်းက ရိုးမားလူငယ်အကယ်ဒမီကို စတင်ရောက်ရှိပြီး ၁၉၉၂ ခုနှစ်မှာတော့ ရိုးမားအသင်းကြီးမှာ ပွဲထွက်ခွင့်ရလာတာပါ။ သူ့အနေနဲ့ ရိုးမားလူငယ်အသင်းမှာနဲ့ ပထမအသင်းကြီးမှာ ကျင်လည်ခဲ့တဲ့ စုစုပေါင်းအချိန်တွေကို ရေတွက်ရင် ၂၈ နှစ် ကြာပါတယ်။ ဒါကြောင့် ရိုးမားအသင်းဟာ တော့တီရဲ့ဘဝ၊ ရိုးမားသာ တော့တီရဲ့ဖြစ်တည်ရာဖြစ်နေပြီး သူကွင်းထဲဝင်လာရင်ကို ပရိသတ်တွေက ခြေစွမ်းပြပြ၊ မပြပြ ချစ်ခင်မှုနဲ့ လက်ခုပ်သံတွေ ဝေစည်နေတတ်တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ရိုးမားတို့ ယှဉ်ပြိုင်တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ တော့တီ ကွင်းထဲဝင်လာချိန်မှာ ရီးယဲလ်နည်းပြ ဇီဒန်းနဲ့ ရီးယဲလ်ပရိသတ်တွေကတောင် လက်ခုပ်တီးကြိုဆိုမှုပြုခဲ့တာကို တွေ့ရပါတယ်။

ဂျီနိုအာနဲ့ ပွဲအပြီး မျက်ရည်တွေကြားကနေ ပြောကြားတဲ့ တော့တီရဲ့နှုတ်ဆက်စကားဟာ ပရိသတ်တွေရဲ့ မေတ္တာကို ပိုပြီးတော့ ရယူသွားနိုင်ခဲ့သလို ပရိသတ်တွေဆီ တော့တီရေးသားတဲ့ နှုတ်ဆက်စာလွှာဟာလည်း ပရိသတ်တွေရဲ့ မျက်ရည်ကို ခြွေယူနိုင်ခဲ့တယ်လို့တောင် ဆိုရမှာဖြစ်ပါတယ်။ တော့တီက "မနက်ဖြန် ဘာဖြစ်မယ်ဆိုတာကို ကျွန်တော်အခုထိ မတွေးနိုင်အောင် ဖြစ်နေဆဲပဲ။ ကိုယ့်ကိုယ်ကိုယ် ကလေးတစ်ယောက်လို့ ခင်ဗျားတို့ တွေးကြည့်ပါ။ ခင်ဗျားကို ခင်ဗျားအမေက ကျောင်းသွားဖို့ လာနှိုးမယ်။ ခင်ဗျားလမ်းကြောင်း သွေဖည်မှုမရှိအောင် အားထုတ်ရမယ်။ အိပ်မက်တွေအများကြီးနဲ့ ရှင်သန်ခွင့်ရတယ်။ ဒါပေမယ့် ခုအချိန်က အိပ်မက်မက်လို့ မရတော့တဲ့ လက်တွေ့ဘဝပါ။ အကြာကြီး ခြေချော်ခွင့်မရှိတဲ့အချိန်ပါ"လို့ ခံစားမှုအပြည့်ပါတဲ့ စာလွှာတစ်စောင်ကို ရေးသားခဲ့ပါတယ်။

တော့တီရဲ့ ဒီပြောစကားက သူ့အနေနဲ့ ရိုးမားကစားသမားဘဝကို စွန့်လွှတ်ဖို့ ဘယ်လောက်အထိ ခက်ခက်ခဲခဲဆုံးဖြတ်ရသလဲဆိုတာ ပိုမိုပေါ်လွင်သွားစေခဲ့ပါတယ်။ ရိုးမားအသင်းက တော့တီကျောနံပါတ်(၁၀) ရေးထိုးထားတဲ့ မှန်ဘောင်သွင်းတစ်ခုကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ချိန်မှာ သူ့ဇနီးနဲ့ ကလေးတွေက သူနဲ့အတူ ရှိနေပေးခဲ့ပါတယ်။ တော့တီက ပြီးခဲ့တဲ့ ကြာသပတေးနေ့ကတည်းက ဂျီနိုအာနဲ့ပွဲဟာ သူ့ရဲ့ ရိုးမားဂျာစီကို ဝတ်ဆင်တဲ့ နောက်ဆုံးနေ့ဖြစ်ပြီး စိန်ခေါ်မှုအသစ်တွေကိုရင်ဆိုင်ဖို့ အသင့်ပြင်ရတော့မယ်ဆိုတဲ့ စကားနဲ့ သူအနားယူမယ်ဆိုတာကို ကြိုတင်အသိပေးခဲ့ပါတယ်။

တော့တီအတွက် ဝမ်းနည်းစရာကောင်းတာ တစ်ခုက ဒီနှစ်မှာ ရိုးမားအသင်းဖလားလက်မဲ့ရာသီဖြစ်ခဲ့တဲ့အတွက် ဆုဖလားကိုင်မြှောက်ပြီး ကစားသမားဘဝကို ကျောခိုင်းခွင့်မရရှိခြင်းပါ။ ဒ့ါအပြင် တော့တီဟာ အီတလီလက်ရွေးစင်အသင်းကနေ စောစောစီးစီး အနားယူသွားခဲ့သူဖြစ်တာကြောင့် ၂၀၀၆ ခုနှစ် အီတလီအသင်းနဲ့အတူ ကမ္ဘာ့ဖလားကိုပါ ကိုင်မြှောက်ခွင့်မရခဲ့ပါဘူး။ တော့တီရဲ့ ရိုးမားကစားသမားဘဝ ၂၅ နှစ်တာကာလအတွင်းမှာလည်း စီးရီးအေဖလား တစ်ကြိမ်၊ ကိုပါအီတလီယာဖလားနှစ်ကြိမ်၊ စူပါကိုပါ အီတလီယာဖလားနှစ်ကြိမ်သာ ရရှိခဲ့တာကြောင့် ဒီအောင်မြင်မှုဟာ သူ့လို ဂုဏ်သိက္ခာကြီးမြင့်တဲ့ ကစားသမားတစ်ဦးအတွက် လုံလောက်တဲ့အောင်မြင်မှုတော့မဖြစ်ခဲ့ပါဘူး။

ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီကတော့ အက်ဖ်အေဖလားအပြီး ချယ်လ်ဆီးရဲ့ တစ်နှစ်တာ အကောင်းဆုံးဆုပေးပွဲနဲ့ ချန်ပီယံအောင်ပွဲခံ အခမ်းအနားအတွင်း ဂုဏ်ပြုလက်ဆောင်ကို လက်ခံရယူပြီးချိန်မှာ သူ့ရဲ့ ချယ်လ်ဆီးကစားသမားဘဝကို နိဂုံးချုပ်လိုက်တာဖြစ်ပါတယ်။ တယ်ရီက သူ့အနေနဲ့ ကစားသမားဘဝက အနားယူဖြစ်မယ်၊ မယူဖြစ်ဘူးဆိုတာ သေချာအချိန်ယူပြီး ဆုံးဖြတ်ဦးမယ်လို့ဆိုထားတာကြောင့် ကစားသမားဘဝကနေ အနားယူဖို့ မသေချာပေမယ့် ချယ်လ်ဆီးကစားသမားဘဝကို နှုတ်ဆက်ခဲ့ရပြီဆိုတာ သေချာပါတယ်။

အသက်(၃၆)နှစ်အရွယ် တယ်ရီကို ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ ဆွမ်ဆီး၊ ဘုန်းမောက်နဲ့ ဝက်စ်ဘရွန်းအသင်းတွေက ချိတ်ဆက်နေပြီး အမေရိကန် မေဂျာလိဂ်ကလပ်အသင်းအချို့နဲ့ တရုတ်စူပါလိဂ်အသင်းတွေကလည်း ကမ်းလှမ်းထားကြပါတယ်။ တယ်ရီက လူတွေက သူဘယ်ကို ပြောင်းမလဲဆိုတာကိုသာ မေးနေကြပြီး သူ့အတွက် ရွေးချယ်စရာ နည်းတယ်လို့ ပြောရင် မယုံကြည်ကြဘူးလို့ အင်တာဗျူးတစ်ခုမှာ ဖြေကြားခဲ့ပါတယ်။ ဒါကြောင့် အနာဂတ်ကိစ္စကို ခေါင်းအေးအေးထား စဉ်းစားပြီးမှသာ ကစားသမားဘဝကို နှုတ်ဆက်မလား၊ အခြားအသင်းတစ်ခုကို ရွေးချယ်မလား စဉ်းစားမယ်လို့ မတင်မကျဖြေကြားခဲ့တာဖြစ်ပါတယ်။

တယ်ရီဟာ အာဆင်နယ်ကို ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးနိမ့်တဲ့ပွဲစဉ် ချယ်လ်ဆီးအသင်းလူစာရင်းမှာ ပါဝင်ပေမယ့် လူစားလဲ ကစားသမားအဖြစ် ဝင်ရောက်မကစားခဲ့ရပါဘူး။ ချယ်လ်ဆီးအနေနဲ့ ဖလားနှစ်လုံးနဲ့ အောင်ပွဲခံဖို့ ရည်ရွယ်ချက်နဲ့ အက်ဖ်အေဖလားအပြီးမှာ ဂုဏ်ပြုပွဲကျင်းပဖို့ စီစဉ်ထားခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် အက်ဖ်အေဗိုလ်လုပွဲမှာ အာဆင်နယ်ကို အရေးနိမ့်ခဲ့တာကြောင့် တယ်ရီအနေနဲ့ ပရီမီယာလိဂ်ဖလားကို ကိုင်မြှောက်ပြီး ချယ်လ်ဆီးကစားသမားဘဝကို နှုတ်ဆက်ခဲ့ရတာဖြစ်ပါတယ်။

သူဟာ လန်ဒန်မြို့အခြေစိုက် ကလပ်အသင်းမှာပဲ နှစ် ၂၀ ကျော် ကျင်လည်ခဲ့ပြီး ပရီမီယာလိဂ်ဖလား ငါးကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ ယူရိုပါလိဂ်ဖလား တစ်ကြိမ်၊ အက်ဖ်အေဖလားလေးကြိမ်၊ လိဂ်ဖလား သုံးကြိမ်အထိ ရယူနိုင်ခဲ့သူဖြစ်ပါတယ်။ တယ်ရီဟာ သူတို့မျိုးဆက်ရဲ့ အကောင်းဆုံးနောက်ခံလူဆိုတာကို တစ်ဦးချင်းအလိုက်ရရှိခဲ့တဲ့ ဆုတံဆိပ်တွေကို ကြည့်ပြီး အဖြေထုတ်မယ်ဆိုရင်လည်း ထင်ထင်ရှားရှားပါ။ ယူအီးအက်ဖ်အေကပေးအပ်တဲ့ အကောင်းဆုံး နောက်တန်းခံစစ်ကစားသမားဆုကို ၂၀၀၅၊ ၂၀၀၈ နဲ့ ၂၀၀၉ ခုနှစ်တို့မှာ ရယူနိုင်ခဲ့သလို ပီအက်ဖ်အေ(ပရော်ဖက်ရှင်နယ်ဘောလုံးအသင်း)က ပေးအပ်တဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ၂၀၀၅ ခုနှစ်မှာ ရရှိခဲ့ပါတယ်။ ဒ့ါအပြင် ဖီဖာ အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းမှာလည်း ၂၀၀၅ ခုနှစ်ကနေ ၂၀၀၉ ခုနှစ်အထိ ငါးနှစ်ဆက်တိုက် ပါဝင်ခဲ့သူဖြစ်ပါတယ်။ ဒီလို ချယ်လ်ဆီးနဲ့ အောင်မြင်မှုအလီလီ ရယူခဲ့တဲ့ တယ်ရီတစ်ယောက် ခုတော့ ချယ်လ်ဆီးနဲ့ လမ်းခွဲချိန်ကို ရောက်ရှိလာပါပြီ။

တယ်ရီရဲ့နှုတ်ဆက်စကားမှာတော့ ချယ်လ်ဆီးအသင်းဟာ သူမျှော်လင့်ထားတာထက် အများကြီးပေးအပ်ခဲ့တဲ့အသင်းဖြစ်ပြီး လေ့လာသင်ယူစရာတွေများစွာနဲ့ ဘဝကို အဓိပ္ပာယ်ရှိအောင် ဖြတ်သန်းခွင့်ပေးခဲ့တာကြောင့် အမြဲကျေးဇူးတင်နေမှာဖြစ်တယ်လို့ ထည့်သွင်းပြောကြားခဲ့ပါတယ်။ တယ်ရီကတော့ သူဟာ နည်းပြဖြစ်ကိုဖြစ်ရမယ်လို့ ရည်ရွယ်ချက်ရှိတယ်လို့ ဆိုခဲ့သေးတဲ့အတွက် တစ်ချိန်ချိန်မှာ နည်းပြအဖြစ် စတန်းဖို့ဒ် ဘရစ်ချ်ကို ပြန်လာဖို့ရှိနေပါတယ်။

တကယ်တော့ ၂၀၁၇ ဘောလုံးရာသီဟာ ဂန္ထဝင်များရဲ့နှုတ်ဆက်မှုကို အများဆုံးမြင်တွေ့ရတဲ့ ရာသီတစ်ခုလို့ သတ်မှတ်လို့ရပါတယ်။ ဘိုင်ယန်အသင်းခေါင်းဆောင် ဖိလစ်လမ်း၊ အလွန်ဆို၊ တော့တီတို့ ကစားသမားဘဝကို ကျောခိုင်းသွားပြီဖြစ်သလို တယ်ရီကတော့ ကစားသမားဘဝ အနားယူမယ့်ကိစ္စကို အတည်မပြုပေမယ့် ဘာမှ သေသေချာချာမရှိတဲ့အနေအထားဖြစ်ပါတယ်။ ကစားသမားတစ်ဦးရဲ့ဖြစ်တည်မှုဟာ အစမှာ မျှော်လင့်ချက်တွေနဲ့ တောက်ပခဲ့ပြီး အဲဒီကမှတစ်ဆင့် ရေရှည်အောင်မြင်မှု ရရှိဖို့အတွက် ပင်ကိုပါရမီအပြင် ကြံ့ခိုင်မှု၊ ကြိုးစားမှု၊ လေ့ကျင့်သင်ကြားမှု၊ စည်းကမ်းလိုက်နာမှုတွေ ထပ်ပိုးပြီး အမြင့်မားဆုံးအောင်မြင်မှုဆီကို သူ့ထက်ငါ ရောက်အောင် ပျံသန်းခဲ့ကြရတာပဲဖြစ်ပါတယ်။ ကစားသမားဘဝ အကောင်းဆုံးအချိန်ကို ဆယ်စုနှစ်တစ်ခုကျော်ကြာ ရရှိပြီးချိန်မှာတော့ နှုတ်ဆက်ချိန်ဆိုတာကို မြင်တွေ့ကြရပြန်ပါတယ်။

ခုတော့ အမြင့်ဆုံးအောင်မြင်မှုရရှိပြီးကြတဲ့ ကစားသမားတွေက ကစားသမားဘဝကို နှုတ်ဆက်ပြီး နယ်ပယ်သစ်တစ်ခုမှာ ကျင်လည်ဖို့ အသစ်တစ်ဖန်စတင်ချိန် ကျရောက်လာပါပြီ။ နောက် ဆယ်စုနှစ်တစ်ခုအတွင်း ဒီကစားသမားတွေဟာ အသင်းမန်နေဂျာတွေဖြစ်နေတာကို မြင်တွေ့ကြရဖွယ်ရှိပြီး ခုကျခဲ့တဲ့ မျက်ရည်တွေနေရာအစား မျိုးဆက်သစ်ကစားသမားတွေနဲ့အတူ ချန်ပီယံဖလားကို ကိုင်မြှောက်အောင်ပွဲခံမှုတွေနဲ့ အစားထိုးသွားဦးမှာ ဖြစ်ပါတယ်။

မေလွဲ့သင်း-စုစည်းသည်

# လက်တွေ့အသုံးချဆေးနည်းတိုများ (၂၅)

ကြည်လွင်မြင့် (မုဒြာ)

**မင်္ဂလာပါရှင့်၊ သမီးရဲ့ အဘွားခြေထောက် နာနေတာ ကြာပြီ။ လွန်ခဲ့တဲ့နှစ်က ကားတိုက်ခံရတဲ့ ဒဏ်လည်း ရှိပါတယ်။ အေးတဲ့အခါဆို နာတာ ပိုဆိုးပါတယ်။ ဒဏ်ကျေအောင် ဘယ်လို လုပ်သင့်သလဲ။ ဆေးနည်းလေး ကျေးဇူးပြုပြီးပေးပါ။**

ဒဏ်ကျေဆေးအဖြစ် ချင်းခြောက်မှုန့် နှစ်ဆ၊ လင်းနေမှုန့် တစ်ဆ ပရဆေးဆိုင်မှာ ရောကြိတ်ခိုင်းပါ။ ရေနွေးနဲ့ ဖျော်လိမ်းပါ။ အရက်ဦးရည်နဲ့ ဖျော်စပ်လိမ်းလို့လည်း ရပါတယ်။ တစ်နေ့ သုံးကြိမ်လောက် လိမ်းပေးပါ။ ချင်းနဲ့ လင်းနေက ဒဏ်ကျေစေပါတယ်။ မှန်မှန်လိမ်းပေးဖို့ လိုပါတယ်။ အရေပြား အနွေးဓာတ်ပေးတာမို့ လေဖြတ်တာလည်း ကာကွယ်စေပါတယ်။ အသက်ကြီးတဲ့ လူကြီးတွေနဲ့ သင့်ပါတယ်။

**အပူကန်ပြီး သွားဖုံးတွေ ကွဲနေတာ ဘယ်လိုလုပ်ရပါမလဲ။ ခရီးသွားများပြီး ဝမ်းချုပ်ရာက စဖြစ်လာခဲ့တာပါ။ ထမင်းမစားနိုင်တာ လေး၊ ငါးရက်ရှိပါပြီ။ ကူညီပြီး ဖြေပေးပါရှင့်။**

တမာရွက် ပြာချပြီး သွားဖုံး၊ သွားခြေမှ သိပ်ပေးပါ။ တမာရွက်ကို ဆားနဲ့ပြုတ်ပြီး ငုံပေးပါ။ ဆားခါးကို လှော်ပြီး ပင်းစားဇွန်း တစ်ဇွန်းကနေ နှစ်ဇွန်းထိ ညအိပ်ရာဝင်ချိန်မှာ သူ့ချည်းဖြစ်ဖြစ်၊ မန်ကျည်းဖျော်ရည်နဲ့ ရောစပ်ပြီးဖြစ်ဖြစ် သောက်ပေးရင် ဝမ်းချုပ်ပြီး အပူအထက်ကန်တာ သက်သာစေနိုင်ပါတယ်။

**ဆရာခင်ဗျာ ခြေဖဝါးမှာ အသားမာတက်ပြီး ထွင်လိုက်ရင် အမျှင်လေးတွေ ထွက်ပါတယ်။ အသားမာတွေက တအားနာပါတယ်။ လမ်းလျှောက်ရတာ အဆင်မပြေပါဘူး။ ကျေးဇူးပြုပြီး ဆေးနည်းရှိရင် ပြောပြပေးပါ။**

ဆားမီးဖုတ်ကို ပူပူလေးနင်းပေးပါ။ ရက်တစ်ပတ်လောက် နင်းပေးရင် အသားမာတက်တာ သက်သာစေနိုင်ပါတယ်။ ရဲယိုရွက်ကို မီးကင် ဖနောင့်မှာကပ် ပတ်တီးစည်းပြီး ညအိပ်ရာဝင်ချိန်ကနေ မနက်အိပ်ရာထချိန်ထိ စည်းပေးရင်လည်း ဖနောင့်နာ သက်သာစေနိုင်ပါတယ်။

**ဆရာရှင့် ခေါင်းမှာ ဗောက်တွေထပြီး ယားနေပါတယ်။ ဘယ်လိုလုပ်ရင် ဗောက်ပျောက်နိုင်ပါသလဲ။**

ရဲယိုသီးအမှည့်ကို အစေ့တွေဖယ်ပြီး ကြေအောင်ခြေပြီး ဗောက်ထတဲ့ ဦးခေါင်းမှာ ပွတ်ပြီး စိမ့်ဝင်အောင် လိမ်းပါ။ ခဏကြာရင် ခေါင်းလျှော်ပစ်ပါ။ သုံးရက်လောက် ပြုလုပ်ရင် ဗောက်တွေကင်းစင်သွားနိုင်ပါတယ်။

**မနက်အိပ်ရာထတိုင်း ရင်ကျပ်နေပါတယ်။ ညအိပ်ရာဝင်ချိန်မှာ ချောင်းဆိုးပါတယ်။ ချွဲ မထွက်ပါဘူး။ ဘယ်လိုလုပ်ရမယ်ဆိုတာ ညွှန်ကြားပေးပါ ဆရာ။**

မနက်အိပ်ရာထချိန်မှာ ရေသောက်ပြီးတာနဲ့ ရဲယိုသီးအမှည့်တစ်လုံးကုန်အောင် ဆားနဲ့တို့ စားပါ။ ချောင်းဆိုးရင်ကျပ်ရောဂါ ပျောက်စေနိုင်ပါတယ်။ ညအိပ်မရအောင် ချောင်းဆိုးရင် ရဲယိုရွက်ကို မီးကင်ပြီး လည်ပင်းမှာကပ်၊ အဝတ်နဲ့ပတ်ပြီး အိပ်ပါ။ ချောင်းဆိုးသက်သာစေပါတယ်။ ရဲယိုသီးအမှည့်ကို ထန်းလျက်နဲ့ ခေါက်စားရင်လည်း လေပူထပြီး ချောင်းဆိုးတာကို သက်သာစေနိုင်ပါတယ်။ (တစ်နည်း) ပူဒီနာရွက်ကို ထန်းလျက်နဲ့ ကျိုပြီး ဆားအနည်းငယ် ထည့်သောက်ရင်လည်း ချောင်းဆိုးရင်ကျပ်ရောဂါ သက်သာစေနိုင်ပါတယ်။

**မင်္ဂလာပါ ဆရာ။ အမျိုးသမီးတွေ ဓမ္မတာ မမှန်ရင် ဘယ်လိုလုပ်သင့်သလဲ ဆရာ။ စိတ်ဖိစီးမှုရှိတဲ့ အခါတွေမှာလည်း ဓမ္မတာ မမှန်လို့ပါရှင့်။**

ဓမ္မတာ ရက်ကျော်ရင် ကြိတ်မှန်ရွက်ကို ထန်းလျက်နဲ့ ကျိုသောက်ပါ။ (တစ်နည်း) ချင်းနဲ့ ထန်းလျက်ပြုတ်ရည်မှာ ဆားလှော် အနည်းငယ်ထည့်သောက်ရင်လည်း ရပါတယ်။ (တစ်နည်း) ဝက်ချေးပနဲပင်ခေါ် တံမြက်စည်းပင်အရွက်၊ အကိုင်းတွေကိုစဉ်းပြီး ထန်းလျက်နဲ့ ရောကျို အကြမ်းပန်းကန် တစ်လုံးလောက် တစ်နေ့ နှစ်ကြိမ်သောက်ပေးရင်လည်း စိတ်ဖိစီးမှုကြောင့် ဓမ္မတာ ပျောက်သွားတာကို ပြန်ပေါ်စေပါတယ်။

**မျက်ကွင်းညိုတာ ဘယ်လိုလုပ်ရမလဲဆရာ။**

အာလူးကို ရေသန့် စင်အောင်ဆေး။ အပြင်ခွံမခွာဘဲ ပါးပါးလှီး ရေသန့်နဲ့ ခဏစိမ်ထား မျက်ကွင်းညိုတဲ့ နေရာမှာ ကပ်ပေးပါ။ မိနစ် ၂၀ လောက်ကပ်ပြီး မျက်နှာသစ်ပါ။ ဝမ်းတွင်းမှာ လေပူရှိရင် မျက်ကွင်းညိုတတ်ပါတယ်။ ဖီးကြမ်းငှက်ပျောသီးမှည့်ကို နေ့စဉ် နှစ်လုံး၊ သုံးလုံးစားပေးရင် မျက်ကွင်းညိုသက်သာစေပါတယ်။

**ချောင်း အဆက်မပြတ်ဆိုးနေတာ ညအိပ်မရပါဘူး။ ချောင်းဆိုးပျောက်ဆေးတွေသောက်ရင် ညဏ်ထိုင်းမှိုင်းတယ်ပြောလို့ မြန်မာဆေးနည်းတိုရှိရင် ပြောပြပေးပါ ဆရာ။**

ရှောက်ရည်နဲ့ ပျားရည် စပ်သောက်တာ အကောင်းဆုံး ချောင်းဆိုးပျောက်ဆေးပါ။ ရှောက်သီး မရရင် သံပရာသီးအရည်နဲ့ ပျားရည် စပ်သောက်လို့လည်း ရပါတယ်။ သံပရာသီးတစ်လုံး အရည်ညှစ်ပြီး ပျားရည်ပင်းစားဇွန်း တစ်ဇွန်း ရောစပ်သောက်ပါ။

**မင်္ဂလာပါ ဆရာကြီးရှင့်။ ကျွန်မသမီး အသက်က ငါးနှစ်ပါရှင့်။ ပါးချိတ်ရောင်ပြီး ဖျားနေလို့ပါရှင့်။ ပါးချိတ်က နှစ်ဖက်လုံး ရောင်နေတာ၊ အစာမဝင်တော့လို့ပါ။ ကျေးဇူးပြုပြီး ဆေးနည်းလေး ပြောပြပေးပါရှင့်။**

ပါးချိတ်ရောင်ဖျားတာကို မော်နာလို့ အရပ်ခေါ် ခေါ်ကြပါတယ်။ ရှေးနည်းကတော့ ကျပ်ခိုးနဲ့ နနွင်းကို အုန်းဆီနဲ့ဖျော်ပြီး ပါးချိတ်နှစ်ဖက်မှာ လိမ်းရပါတယ်။ တချို့ အရပ်ဒေသမှာတော့ မဲနယ်ကို ရေဖျော်ပြီး လိမ်းပါတယ်။ (မော်နာကို မဲနယ်လိမ်း လို့ဆိုပါတယ်။) ရောင်ပြီး ဖျားတာကို ငန်းဖျားလို့ ခေါ်ပါတယ်။ ကွမ်းရွက်၊ ချင်းနဲ့ ထန်းလျက် ရောပြုတ်တဲ့ ပြုတ်ရည်မှာ ဆားလှော် အနည်းငယ် ထည့်တိုက်ရင် ကိုယ်ပူကျနိုင်ပါတယ်။ တချို့ဆရာကြီးတွေကတော့ ဆားကျပ်ခိုးကို ထည့် တိုက်ကြပါတယ်။ (ဆားကျပ်ခိုးဆိုတာဟာ ပဲလှော်ဖိုတွေမှာ ဆားနဲ့ပဲကြီးကို ရောလှော်တဲ့အခါ မျက်နှာကြက်မှာ တက်ပြီးကပ်နေတဲ့ ကျပ်ခိုးကို ခါချ စုဆောင်းယူပြီး ဆားကျပ်ခိုး ဒါမှမဟုတ် ပဲလှော်ဖိုကျပ်ခိုးလို့ ပရဆေးဆိုင်တွေမှာ ရောင်းကြပါတယ်။)









**ဆရာရှင့် ကျွန်မ ကိုယ်အလေးချိန် ပေါင် ၂၄၀ ရှိပါတယ်။ အခုရက်ပိုင်း အိမ်မှာ လေ့ကျင့်ခန်းလုပ်ပါတယ်။ လမ်းများများလျှောက်တော့ ခြေဖဝါးအလယ်က နာတာနဲ့ မလျှောက်နိုင်တော့ပါဘူး။ ပျောက်အောင် ဘယ်လိုလုပ်ရပါမလဲ။**

ဆား နင်းပေးပါ။ ဆားကို ပျဉ်ပြားပေါ်မှာ နှစ်ပုံ ပုံပြီး ခြေဖဝါး အလယ်ကျအောင် ဖိနင်းပေးပါ။ ရေမချိုးခင် ပြုလုပ်ပါ။ နေ့စဉ် ခုနစ်ရက်ကနေ ၁၀ ရက်လောက် ထိပြုလုပ်ပါ။ ရဲယိုရွက်ကို မီးကင်ဆီသုတ်ပြီး ခြေဖဝါး အလယ်မှာကပ် အဝတ်နဲ့ပတ်ပြီး စည်းပေးပါ။ ညအိပ်ရာဝင်ပြုလုပ် မနက်အိပ်ရာထမှ ဖြေပါ။ ခြေဖဝါးနာတာ ပျောက်ပြီး ကျီးပေါင်းတက်တာလည်း သက်သာပါတယ်။

**ဆရာကြီး မင်္ဂလာပါ။ သမီး အာခေါင်မှာ ခြောက်ကပ်ကပ်ဖြစ်နေပြီး လည်ချောင်းမှာကျတော့ ချွဲကပ်နေသလိုဖြစ်နေတယ်။ ထွေးလို့မရ၊ မြိုချလို့မရနဲ့ တအားနေရခက်ပါတယ်ရှင့်။ လည်ချောင်းထဲကပ်နေတာ တစ်ခါတလေ အသက်ပါရှူရခက်တယ်ရှင့်။ ကျေးဇူးပြုပြီး ကူညီပါရှင့်။**

ကွမ်းရွက်ကို ကန်တော့လုပ် ဆားထည့်ပြီး မီးဖုတ်ပါ။ အဲဒီ ဆားမီးဖုတ်ကို သံပရာရည်နဲ့ဖျော် လျက်ပေးပါ။ ပြည်ပန်းညိုရွက်ပင်းချိုချက်သောက်ပါ။

**ဆရာခင်ဗျာ ကျွန်တော် အကျိတ်သေးသေးဖြစ်ရာက အခု ကြီးပြီးပွားလာပါတယ်။ သွေးကြော ပိတ်မှာစိုးလို့ပါ။ အကျိတ်က နှစ်လက်မလောက်ဖြစ်ပြီး ခပ်ပျော့ပျော့နဲ့ နာကျင်မှု မရှိပါ။ လမ်းညွှန် ပေးပါဆရာ။**

အဆီကျိတ်တွေ ခန္ဓာကိုယ် အနှံ့အပြား ထွက်ပါတယ်။ အကြောနဲ့လွတ်ရင် မကိုက်ခဲပါဘူး။ ဆေးပူ၊ ပရုတ်ဆီတွေ မလိမ်းပါနဲ့။ အေးတဲ့ရာသီမှာ အတွင်းလေပိတ်ချွေးမထွက်လို့ ပိုဖောင်းတတ်ပါတယ်။ ကျားမနိုင်မြစ် သွေးလိမ်းကြည့်ပါ။ (ပရဆေးဆိုင်တွေမှာ ရနိုင်ပါတယ်။)

**ဆရာခင်ဗျာ၊ ဆောင်းတွင်း မနက်စောစောမှာ အလုပ်မသွားမီ ရေချိုးပါတယ်။ အအေးဒဏ်ကို မခံနိုင်လို့ ရေနွေးစပ်ချိုးပါတယ်။ တချို့ကပြောတော့ ရေနွေးစပ်ချိုးရင် ကြာရင်မျက်စိကို ထိခိုက်တယ်ဆိုတာ မှန်ပါသလားဆရာ။**

ဆောင်းရာသီမှာ ရေနွေးချိုးတဲ့သူတွေဟာ နှာရည်ယိုတာ၊ မျက်ရည်ယိုတာ၊ ဇက်ကြောတက်တာ၊ ခါးနာတာ၊ ဒူးနာတာ ဖြစ်လေ့ရှိတယ်။ အခန့်မသင့်ရင် မျက်စိကျိန်းစပ်တာ၊ မျက်စိနီတာလည်းဖြစ်နိုင်ပါတယ်။ အအေးမမိဖို့ ရေအေးကို ရေနွေးစပ်ပြီး ချိုးနိုင်ပေမယ့်လည်း ရေပူဖြစ်အောင် မစပ်သင့်ပါ။ လူငယ် လူလတ်ပိုင်းတွေမှာ သဘာဝအတိုင်း ရေအေးကိုပဲ ချိုးသင့်ပါတယ်။ ရှေးလူကြီးတွေက စီးဆင်းနေတဲ့ မြစ်ရေ၊ ချောင်းရေကို ချိုးရင် အန္တရာယ်မရှိ၊ ငြိမ်နေတဲ့ တွင်းရေ၊ ကန်ရေ ချိုးလျှင် ဖျားနာတတ်တယ်လို့ ဆိုပါတယ်။ ရေပေးရေးကနေ ပေးဝေတဲ့ ရေပိုက်တွေက ရေတွေဟာ စီးဆင်းနေတဲ့ ရေမျိုးဖြစ်လို့ ရေနွေးမစပ်ဘဲချိုးနိုင်ပါတယ်။

**အသက်ရှည်ရှည် နေရဖို့ ဘယ်လိုပြုမူနေထိုင်သင့်ပါသလဲ ဆရာ။ ဘယ်လိုဆေးမျိုးကို စားသင့်ပါသလဲ။ သိလိုပါတယ်။**

လူတို့ရဲ့ အသက်ရှည်ရာရှည်ကြောင်းမှာ ဆေးစားတာနဲ့မဆိုင်ပါ။ ရှေးဘဝကပြုခဲ့တဲ့ကံ၊ အခု ဘဝ ပြုလုပ်တဲ့အလုပ်နဲ့ပဲ သက်ဆိုင်ပါတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ အရာဟာ ကျန်းမာရေးပါ။ ကျန်းမာရေးဆုံးရှုံးမှုမှာ ကံကြောင့်ချည်းမဟုတ်ဘဲ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ အကြောင်း သုံးမျိုးကြောင့်လည်းဖြစ်နိုင်ပါတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးပါးလုံး ညီညွတ်မျှတအောင် နေထိုင်မှ အသက်ရှည်ကြောင်း ဖြစ်ပါတယ်။ အသက်ရှည်ပြီး ကျန်းမာလိုရင် သဘာဝအာဟာရသီးနှံတွေကို စားသုံးတာ၊ မသင့်တော်တဲ့ အစာတွေကို ရှောင်ကြဉ်တာ၊ သဘာဝအတိုင်း မဟုတ်ဘဲ အရောင်ဆိုးထားတဲ့ အစားအစာတွေကို ရှောင်ကြဉ်ဖို့လိုတယ်လို့ သတိပြုစေလိုပါတယ်။ စီးပွားရှာတာကိုချည်း အာရုံစိုက်မနေဘဲ ကျန်းမာရေးကိုလည်း ဂရုစိုက်ပါ။ "အာရောဂျံ ပရမံလာဘံ" ရောဂါကင်းတာဟာ အမြတ်ဆုံးလာဘ် ဖြစ်တယ်။ (ဘုရားဟော)

**ဆရာရှင့် ကျွန်မမှာ မီးယပ်ခေါင်းကိုက် ရောဂါ ရှိပါတယ်။ ကလေးမွေးပြီး လနုတုန်း ရေအေးချိုး၊ အဝတ်လျှော်လိုက်လို့ ဖြစ်တယ်လို့ ပြောကြပါတယ်။ ဘယ်လို မြန်မာဆေးကို စွဲသောက်ရင် ပျောက်နိုင်မလဲ ပြောကြားပေးပါ။ လေးစားစွာ လိုက်နာပါမယ်ရှင့်။**

မီးယပ်ခေါင်းကိုက်အတွက် မှိုင်းရှူဆေးကို အသုံးပြုပါ။ နနွင်းမှိုင်း (ဒါမှမဟုတ်) တိုင်းရင်းဆေး အမှတ် (၄၃) (အကင်းဆယ်ပါးဆေး) အမှုန့်ကို မီးခဲပေါ် ဖြူးပြီး ထွက်လာတဲ့ အငွေ့ကို မှိုင်းရှူပေးပါ။ ဓာတ်စာကတော့ ကြက်သားကိုပြုတ်၊ အသားမွှာပြီး ရှောက်ရွက်နဲ့ သုပ်စားပါ။ ရေနွေး ပူပူထဲမှာ ချင်းပါးပါးလှီးထည့်၊ ကြက်သွန်ဖြူခားပြားရိုက်ထည့်၊ ကြက်သွန်နီ လေးစိတ်ခွဲထည့်၊ ပုစွန်ခြောက်၊ ဆားအနည်းငယ်ထည့် ဟင်းချိုလုပ်ပြီး ပူပူလေးသောက်ပေးပါ။ မကြာခဏ သောက်ပေးပါက ခေါင်းကိုက် ရောဂါပျောက်သွားပါလိမ့်မယ်။

**ဆရာ နှလုံးအားနည်းရင် ဘာဆေးတွေ သောက်သင့်သလဲ ဆရာ။ ကျွန်တော်က ညညလည်း အိပ်လို့မပျော်ဘူး။ လန့်လန့်နိုးတာ တော်တော်ကြာပြီ။ ဆေးနည်းလေးလိုချင်လို့ပါဆရာ။ ကျေးဇူးတင်ပါတယ်။**

ရှောက်ရည် သုံးဇွန်း၊ ပျားရည် တစ်ဇွန်း စပ်သောက်ပါ။ ညအိပ်ရာမဝင်ခင်သောက်ပါ။ ဖီးကြမ်းငှက်ပျောသီးမီးဖုတ်စားပါ။ ခြေဖဝါး အလယ်ကြောကို ဆီပါးပါးလိမ်းပြီး နှိပ်နယ်ပေးပါက ညအိပ်ရင် လန့်နိုးတာ သက်သာစေနိုင်ပါတယ်။

**ဆရာရှင့် ရိုသေစွာနဲ့ ဆေးနည်းတောင်းချင်ပါတယ်။ သမီးမျက်နှာတစ်ပြင်လုံး မှဲ့ခြောက်တွေ ပြည့်နေပါတယ်။ အမြန်ပျောက်ချင်ပါတယ်ရှင့်။**

စန္ဒကူးနီအခေါက် သွေးလိမ်းပါ။ (ပရဆေးဆိုင်မှာ ဝယ်ပါ။ ဖြူကြီးပင်ခေါ် မုရိုးပင်ချိုးလိုက်ရင် ထွက်တဲ့ အစေးကို သံပရာရည်နဲ့ ဖျော်လိမ်းရင်လည်း မှဲ့ခြောက် ပျောက်နိုင်ပါတယ်။)

# နေရပ်စွန့်ခွာ ပြောင်းရွှေ့အိမ်ထောင်စုများအား နေအိမ်နှင့်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား မေ ၂၉**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့နယ်များအတွင်း နယ်မြေလုံခြုံရေးအခြေအနေအရ နေရပ်စွန့်ခွာ ပြောင်းရွှေ့စခန်းများသို့ ရောက်ရှိနေသည့် အိမ်ထောင်စု ၁၇ စုအား နေအိမ်နှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ငွေပျော်စံပြကျေးရွာရှိ လူမှုဝန်ထမ်း ဦးစီးဌာနမှ ဖွင့်လှစ်ထားသော ငွေပျော်စံပြကျေးရွာ မူလတန်းကြိုကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာသူများနှင့် မိတ်ဆက်ပေးကာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နယ်မြေမတည်ငြိမ်မှုကြောင့် နေရပ်စွန့်ခွာ ပြောင်းရွှေ့ပြည်သူများအား သက်မွေးပညာ တတ်မြောက်စေရေးအတွက် ငွေကျပ်သိန်း ၃၀၀၀ ခွင့်ပြုချထားပေးကြောင်း၊ နေရပ်စွန့်ခွာ ပြောင်းရွှေ့ပြည်သူများအား ခွင့်ပြုရန်ပုံငွေဖြင့် အသက်မွေးပညာများ တတ်မြောက်စေရေး သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမှာဖြစ်ကြောင်း၊ ယခုအခိုက်အတန့်တွင် တွေ့ကြုံရသည့် အခက်အခဲများအား ပြည်နယ်အစိုးရအဖွဲ့နှင့် တာဝန်ရှိသူများက တတ်စွမ်းသမျှ ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထောက်ပံ့ပေးအပ်ပွဲတွင် မြစ်ကြီးနားမြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာ ကယ်ဆယ်ရေးစခန်းငါးခုမှ ပြောင်းရွှေ့အိမ်ထောင်စု ၁၂ စုနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ နေရပ်စွန့်ခွာ ကယ်ဆယ်ရေးစခန်း လေးခုမှ အိမ်ထောင်စု ငါးစု စုစုပေါင်း အိမ်ထောင်စု ၁၇ စုသို့ ကချင်ပြည်နယ် လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများကနေအိမ်များ မဲစနစ်ဖြင့် ချထားပေးကာ ကချင်ပြည်နယ် အစိုးရအဖွဲ့မှ လှူဒါန်းသည့် ဆန် ၁၇ အိတ်၊ ကချင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ လူဦးရေအလိုက် တစ်ပတ်စာဆန်ဖိုးငွေ တစ်ဦးလျှင် ငွေကျပ် ၂၁၀၀၊ မိသားစုသုံးပစ္စည်း ၃၂ မျိုးပါ အထောက်အကူပြု စက္ကူဖာ ၁၇ ဖာ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ငွေကျပ်တစ်သိန်းခွဲ တန်ဖိုးရှိ ၁၅ မျိုးပါ မိသားစုသုံး အထောက်အကူပြုပစ္စည်း ပလတ်စတစ်ပုံး ၁၇ ပုံး၊ ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေသန့်ရှင်းရေး အထောက်အကူပြုပစ္စည်းဖာ ၁၇ ဖာနှင့် ငွေကျပ် ၂၀၀၀၀ တန်ဖိုးရှိ အိမ်ဆောက် အထောက်အကူပြုပစ္စည်းအိတ် ၁၇ အိတ်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးစိမ်ခြင်ထောင်အလုံး ၅၀ တို့ထောက်ပံ့ပေးအပ်ရာ ပြောင်းရွှေ့မိသားစုများက လက်ခံရယူခဲ့ပြီး အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြောင်းရွှေ့ပြည်သူများ တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**



# ပုဂ္ဂလိကကဏ္ဍမှ ငွေကြေးရရှိမှုအခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းဆွေးနွေး



**မန္တလေး မေ ၂၉**
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်းကျင်းပသော ပုဂ္ဂလိကကဏ္ဍမှငွေကြေးရရှိမှု အခွင့်အလမ်းများဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲကို မေ ၂၈ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၃၄) လမ်းနှင့် (၇၈) လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ငွေကြေးရရှိစေနိုင်မှုများဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးစေရေးအတွက် အခွန်အကောက်ဆိုင်ရာများဖြေလျှော့ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်ထားမှုများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးစေရေး ချေးငွေရရှိအောင်ဆောင်ရွက်ပေးမှုများ၊ JICA မှလည်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးပံ့ပိုးဆောင်ရွက်ပေးနေမှုများအားရှင်းလင်းပြောကြားသည်။

ထိုနောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက စီးပွားရေးလုပ်ငန်းများကဏ္ဍအလိုက် ဖွံ့ဖြိုးရေးဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဝင် စီးပွားရေးလုပ်ငန်းရှင်များ၊ ညီနောင်အသင်းများမှလုပ်ငန်းရှင်များမှ ကဏ္ဍအလိုက်အဖွဲ့ခေါင်းဆောင်များကဆွေးနွေးတင်ပြကြပြီး ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကော်မတီငွေကြေးရရှိစေနိုင်မှု ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်ဆွေးနွေးပြောကြားခဲ့သည်။

**သီဟကိုကို(မန္တလေး)**

# သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ခြင်း မရှိသည့်မြေများကို ပြန်လည်သိမ်းဆည်းရန်စီစဉ်

**မုံရွာ မေ ၂၉**
ဒေသအာဏာပိုင်ခွင့်ပြုချက်ဖြင့် စိုက်ပျိုးရန်ကျန်ရှိသည့်ပုဂ္ဂလိကပိုင်ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၏ဧရိယာများအား သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ခြင်းမရှိသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစီအစဉ်ဖြင့် ခွင့်ပြုပေးထားသည့် ဧရိယာများဖြစ်သဖြင့် လက်ရှိစစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြန်လည်သိမ်းဆည်းရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ တစ်နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့မှု ထုတ်ပြန်ချက်များမှ သိရသည်။

မြေယာလုပ်ကိုင်ခွင့်များကိုရယူထားပြီး မြေအသုံးချမှုမရှိသောဖြစ်စဉ်များကို စိစစ်ရာတွင်မြေလွတ်မြေရိုင်းနှင့်မြေလပ်များ စီမံခန့်ခွဲမှုဗဟိုအဖွဲ့မှ လုပ်ကိုင်အသုံးပြုခွင့်ပေးသူ ၃၅၀ ၏ ဧရိယာ ၄၉၇၂၇၄ ဒသမ ၇၄ ဧကကို သတ်မှတ်ကာလအတွင်းတွင် စိုက်ပျိုးဧရိယာ ၁၈၂၉ ဒသမ ၈၄ ဧကသာ အကောင်အထည်ဖော်ခဲ့ရာ ဧရိယာ ၃၉၁၇၂၅ ဒသမ ၀၄ ဧကကို ပြန်လည်သိမ်းယူသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်ဒေသအာဏာပိုင်ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်၊ တပ်ရင်းတပ်ဖွဲ့များ ၁၁၈ ဦးကို ဧရိယာ ဧက ၁၇၂၂၂ ခွင့်ပြုခဲ့သော်လည်း ဧရိယာ ၁၃၄၃ ဧကသာ စိုက်ပျိုးအသုံးပြုသောကြောင့် လက်ရှိတွင် ဧရိယာ ၁၅၈၇၉ ဧက စိုက်ပျိုးရန် ကျန်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ မှတ်တမ်းများမှသိရသည်။

ထို့အပြင်စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရခြင်း အကြောင်းရင်းတစ်ခုဖြစ်သည့် ရေဝပ်ဧရိယာများပေါ်တွင် တရားမဝင် ငါးကန်များတူးဖော်ခဲ့မှုများကို စိစစ်ခဲ့ရာ လယ်ယာမြေများအပေါ်တွင်ခွင့်ပြုချက်မရှိဘဲ ငါးကန်အသုံးပြုသူ ခုနစ်ဦး၊ ကွင်းလေးကွင်း၊ ဦးပိုင် ၁၈ ခု၊ ကန် ၁၇ ကန်၊ လယ်ဧရိယာ ၁၆ ဒသမ ၆၆ ဧကနှင့် ယာမြေ ၅ ဒသမ ၇၀ ဧက စုစုပေါင်းလယ်ယာမြေ ၃၂ ဒသမ ၃၆ ဧကအတွက် တရားရုံးတွင်တရားစွဲဆိုပြီး ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စနစ်တကျ လယ်ယာမြေဖော်ထုတ်ရေးအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ဧက ၁၀၀၊ ကသာမြို့နယ်တွင် ဧက ၁၀၀၊ ကန့်ဘလူမြို့နယ်တွင် ဧက ၂၀၀ နှင့် ပုလဲမြို့နယ်တွင် ဧက ၁၀၀ စုစုပေါင်းဧက ၅၀၀ ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ ကျပ်သန်းပေါင်း ၂၅၁ ဒသမ ၇၄၄၈ သန်း ကျခံသုံးစွဲပြီး ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် သမဝါယမချေးငွေဖြင့် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာတွင် ၈၅ ဧကနှင့် မြောင်မြို့နယ် တွင်းကြီးကျေးရွာတွင် ၈၄ ဧက ဖော်ထုတ်လျက်ရှိသလို လယ်မဲ့ယာမဲ့လယ်ယာမြေဖော်ထုတ်ရေး အနေဖြင့် ရေဦးမြို့နယ်တွင် ဧက ၂၀၀၊ ကသာမြို့နယ်တွင် ဧက ၂၀၀၊ ဖောင်းပြင်မြို့နယ်တွင် ဧက ၂၀၀ နှင့် ဟုမ္မလင်းမြို့နယ်တွင် ၃၇၅ ဧက စုစုပေါင်း ၉၇၅ ဧကကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရရန်ပုံငွေကျပ်သန်း ၅၀၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ကျောက်ပန်းတောင်းမြို့ အထက(၁)တွင် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**ကျောက်ပန်းတောင်း မေ ၂၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့တွင် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်မြင့်က ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ ရောက်ရှိစေရေးနှင့် ကျောင်းနေပျော်စေရေးဆောင်ရွက်ရမည့်နည်းလမ်းများ၊ ကျောင်းထွက်သူမရှိအောင် လုပ်ဆောင်ရာတွင်လည်း ကျောင်းသားမိဘများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အခြေခံပညာ အထက်တန်း၊အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများအား အခမဲ့ ဗလာစာအုပ်၊ ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ကျောင်းဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများကပေးအပ်ကြရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံရယူကြသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# မိတ္ထီလာတွင် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ



**မိတ္ထီလာ မေ ၂၉**
မိတ္ထီလာတွင် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီက အထက (၂) ရတနာခန်းမ၌ ကျင်းပကြောင်းသိရသည်။

ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဒေါက်တာကျော်လွင်က အမှာစကားပြောကြားပြီး အလယ်တန်းအဆင့်၊ မူလတန်းအဆင့် ကျောင်းသူကျောင်းသားများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသန်း၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်ဝေသုံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်နိုင်၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေး၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ထားထားဦးတို့က ကျောင်းသုံး ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ အခမဲ့ပေးအပ်ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၆၃ ကျောင်းတွင်း မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ် သတ်မှတ်ထားသည့်အတိုင်း ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေး၊ တန်းဆက်မပြတ် ကျောင်းတက်ရောက်သင်ကြားနိုင်ရေးတို့အတွက် ဆရာ၊ မိဘနှင့် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## အခွန်ထမ်းများအား ဂုဏ်ပြုလွှာပေးအပ်ပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်



**ပဲခူး မေ ၂၉**
ပဲခူးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်လီမိတက် ရှင်စောပု ခန်းမ၌မေ ၂၉ ရက် နံနက် ၉ နာရီ ခွဲက ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း အခွန်တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော အခွန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနား ပြုလုပ်သည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း အခွန်တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သည့် ဝင်ငွေခွန်အခွန်ထမ်း ၅၁ ဦးနှင့် ကုန်သွယ်လုပ်ငန်းခွန်အခွန်ထမ်း ၅၀ ရွေးချယ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း ၂၅ ဦးအားလည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ဝင်ငွေခွန်အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း ၂၆ ဦးအားလည်းကောင်း၊ တိုင်းဒေသကြီးအခွန်ဦးစီးဌာနညွှန်ကြားရေးမှူး ဦးအောင်စိုးနိုင်က ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း ၂၅ ဦးအားလည်းကောင်း၊ တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးစောဆွေက ကုန်သွယ်လုပ်ငန်းခွန်အများဆုံးထမ်းဆောင်ခဲ့သော အခွန်ထမ်း ၂၅ ဦးအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ကြသည်။

၂၀၁၆-၂၀၁၇ စည်းကြပ်နှစ်အတွင်း ရွေးချယ်ဂုဏ်ပြုရာတွင် အခွန်အများဆုံးပေးဆောင်ရသူဖြစ်ခြင်း၊ ဝင်ငွေကျေလွှာကို သတ်မှတ်ကာလအတွင်း တင်သွင်းသူဖြစ်ခြင်း၊ သက်ဆိုင်ရာစည်းကြပ်နှစ်အတွက် ပေးဆောင်ရန်ရှိသည့်အခွန်ငွေများကို သက်ဆိုင်ရာစည်းကြပ်နှစ်အတွင်း အပြေအကျေပေးဆောင်သူဖြစ်ခြင်း၊ အခွန်ကြွေးကျန်ငွေကင်းရှင်းသူဖြစ်ခြင်း၊ ရှေ့လာမည့်စည်းကြပ်နှစ်အတွက် ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်ပေးသွင်းထားသူဖြစ်ခြင်း စသည့်အချက်များနှင့် ပြည့်မီသူများကို ရွေးချယ်ကာ ဂုဏ်ပြုပေးခဲ့ခြင်းဖြစ်ပြီး လာမည့်နှစ်များတွင်လည်း ခရိုင်နှင့် မြို့နယ်အဆင့်အထိ ကွင်းဆင်းကာ ဂုဏ်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီးချုပ်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးအခွန်ဦးစီးဌာနညွှန်ကြားရေးမှူးနှင့် ခရိုင်/မြို့နယ်ဦးစီးမှူးများ၊ အခွန်ထမ်းပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကျောင်းဆောင်သစ်လွှဲပြောင်းပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်တက်ရောက်

**ကျုံပျော် မေ ၂၉**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် သံလျက်စွန်းကျေးရွာတွင် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းသော အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအား မေ ၂၈ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမန်းဂျော်နီနှင့် ဇနီး၊ အစ္စရေးနိုင်ငံနှင့် ချက်နိုင်ငံတို့မှ သံအမတ်ကြီးများ လှူဒါန်းသောကုမ္ပဏီနှင့် ပညာရေးဌာနမှ တာဝန်ရှိသူတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ တိုင်းပညာရေးမှူးရုံးမှ ဆရာကြီးဦးဝင်းမောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီလီမိတက် (Construction) CEO ဦးအောင်သန်းက မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ငွေးရီထံသို့ ကျောင်းဆောင်သစ်အား လွှဲပြောင်းပေးအပ်ရာ ဆရာမကြီးက ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် (Israel) အစ္စရေးနိုင်ငံ သံအမတ်ကြီး Mr. Daniel Zonshine က ဗလာစာအုပ်ဒါဇင် ၁၀၀ ကို လည်းကောင်း၊ ချက်နိုင်ငံ သံအမတ်ကြီး Mr. Jaroslav Dolecek က ခဲတံဘူး ၁၀၀ ကိုလည်းကောင်း၊ အခြားသော အလှူရှင်အသီးသီးကလည်း အဆိုပါကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ဝတ်စုံနှင့် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းက လက်ခံရယူခဲ့ပြီး ရပ်မိရပ်ဖဦးဌေးလှိုင်က ကျောင်းဆောင်သစ်နှင့်တကွ လှူဒါန်းမှုအစုစုအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါကျေးရွာသည် နှစ်စဉ်လိုလို ရေကြီးနစ်မြုပ်မှုဒဏ်ကို ခံစားရသောကြောင့် ယခင်ကျောင်းဆောင်ဟောင်းမှာ ရေဝင်ရောက်ခြင်း၊ ကျောင်းယာယီပိတ်ထားရခြင်းများ မကြာခဏကြုံခဲ့ရသည်။ ယခုလှူဒါန်းသော ကျောင်းဆောင်သစ်သည် ရေမဝင်ရောက်နိုင်အောင် အောက်ခြေခုနစ်ပေခန့်မြင့်၍ ခိုင်မာစွာဆောက်လုပ်ထားသောကြောင့် ကျေးရွာတွင်း ရေဝင်ရောက်ပါကလည်း ကလေးများ ပညာကောင်းစွာသင်ကြားနိုင်ပြီး ကျေးရွာပြည်သူများလည်း ရေကြီးချိန်တွင် ယာယီနေထိုင်နိုင်မည်ဖြစ်ကြောင်း၊ ကျောင်းဆောင်သစ်သည် အလျားပေ ၉၀၊ အနံပေ ၃၀ ရှိပြီး ကျပ်သိန်း ၉၅၀ ကုန်ကျခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်(ပြန်/ဆက်)**

## လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**လှိုင် မေ ၂၉**
ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တတ်စွမ်းသမျှဆောင်ရွက်နိုင်ရန်၊ စစ်မှုထမ်းဟောင်းမိသားစုဝင်များ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ရန်အတွက် လှိုင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ၂၀၁၇ ကို မေ ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အင်းစိန်လမ်းမကြီးဘေးရှိ လှိုင်မြို့နယ်စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် လှိုင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့်(ငြိမ်း)က ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့၏နာယက ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း)က နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးစစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့(စည်ပင်အတွင်း) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကျော်စိုး(ငြိမ်း)က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်မှန်းချက်များ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် သဘာပတိ ဗိုလ်မှူးတင်မြင့်(ငြိမ်း)က နိုင်ငံတော်အကျိုးပြုလုပ်ငန်းများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ပြောကြားခဲ့သည်။

ယင်းနောက် လှိုင်မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း) က မြို့နယ်အမှုဆောင်အဖွဲ့က တင်သွင်းသည့် အစီရင်ခံစာကို ဖတ်ကြားပြီး အဖွဲ့ဝင်တစ်ဦးက အကြံပြုဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ အကြံပြုဆွေးနွေးမှုများကို အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ယင်းနောက်မော်ကွန်းဝင်လေးဦးအား တာဝန်ရှိသူများက ဂုဏ်ပြုငွေပေးအပ်ခြင်းနှင့် အဖွဲ့ဝင်များအား နှစ်ပတ်လည် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**(ကြေးမုံ)**




## ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးငွေပေးအပ်

**ရန်ကုန် မေ ၂၉**
IKBZ အာမခံကုမ္ပဏီတွင် ရေကြောင်းကုန်စည်အာမခံထားရှိသော ဦးစိုးနိုင်နှင့် ABC Co.,Ltd. တို့၏ ကုန်ပစ္စည်းများသည် မေ ၁၉ ရက်တွင် MV ချမ်းတီတီ ရေယာဉ်ဖြင့် ရန်ကုန်မြို့မှ မြိတ်မြို့သို့ပို့ဆောင်ရာ မြိတ်မြို့အဝင်တွင် သင်္ဘောနစ်မြုပ်၍ ပျက်စီးဆုံးရှုံးခဲ့သဖြင့် လျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနားတွင် IKBZ အာမခံကုမ္ပဏီ ဒါရိုက်တာအဖွဲ့(ကိုယ်စား) လျော်ကြေးဌာနကြီး အထွေထွေမန်နေဂျာက နှုတ်ခွန်းဆက်စကားပြောကြားပြီး အာမခံထားသူ ABC Co., Ltd. တာဝန်ရှိသူထံသို့ လျော်ကြေးငွေကျပ် ၄၇၄၃၀၀၀၀ တိတိကိုလည်းကောင်း၊ စီမံရေးရာဌာန ဦးဇော်ထွန်းက ဦးစိုးနိုင်ထံသို့ လျော်ကြေးငွေကျပ် ၃၉၆၀၀၀၀၀ တိတိကို ပေးအပ်ခဲ့သည်။ ပေးလျော်ခဲ့သော လျော်ကြေးငွေပမာဏမှာ ကျပ် ၈၇၀၃၀၀၀၀ ဖြစ်ပြီး အာမခံထားရှိသူများမှ IKBZ အာမခံကုမ္ပဏီအား ယခုကဲ့သို့ လျော်ကြေးငွေကို မြန်မြန်ဆန်ဆန်ပေးအပ်ခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ပျက်စီးဆုံးရှုံးမှုများအတွက် ရေကြောင်းကုန်စည်အာမခံ လျော်ကြေးပေးအပ်ပွဲအခမ်းအနားကို မေ ၂၆ ရက်က IKBZ အာမခံကုမ္ပဏီရုံးချုပ် Strand Square တွင်ပြုလုပ်ခဲ့ရာ အခမ်းအနားသို့ IKBZ အာမခံလျော်ကြေးဌာနကြီး အထွေထွေမန်နေဂျာ ဦးသန်းဇော်၊ စီမံရေးရာဌာန အထွေထွေမန်နေဂျာ ဦးဇော်ထွန်း၊ အောက်မြန်မာပြည်ရုံးချုပ်တာဝန်ခံ ဦးသောင်းဦးနှင့် တာဝန်ရှိသူများ၊ အာမခံထားသူဦးစိုးနိုင်၊ ABC Co.,Ltd.၊ အာမခံကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

IKBZ Insurance အနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ခရိုင်/မြို့များတွင် ရုံးခွဲများဖွင့်လှစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းရှိ အများပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် ယှဉ်တွဲတည်ရှိနေသည့် ဆုံးရှုံးမှုအန္တရာယ်အရပ်ရပ်အတွက် အစဉ်အမြဲကာကွယ်စောင့်ရှောက်သွားရန် အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးလျက်ရှိသည်။

**(၁၀၇)**

## မြောက်ဦးမြို့နယ်တွင် မုန်တိုင်းသတိပေးချက် လိုက်လံကြေညာ

**မြောက်ဦး မေ ၂၉**
မြောက်ဦးမြို့နယ်တွင် မုန်တိုင်းအန္တရာယ် လှည့်လည်သတိပေးကြေညာကို မေ ၂၈ ရက်က မြို့ပေါ်ရပ်ကွက်များတွင်လည်းကောင်း၊ မေ ၂၉ ရက် နံနက် ၆ နာရီခွဲက ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများနှင့် ကျေးရွာများအထိ ကွင်းဆင်းပြီး အသံချဲ့စက်များဖြင့် စတင်သတိပေးကြေညာနေပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ မုန်တိုင်းအန္တရာယ် လှည့်လည်သတိပေးကြေညာခြင်းကို မြောက်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက အသံချဲ့စက်ဖြင့် ကြေညာနေခြင်းဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရန် သတိပေးချက်များကို မြို့နယ်ထွေအုပ်မှတစ်ဆင့် ညွှန်ကြားထားပြီးဖြစ်ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**



## သဘာဝဘေးအန္တရာယ်ရှာဖွေကယ်ဆယ်ရေး ကော့သောင်းအကျဉ်းထောင်တွင် သရုပ်ပြ

**ကော့သောင်း မေ ၂၉**
သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှု အစီအစဉ်တစ်ရပ်ကို မေ ၂၈ ရက် နံနက်ပိုင်းက ကော့သောင်း အကျဉ်းထောင်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် ကော့သောင်းခရိုင်/မြို့နယ်နှင့် ရဲတပ်ဖွဲ့များ၊ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၊ အကျဉ်းထောင်တာဝန်ခံနှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ကြုံတွေ့လာပါက အကျဉ်းသားအကျဉ်းသူများနှင့် အကျဉ်းထောင်ဝန်ထမ်း မိသားစုများ၏ အသက်အန္တရာယ် ထိခိုက်ဒဏ်ရာရရှိမှု လျော့နည်းစေရန် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ်ပြုစုကုသနည်း လုပ်ငန်းစဉ်များ၊ သဘာဝဘေးကြောင့်ဖြစ်ပေါ်လာမည့် အပျက်အစီးများအား ရှင်းလင်းဖယ်ရှားကာ အပျက်အစီးများအကြား လက်တွေ့ကယ်ဆယ်မှုလုပ်ငန်းများ၊ အကျဉ်းထောင်အတွင်း မီးလောင်မှု ဖြစ်ပွားပါက မီးငြိမ်းသတ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်အား ညွှန်ကြားချက်များနှင့်အညီ ကြိုတင်သရုပ်ပြလေ့ကျင့်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်ကာကွယ်ရေး သွေးအေးမသွားကြဖို့လို

ရာမည – သွေးမွန်



**ယမန်နေ့မှအဆက်**

ထိုမှတစ်ဆင့် အစာအိမ်၊ ကျောက်ကပ်၊ ဆီးအိမ် စသည်ဖြင့် ကိုယ်အင်္ဂါအစိတ်အပိုင်းများသို့ ရောက်ရှိစုပုံနေကာ ဆက်လက်ဒုက္ခပေးပါတော့သည်။

ထိုထက်မက ဆေးလိပ်မီးခိုးတွင်ပါရှိသော ဓာတုပစ္စည်း၊ ဇီဝသတ္တိအပေါ်မူတည်၍ အသက်ရှူကျပ်စေ၊ လှုံ့ဆော်စေ၊ အမှေးပါးများအား ထိခိုက်စေသည်။ ကင်ဆာဖြစ်စေသော အင်ဖိုင်းတားဆီးပစ္စည်းနှင့် အာရုံကြောထိခိုက်စေသော ပစ္စည်း၊ မျိုးရိုးဗီဇကို ပြောင်းလဲစေသောပစ္စည်းဟူ၍ အမျိုးမျိုး ခွဲခြားနိုင်ပြန်သည်။ ခန္ဓာကိုယ်အတွင်းသို့ ဆေးလိပ်ခိုးများ အဓိကဝင်ရောက်ရာနေရာသည် အသက်ရှူလမ်းကြောင်းဖြစ်ရာ ဆေးတံ၊ ဆေးပြင်းလိပ်မှ များစွာသောဓာတုပစ္စည်းများ တံတွေးတွင် ပျော်ဝင်၏။ ခံတွင်းအမှေးပါးများမှ စုပ်ယူခြင်းဖြင့်လည်းကောင်း၊ မျိုချခြင်းဖြင့်လည်းကောင်း၊ ခန္ဓာအင်္ဂါများသို့ ရောက်ရှိ၏။ အရက်သေစာများက ဆေးလိပ်မီးခိုးမှ ဓာတုပစ္စည်းများကို ခန္ဓာကိုယ်မှ စုပ်ယူနိုင်ရန် ကြားခံအရည်အဖြစ်လည်း အားပေးလုပ်ဆောင်ပေးသေးကြောင်း သိရသည်။

ဆေးလိပ်ကို ရှိုက်ဖွာလိုက်သည်နှင့် ၁၀ စက္ကန့်အတွင်း လူ၏ဦးနှောက်အတွင်းသို့ နီကိုတင်းရောက်ရှိသွားကြောင်း တွေ့ရသည်။ နီကိုတင်း၏အာနိသင်သည် 'စွဲ'စေတတ်သော သဘောရှိသည် (addictive)။ ယင်းသို့ စွဲစေတတ်သောသဘောကြောင့် ဆေးလိပ်ကို အစပြု၍သောက်မိသူ၊ ငုံမိသူများ ဖြတ်မရဘဲ စွဲလမ်းသွားတတ်ကြခြင်းဖြစ်သည်။

**ဆေးလိပ်၊ ဆေးရွက်ကြီးက ဖွင့်ပေးလိုက်သည့် မရဏတံခါးများ**

ဆေးလိပ် ဆေးရွက်ကြီး သောက်သုံးရာမှ နှလုံးရောဂါအမျိုးမျိုးကိုရစေသည်။ အခိုးအငွေ့တွင် နီကိုတင်းနှင့် ကာဗွန်မိုနောဇ်ဆိုက် ဓာတ်များကြောင့် ဖြစ်သည်။ ယင်းဓာတ်များက အဆုတ်မှ သွေးကြော၊ ထိုမှ နှလုံးခုန်နှုန်းကို ကိုင်လှုပ်သဖြင့် နှလုံးခုန်မြန်စေသည်။ ပိုမိုအလုပ်လုပ်ရသည်။ ဆေးလိပ်ခိုးရစက သွေးပေါင်ကို တက်စေသည်။ နှလုံးသွေးကို ခဲစေသည်။ သွေးကြောအတွင်း မျက်နှာပြင်ကို ပျက်စီးစေသည်။ သွေးကြောကိုကျဉ်းစေ၊ ပိတ်စေသည်။ ဦးနှောက်တွင်းရှိ သွေးကြောများကိုပါ ဒုက္ခပေး၏။ လေသင်တုံးခေါ် လေဖြတ်ရောဂါရသည်။ သွေးတိုးရောဂါရှိသူ သွေးတိုးရောဂါကို ထိန်းချုပ်ရန် ခက်ခဲလာသည်။ ပင်မသွေးကြောရောင်နေသူများ ဆေးလိပ်ငွေ့ကြောင့် ပေါက်သွားနိုင်သည်။ အဆုတ်ကြောင့် ချောင်းဆိုးရင်ကျပ်ရောဂါရှိသူများ အဆုတ်ကြောင့်ဖြစ်သော နှလုံးရောဂါ (Carpulmonale) ကို ဖြစ်စေသည်။ ဆေးလိပ်သောက်သူများတွင် လက်များ၊ ခြေထောက်များသို့သွားသောသွေးကြောများမှာ ကျဉ်းမြောင်းလာသဖြင့် ခြေချောင်း၊ လက်ချောင်း ဖြတ်ပစ်ရသည်အထိ ဖြစ်နိုင်ပါသည်။ နှလုံးသွေးကြောကျဉ်းရောဂါသည် ကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူခြင်း (Passive Smoking) ကြောင့်လည်း ဖြစ်နိုင်သည်ကို သတိပြုကြရပါမည်။

ကင်ဆာရောဂါများတွင် ခံတွင်းကင်ဆာ၊ အသံအိုးကင်ဆာ၊ အစာမျိုလမ်းကြောင်းကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ဆီးအိမ်ကင်ဆာ၊ သားအိမ်ထိပ်ကင်ဆာတို့ အဖြစ်များသည်။ အဆုတ်၏ လုပ်ငန်းတာဝန်များကို ထိခိုက်ပျက်စီးစေသော ရောဂါများလည်း ရနိုင်ပါသည်။ ပန်းနာရင်ကျပ် (Asthma)၊ အဆုတ်လေပြွန်အိတ် (alveoli) ကလေးများ လုံးဝပျက်စီးသွားခြင်းကြောင့် နှလုံးတွင် အလုပ်ပိုလုပ်ပေးရပြီး နောက်တွင် cor-pulmonale ရောဂါဖြစ်လာနိုင်သည်။

ဆေးလိပ်ငွေ့ကသွေးကြောကိုကျဉ်းစေသဖြင့် အမျိုးသားများလိင်အင်္ဂါသို့ သွေးလျှောက်မှုကို အဟန့်အတားဖြစ်စေသည်ဖြစ်ရာ အိမ်ထောင်ရေးသုခ အပြည့်အဝမခံစားရသော အဖြစ်မျိုးရနိုင်သည်။ ထိုနည်းတူ သားသမီးမရနိုင်ခြင်း၊ မထွန်းကားနိုင်ခြင်းများ ဖြစ်နိုင်ပါသည်။ အမျိုးသမီးများမှာလည်း ကိုယ်ဝန်ဆောင်စဉ်သားအိမ်မှ သန္ဓေသားသို့သွားသည့် သွေးကြောကျဉ်းသဖြင့် သွေးခဲကာ သန္ဓေသား အောက်ဆီဂျင်နှင့် လိုအပ်သော အာဟာရဓာတ် လုံလောက်စွာမရဘဲ မိခင်ရောကလေးပါ ထိခိုက်စေနိုင်ပြန်ပါသည်။ ထို့ပြင်မက သားအိမ်ပြင်ပသန္ဓေတည်ခြင်း၊ သားပျက်၊ သားလျှောခြင်း၊ လမစေ့မီးဖွားခြင်း၊ ပေါင်ချိန်မပြည့်သည့် ကလေးမွေးခြင်း၊ အသေမွေးခြင်း၊ မွေးရာပါအင်္ဂါချို့ယွင်းမှုဖြစ်ခြင်းများ ကြုံရနိုင်သည်။ နောက်ဆုံးကလေးကို ဦးနှောက်နှင့်ကိုယ်ခန္ဓာဖွံ့ဖြိုးမှု အားနည်းခြင်းလည်း ဖြစ်နိုင်ပါသေးသည်။

အမေရိကန်နိုင်ငံတွင် နှစ်စဉ် အဆုတ်ကင်ဆာဖြင့် သေဆုံးသူအမျိုးသားအားလုံး၏ (၈၀ ရာခိုင်နှုန်း) နှင့် အဆုတ်ကင်ဆာရောဂါဖြင့် သေဆုံးသူအမျိုးသမီးအားလုံး၏ (၇၅ ရာခိုင်နှုန်း)က ဆေးလိပ်သောက်သုံးမှုကြောင့်ဟု တွေ့ရသည်။ အဆုတ်ကင်ဆာဖြစ်ပွားပါက ငါးနှစ်အထိ အသက်ရှင်နိုင်သူ (၁၀ ရာခိုင်နှုန်း) ပင် မရှိကြောင်း သိရပါသည်။ ယတိပြတ် ဆေးလိပ်ဖြတ်မှု ၁၂ နှစ်ကြာပါက သာမန်မသောက်သူကဲ့သို့ အန္တရာယ်လျော့ပါးသွားနိုင်သော်လည်း တစ်နေ့အလိပ် ၂၀ ကျော် သောက်သူများမှာ သာမန်အဆင့်သို့ ပြန်ရောက်ရန် ခက်ခဲပါသည်။ ယခုအခါ တစ်ကမ္ဘာလုံး အဆုတ်ကင်ဆာဖြစ်ပွားမှု အစဉ်တိုးတက်နေကြောင်း သိရသည်။

WHO ၏ ခန့်မှန်းချက်အရ ကမ္ဘာပေါ်တွင် ဆေးလိပ်၊ ဆေးရွက်ကြီး သုံးစွဲသူ လူဦးရေသန်းတစ်ထောင်ကျော်ရှိနေကြောင်း၊ အများစုက မိမိတို့ အာရုတိုက်မှုဖြစ်ကြောင်း၊ ဆေးလိပ်ကိုစတင်ခဲ့သူ အနောက်တိုင်းသားများ ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်ကို သိရှိနားလည်လာချိန်၊ သောက်သုံးမှုကို လျှော့ချနေချိန်၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အရှိန်အဟုန်ကောင်းဆဲ၊ မြင့်တက်နေဆဲဟုဆိုနိုင်သည်။ အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးငယ်များကို သိသာစွာ တိုးတက်လွှမ်းမိုးနေသည်ဟု သိရသည်။ WHO နှင့် မြန်မာပူးပေါင်းဆောင်ရွက်သည်နှင့် ဆေးလိပ်သောက်သုံးမှု သုတေသနစစ်တမ်းတွင် ၂၀၁၁ ခုနှစ် စစ်တမ်းအရ ၈၊ ၉၊ ၁၀ တန်း ကျောင်းသားများ ၆ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ကြောင်း ဖော်ပြထားသည်။

**ဆေးလိပ်ဘာကြောင့် ဖြတ်သင့်သလဲ**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ( WHO) က ဆေးလိပ်သောက်ခြင်းမှာ နီကိုတင်း၏စွဲလမ်းမှုကြောင့် ဖြစ်ပေါ်သော အပြုအမူဟု သတ်မှတ်ကြေညာခဲ့သည်။ ၁၉၉၈ ခုနှစ်က (US General Surgeon's report) မှ စီးကရက်နှင့်အခြားဆေးရွက်ကြီးဖြင့် ပြုလုပ်သည့် ဆေးလိပ်များသည် စွဲလမ်းမှု အာနိသင်ရှိခြင်းကြောင့် ဆေးလိပ်ကို ပုံမှန်သုံးစွဲနေကြပြီး အကြောင်းတစ်ခုခုကြောင့် ဆေးလိပ်ကို မသုံးစွဲဘဲဖြတ်လိုက်ပါက ရပ်နားဖြတ်တောက်ဝေဒနာ (Withdrawal Syndrome) ခံစားရမည်ဖြစ်ကြောင်း သုံးသပ်တင်ပြထားသည်။

ဆေးဝါးပိုင်းဆိုင်ရာနှင့် အမူအကျင့်ပိုင်းဆိုင်ရာဖြစ်စဉ်များအရ နီကိုတင်းစွဲလမ်းမှုသည် မူးယစ်ဆေးဝါးများဖြစ်သော ဟီးရိုးအင်းနှင့် ကိုကင်းစွဲလမ်းမှုများနှင့် တူညီနေသည်ဟုဆိုသည်။ နီကိုတင်း၏ ဒိုပါမင်းတန်ပြန်မှု စနစ်များအပေါ် သက်ရောက်မှုသည် ဟီးရိုးအင်း၊ အင်ဖက်တမင်း (Amphetamine) နှင့် ကိုကင်းတို့ကဲ့သို့သော မူးယစ်ဆေးဝါးများနှင့်လည်း တူညီနေပြန်ပါသည်။ ထို့ပြင်စိတ်ပိုင်းဆိုင်ရာ တက်ကြွမှု (Psycho-active) ဘက်တွင် နီကိုတင်း၏ စွဲလမ်းမှုအတိုင်းအတာမှာ ဟီးရိုးအင်း၊ ကိုကင်း၊ အရက် (Alcohol) ကဖင်း (Caffeine) နှင့် ဆေးခြောက်တို့ထက်ပင် ပိုနေသည်ကို တွေ့ရသည်။

လူ့ခန္ဓာကိုယ်တွင်းသို့ရောက်ရှိသည့် နီကိုတင်းသည် (Brain neurotransmitters) များနှင့် (Neuroendocrine system) များအားလုံးအပေါ်တွင် သက်ရောက်မှုရှိသဖြင့် ကာလကြာရှည်စွာသောက်သုံးသည့် အကျိုးဆက်က နီကိုတင်းကြောင့် ဦးနှောက်အတွင်း (Nicotine receptors) များပွားများစေခြင်းဖြင့် ဦးနှောက်အတွင်း အသွင်များကို ပြောင်းလဲစေသည်။ ထို့ကြောင့် နီကိုတင်းသုံးစွဲမှုကြောင့်ဖြစ်ပေါ်သော လတ်တလော အကျိုးဆက်များနှင့် ကြာရှည်အကျိုးဆက်များကို ဖြစ်ပေါ်စေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကျွမ်းကျင်သူပညာရှင်များကော်မတီ၏ "ဆေးလိပ်သောက်မှုထိန်းချုပ်ရေးနည်းဗျူဟာ" စာအုပ်တွင် စိတ်ဝင်စားစရာကောင်းသော အချက်မှာ နိုင်ငံတိုင်းတွင် ဆေးလိပ်ဖြတ်ကြသူ ၉၀ ရာခိုင်နှုန်းသည် မိမိတို့၏စိတ်ဆန္ဒအရဖြတ်ခဲ့ကြပြီး မည်သည့်ဆေးဝါးအကူအညီမျှ အမှီမပြုခဲ့ရဟု သိရသည်။ သို့ဖြစ်ရာ ဆေးလိပ်ဖြတ်ရန်သည် စိတ်သာအဓိကဟု ဆိုရပါမည်။ ပြတ်စေ၊ ဖြတ်စေသည် အံ့ဖွယ်ဆေးဝါးများသည်လည်း မရှိနိုင်ပါ။ ဖြတ်နည်းများသည်လည်း တစ်ဦးနှင့်တစ်ဦး ထပ်တူထပ်မျှ မဖြစ်နိုင်ကြပါ။

"ငါဆေးလိပ်ဖြတ်တော့မည်" ဟု ယတိပြတ် ပထမဆုံးဖြတ်ရန်လိုသည်၊ နောက်ဆုံးဖြတ်သည့်အတိုင်း မဖြစ်မနေ လိုက်နာရန်လိုသည်။ နောက်ဆုံးတစ်ကြော့ပြန်ပြန်မစမိဖို့လိုသည်။ ယင်းသို့ ခိုင်မာစွာ သန္နိဋ္ဌာန်ချနိုင်ခြင်းသည်သာ မိမိဘဝ၏ တစ်ဆစ်ချိုးတန်ဖိုးဖြစ်သည်။

ယင်းသို့ ဆုံးဖြတ်ရန်အတွက် မိမိမှာကျန်းမာရေးအသိပညာ ရရှိလာသောကြောင့်လည်းကောင်း၊ ရောဂါတစ်ခုခုခံစားလာရ၍ ဆရာဝန်၏ အကြံပြုချက်ကြောင့်လည်းကောင်း၊ ငွေကြေးအကုန်အကျကို ငဲ့စောင်းသတိပြုလာမိ၍လည်းကောင်း၊ မိမိ၏ပတ်ဝန်းကျင်က တစ်စုံတစ်ရာတွန်းအားကြောင့်သော်လည်းကောင်း ဆေးလိပ်ကို မဖြစ်မနေဖြတ်ရန် ဖြစ်လာရခြင်းဖြစ်သည်။

မည်သို့ဆိုစေ မိမိတို့တစ်ခုသတိပြုရမည်မှာ ဆေးလိပ်ဖြတ်ရန် လိုအပ်သောအကူအညီတို့ကို ပေးသူက ပေးနေစေကာမူ ဆေးလိပ်သောက်သူကိုယ်တိုင်က မိမိတို့၏ အတွင်းစိတ်သန္တာန်က အမှန်တကယ် ဆေးလိပ်ဖြတ်လိုစိတ်ရှိဖို့၊ ပြင်းပြနေဖို့တော့ လိုသည်။

မိမိတို့မြန်မာနိုင်ငံတွင် အမျိုးသမီးများ ဆေးလိပ်သောက်သုံးမှုနည်းပါးသည်ဟု သာမန်အားဖြင့် ယူဆစရာရှိသည်။ ဤသည်မှာလည်း မိမိတို့မြန်မာများ၏ ယဉ်ကျေးမှုထုံးတမ်းဓလေ့ဆိုဆုံးမမှုအရဟု ဆိုနိုင်မည်ဖြစ်သည်။ ဗိုင်းကောင်းကျောက်ဖိ ကြီးပြင်းလာရသော မြန်မာ့မိကောင်းဖခင်သမီးများ ဖြစ်သည်။ သို့စေကာမူ လူဦးရေထူထပ်သိပ်သည်းသော ဘင်္ဂလားဒေ့ရှ်လိုနိုင်ငံတွင်မူ မိန်းမသားငါးသန်းခန့် သောက်သုံးကြသည်ဟုဆိုသည်။ အိန္ဒိယနိုင်ငံတွင် ၄၅ သန်းခန့်သောက်သုံးသည်။ နီပေါနိုင်ငံတွင် ၁၉၉၈ ခုနှစ် လေ့လာချက်အရ တောင်ပေါ်ဒေသနေ မိန်းကလေးများ၏ (၇၁ ဒသမ ၇ ရာခိုင်နှုန်း) သောက်ပြီး မြေပြန့်နေအမျိုးသမီးများ၏ (၅၈ ဒသမ ၉ ရာခိုင်နှုန်း) ဖြစ်၍ ကမ္ဘာပေါ်တွင် အမျိုးသမီးဆေးလိပ်သောက်သုံးမှု အမြင့်ဆုံးဟု ဆိုနိုင်သည်။

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် မိန်းမသားများ အဆုတ်ကင်ဆာရောဂါ အများဆုံးဖြစ်ကြ၍ ထိုသို့ဖြစ်ရသည်မှာလည်း ဆေးလိပ်သောက်ခြင်းနှင့် ဆက်စပ်နေကြောင်း သိရသည်။ မော်လ်ဒိုက်နိုင်ငံတွင် ၁၉၉၇ အမျိုးသားအဆင့် ကွင်းဆင်းစိစစ်ချက်အရ အသက် (၁၆) နှစ်ကျော် မိန်းမသားများ၏ (၂၉ ဒသမ ၄ ရာခိုင်နှုန်း)သည် ဆေးလိပ်သောက်ကြောင်း တွေ့ရှိရသည်။ သီရိလင်္ကာနှင့် အင်ဒိုနီးရှားတို့တွင်မူ အတော်အသင့်နည်းပါးကြောင်း တွေ့ရသည်။

မိမိတို့မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ (၂၀ ရာခိုင်နှုန်း) ခန့်သည် ဆေးလိပ်သောက်ကြကြောင်း တွေ့ရသည်။ အထူးသဖြင့် ကျေးလက်နေအမျိုးသမီးထုအတွင်း ဆေးလိပ်သောက်ခြင်း၊ ငုံခြင်းအလေ့အကျင့် ထွန်းကားလျက်ရှိသည်ဟုဆိုသည်။ ဆေးလိပ်ကုမ္ပဏီကြီးများကလည်း လူငယ်လူရွယ်များကို ပစ်မှတ်ထားလာကြသည်။ ဤသည်ကိုကာကွယ်ရန် အကြောင်းတရား အရင်းအမြစ်များဖြစ်သည့် ဆေးလိပ်ကုမ္ပဏီကြီးများမှ ပံ့ပိုးမှုကို ပိတ်ပင်ခြင်း၊ အမြတ်အခွန်များ စည်းကြပ်ခြင်း၊ ဆေးလိပ်တန်ဖိုးကို တိုးမြှင့်သတ်မှတ်ခြင်း၊ (၁၈) နှစ်အောက်ကလေးများ ဆေးလိပ်ရောင်းချမှုကို ပိတ်ပင်တားမြစ်ခြင်း၊ နိုင်ငံခြားမှ ဆေးလိပ်တင်သွင်းမှုကို လျှော့ချခြင်း၊ ဆေးလိပ်ကြော်ငြာများ တားဆီးခြင်း၊ ဆေးလိပ်ဆိုးကျိုးများကို အများပြည်သူ အထူးသဖြင့် ကျောင်းများတွင် ရှုထောင့်စုံမှ ပညာပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေး စည်းရုံးကြရမည်ဖြစ်သည်။

ယင်းသို့သော ဝင်ငွေနည်း နေ့စား၊ အလုပ်သမား၊ ကျပန်းအလုပ်သမားများ မိသားစုများအနေဖြင့် တစ်နှစ်အတွင်း ဆေးလိပ်အတွက် ကုန်ကျခဲ့သောငွေပမာဏသည် ပညာရေးအတွက် ကုန်ကျခဲ့သောပမာဏထက် (၂ ဒသမ ၄ ဆ) ခန့် ပိုမိုများပြားခဲ့ပြီး ကျန်းမာရေးအတွက် ကုန်ကျခဲ့သောငွေ ပမာဏထက်လည်း (၅ ဒသမ ၅ ဆ) ခန့် ပိုမိုများပြားခဲ့ကြောင်း သိရသည်။ ဆေး/ကွမ်းသုံးစွဲကြသူများအတွက် နေ့စဉ် တစ်ဦးချင်းဝင်ငွေ၏ ၁၅ ရာခိုင်နှုန်းခန့်အထိ သုံးစွဲနေကြရသည်။

ဆေးလိပ်၊ ကွမ်းစားခြင်းကြောင့် ရရှိလာသည့် နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါတို့အတွက် ကုန်ကျစရိတ်များမှာလည်း ကြီးမားလှသည်။ နိုင်ငံတော်ကလည်း တစ်နွယ်ငင်တစ်စင်ပါ ဝန်ဆောင်မှုကြီးမားသည်သာဖြစ်သည်။ မိသားစုမှာလည်း ဝန်ထုပ်ဝန်ပိုးဖြစ်ရသည်။ မိသားစု၏ ပိုလျှံဝင်ငွေဟူ၍ မရှိနိုင်တော့။ မိသားစုအဓိကဝင်ငွေကို ရှာနေရသူကိုယ်တိုင်ဖြစ်က မှီခိုနေရသူ တစ်မိသားစုလုံး ဒုက္ခပင်လယ်ဝေကြရတော့သည်။ ဆိုးရွားသည်မှာ မလိုမတူဘဲ ဆေးလိပ်ငွေ့သောက်ရှူမိရာက ရောဂါရရှိလာခြင်းများဖြစ်သည်။ လူငယ် ကျောင်းသား၊ ကျောင်းသူတို့သို့ အတင့်ရဲစွာ ပစ်မှတ်ပြုလာနေသော ဆေးလိပ်၊ စီးကရက်၊ ဆေးရွက်များကို တားဆီးရန်သည် အချိန်တိုင်းအရေးပေါ်အခြေအနေဟု ဆိုရပါမည်။ သွေးမအေးသွားကြဖို့ သတိပေးလိုပါသည်။

သို့ဖြစ်ရာ မိမိတို့မြန်မာနိုင်ငံသည် WHO ၏ ဦးဆောင်မှုဖြင့် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း"ကို ၂၀၀၃ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် သဘောတူလက်မှတ်ရေးထိုးပြီး ၂၀၀၄ ခုနှစ် ဧပြီ ၂၀ ရက်တွင် အတည်ပြုခဲ့သည်ဖြစ်ရာ ယင်းသို့ အဖွဲ့ဝင်ဖြစ်သည်နှင့် အညီကွန်ဗင်းရှင်းပါအချက်အလက်များကို အခြေခံလျက် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ် မေ ၄ ရက်တွင် ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

မည်သို့ဖြစ်စေ ဆေးလိပ်၊ ဆေးရွက်ကြီး၏ ဆိုးကျိုးဘေးအန္တရာယ်ကို တစ်နေ့ထက်တစ်နေ့ ဆေးပညာ စူးစမ်းရှာဖွေနိုင်သည်နှင့်အမျှ ပိုမိုသိမြင်လာကြသည်နှင့်အညီ ဝိသမစီးပွားရေးသမားများ၏ ပစ်မှတ်ဖြစ်လာနေသော ငယ်ရွယ်သူ ကျောင်းသား ကျောင်းသူများ ဆေးလိပ် ဆေးရွက်ကြီးဘေးမှ ကင်းဝေးနိုင်ကြရန် မိမိတို့နိုင်ငံသားတိုင်း အမျိုးသားအသိ၊ အမျိုးသားအမြင်၊ အမျိုးသားသတိဖြင့် ကိုယ့်ဝန်ကိုတာမှ တာဝန်ကျေကြရန် "၂၀၁၇ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့" တွင် တိုက်တွန်းနှိုးဆော်ရပါသည်။

**ကိုးကား–**

**ဆေးလိပ်အန္တရာယ်** (FACTS ON TOBACCO)

**ကျန်းမာရေးဝန်ကြီးဌာန။**

> "နိုင်ငံတိုင်းတွင် ဆေးလိပ် ဖြတ်ကြသူ ၉၀ ရာခိုင်နှုန်းသည် မိမိတို့၏စိတ်ဆန္ဒအရ ဖြတ်ခဲ့ကြပြီး မည်သည့် ဆေးဝါးအကူအညီမျှ အမှီမပြုခဲ့ရ . . ."



# ကင်ဆာရောဂါခံစားနေရကြောင်း တရားဝင်ပြောကြားလာတဲ့ ကင်မ်ဝူဘင်

တောင်ကိုရီးယား သရုပ်ဆောင်မင်းသားတစ်ဦးဖြစ်တဲ့ ကင်မ်ဝူဘင်ဟာ လည်ချောင်းကင်ဆာတစ်မျိုးကို ခံစားနေရပြီး ပရိသတ်တွေနဲ့ မိသားစုဝင်တွေကို အသိမပေးဘဲနေလာခဲ့ရာမှ လတ်တလောမှာတော့ မင်းသားရဲ့အေဂျင်စီကနေ တစ်ဆင့် ရောဂါအကြောင်းကို တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂၅ ရက်မှာတော့ ကင်မ်ဝူဘင်က ကင်ဆာရောဂါကို ခံစားနေရကြောင်း၊ တွေ့ရခဲတဲ့ကင်ဆာရောဂါမျိုးဖြစ်ကာ လတ်တလောမှာ ဆေးကုသမှုတွေကို ခံယူနေပြီဖြစ်ကြောင်းနဲ့ ရောဂါခံစားနေရကြောင်းကို အဆုံးအထိ တတ်နိုင်သမျှ လျှို့ဝှက်ထားဖို့ ကြိုးစားခဲ့ပေမယ့် နောက်ဆုံးမှာတော့ ယခုလို ထုတ်ဖော်ပြောကြားဖြစ်ခဲ့တာဖြစ်တယ်လို့လည်း ဖွင့်ဟခဲ့ကြောင်း သိရပါတယ်။

ဒီလိုထုတ်ဖော်ပြောကြားဖြစ်ခဲ့တဲ့ အကြောင်းအရင်းနဲ့ပတ်သက်ပြီးလည်း ကင်မ်က ပွင့်ပွင့်လင်းလင်းပြောကြားခဲ့ပါတယ်။ ကင်မ်ဝူဘင်က ကင်ဆာရောဂါအတွက် ကုသမှုခံယူရာမှာ သူ့အနေနဲ့ ပုန်းကွယ်လုပ်ဆောင်ရတာမျိုးတွေ မလုပ်ချင်တဲ့အတွက် ဆေးကုသမှုခံယူရတော့မယ့် ယခုလိုအချိန်မှာ အားလုံးကို အသိပေးပြောကြားခဲ့ခြင်းဖြစ်ကြောင်းလည်း ကင်မ်က ဆိုပါတယ်။

ကင်မ်ဝူဘင်ဟာ သူ့ရဲ့ရုပ်ရှင် "Wiretap"ကို စတင်ရိုက်ကူးချိန်မှာ နှာခေါင်းသွေးလျှံတာကို မကြာခဏဆိုသလို ခံစားခဲ့ရတာဖြစ်ပါတယ်။ ဒါ့အပြင် သူ့ရဲ့ လည်ချောင်းဟာလည်း အမြဲလိုလိုရောင်နေခဲ့တာကြောင့် သရုပ်ဆောင်တဲ့အခါ အခက်အခဲမဖြစ်စေဖို့အတွက် ဆေးကုသမှုခံယူခဲ့ရင်းက အသေးစိတ်ဆေးစစ်မှုပြုလုပ်ခဲ့ပြီးနောက် ဆရာဝန်တွေက အဆိုပါရောဂါလက္ခဏာတွေဟာ ကင်ဆာဖြစ်နေကြောင်း ကောက်ချက်ချခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ကင်ဆာဖြစ်နေကြောင်း သိခဲ့ရတဲ့အချိန်မှာ ကင်မ်ဝူဘင်က ရုပ်ရှင်ရိုက်ကူးရေးနဲ့ အခြားသောသူတွေအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေဖို့ သူ့ရဲ့ရောဂါအကြောင်း လျှို့ဝှက်ထားဖို့ဆန္ဒရှိနေခဲ့တာ ဖြစ်ပါတယ်။ မိဘတွေကိုလည်း သူ့အတွက်နဲ့ စိုးရိမ်မှုမဖြစ်စေဖို့ ကွယ်ဝှက်ထားလိုခဲ့တာလည်း ဖြစ်ပါတယ်။ ကုသရေးလုပ်ငန်းတွေကိုတော့ ရုပ်ရှင်ပြီးမှသာ လုပ်ဆောင်သွားဖို့ စဉ်းစားထားခဲ့ပေမယ့် ဒါရိုက်တာဖြစ်သူရဲ့တိုက်တွန်းမှုကြောင့်သာ ယခုလို အများကို ထုတ်ဖော်ပြောကြားကာ ဆေးကုသမှုခံယူခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ကင်မ်ရဲ့ရောဂါအကြောင်းကို သိရှိသွားခဲ့တဲ့ "Wiretap"ရဲ့ ဒါရိုက်တာ ချွိုင်ဒေါင်ဟွန်းက ကင်မ်ရဲ့ရုပ်ရှင်ကိုသာဆက်လက်ရိုက်ကူးလိုတဲ့အတွေးကို လုံးဝခွင့်မပြုဘဲ ရိုက်ကူးရေးကို ရပ်နားကာ ဆေးကုသစေခဲ့တာဖြစ်ပါတယ်။ ကျန်းမာရေးက ရုပ်ရှင်တွေအားလုံးထက်အရေးကြီးတယ်လို့ဆိုကာ ချွိုင်က ကင်မ်ဝူဘင်ကို ဆေးကုသဖို့ တိုက်တွန်းခဲ့ပါတယ်။ ကင်မ်ဝူဘင်ကိုယ်တိုင်ကလည်း ပရိသတ်တွေနဲ့ လူအများ သူ့အပေါ် နားလည်မှုမလွဲစေဖို့အတွက် ကင်ဆာရောဂါခံစားနေရကြောင်းနဲ့ ဆေးကုသမှုခံယူနေရကြောင်းကို တရားဝင်ဖွင့်ဟဖို့ ဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

ကင်မ်ဝူဘင်ရဲ့ ရောဂါဟာ စတင်ဖြစ်ချိန်မှာ စမ်းသပ်တွေ့ရှိခဲ့ရတာဖြစ်တဲ့အတွက် ချက်ချင်းကုသမှုတွေခံယူခဲ့ကာ ကင်မ်ရဲ့ချစ်သူဖြစ်တဲ့ မင်းသမီး ရှင်မင်အကလည်း သူ့ကို အနီးကပ်စောင့်ရှောက်မှုတွေ ပေးနေတာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့်-စုစည်းသည်

# ကန်းရုပ်ရှင်ပွဲတော်မှာ အကောင်းဆုံးဇာတ်ဆောင်ဆုတွေကို သိမ်းပိုက်နိုင်ခဲ့တဲ့ ဂျိုအာကင်ဖီးနစ် နဲ့ ဒီအန်ခရူကာ





ယခုနှစ်အတွက် ရည်ရွယ်ကျင်းပတဲ့ ကန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ပြီးခဲ့တဲ့ မေ ၁၇ ရက်ကစတင်ပြီး ကျင်းပခဲ့ရာ ထူးချွန်ဆုရရှိခဲ့တဲ့ အနုပညာရှင်တွေနဲ့ အနုပညာလက်ရာတွေကို ပြီးခဲ့တဲ့ မေ ၂၈ ရက်က တရားဝင်ထုတ်ဖော်ကြေညာပေးခဲ့ရာမှာတော့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ဂျိုအာကင်ဖီးနစ်နဲ့ မင်းသမီး ဒီအန်ခရူကာတို့ဟာ ၂၀၁၇ ခုနှစ်ရဲ့ အကောင်းဆုံးသရုပ်ဆောင်တွေအဖြစ် ရွေးချယ်ခံခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ကန်းရုပ်ရှင်ပွဲတော်ရဲ့ နောက်ဆုံးသောနေ့ဖြစ်တဲ့ မေ ၂၈ ရက်မှာ ဆုရရှိခဲ့တဲ့သူတွေရဲ့စာရင်းကို ထုတ်ပြန်ကြေညာပေးခဲ့ရာမှာ မင်းသား ဂျိုအာကင်ဖီးနစ် က သူပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင် "You Were Never Really Here"အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို ရရှိခဲ့တာဖြစ်ပြီး မင်းသမီး ဒီအန်ခရူကာကတော့ "In the Fade"ရုပ်ရှင်နဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ဆွတ်ခူးသွားခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ယင်းရုပ်ရှင်ပွဲတော်မှာ အကောင်းဆုံးဒါရိုက်တာဆုကိုတော့ ဆိုဖီယာကော်ပိုလာက သိမ်းပိုက်ခဲ့ကာ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ နီကိုးလ်ကစ်ဒ်မန်းဟာလည်း ဂုဏ်ပြုဆုတစ်ဆုကို လက်ခံရရှိခဲ့ပြီး ဆွီဒင်ရုပ်ရှင်တစ်ကားဖြစ်တဲ့ "The Square"ကိုတော့ ထိပ်တန်းဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်းလည်း သိရပါတယ်။

ယခုနှစ်မှာ ကျင်းပခဲ့တဲ့ ကန်းရုပ်ရှင်ပွဲတော်ဟာ အကြိမ်(၇၀)မြောက်ဖြစ်ပြီး ထူးချွန်ဆုတွေအတွက် အကဲဖြတ်ရွေးချယ်ပေးခဲ့ကြတဲ့ ဂျူရီအဖွဲ့မှာတော့ ခေါင်းဆောင်တွေအဖြစ် တရုတ်မင်းသမီး ဖန်ဘင်းဘင်း၊ ဂျက်ဆီကာချက်စတိန်း၊ ဝေလ်စမစ်သ်စတဲ့ ဝါရင့်အနုပညာရှင်တွေပါဝင်ခဲ့ကြောင်းလည်း သိရပါတယ်။

# တစ်ပတ်အတွင်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ "Pirates of the Caribbean" ရုပ်ရှင်သစ်







ပင်လယ်ဓားပြကြီး ဂျက်စပဲရိုး အကြောင်းကို ဇာတ်လမ်းဆင်ရိုက်ကူးထားတဲ့ ဟောလိဝုဒ်ရဲ့ စွန့်စားခန်းရုပ်ရှင်အမျိုးအစား "Pirates of the Caribbean"ရုပ်ရှင်တွေရဲ့ ငါးကားမြောက်ရုပ်ရှင်သစ်ကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့ရာ အဖွင့်သီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Pirates of the Caribbean: Dead Men Tell No Tales"ကို ပြီးခဲ့တဲ့ မေ ၂၆ ရက်က မြောက်အမေရိကားမှာ စတင်ရုံတင်ခဲ့ရာ သီတင်းပတ်တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၂ ဒသမ ၂ သန်းခန့်ရရှိခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း အပြိုင်ရုံတင်ခဲ့ကြတဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။ ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအဖြစ် မင်းသားကြီး ဂျွန်နီဒပ်က ပင်တိုင်ပါဝင်သရုပ်ဆောင်ပေးခဲ့တဲ့ "Pirates of the Caribbean" ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်ဟာ ဒေသတွင်းမှာ ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ရုံသာမက အခြားသောနိုင်ငံတွေမှာ တစ်ပြိုင်နက်ရုံတင်ခဲ့ရာမှာလည်း ပြီးခဲ့တဲ့ တနင်္ဂနွေနေ့အထိ သုံးရက်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၀၈ သန်းခန့် ရရှိခဲ့ကြောင်းလည်း သိရပါတယ်။

ဂျွန်နီဒပ်အပြင် အခြားသော ဟောလိဝုဒ်နာမည်ကျော်သရုပ်ဆောင်တွေဖြစ်ကြတဲ့ အော်လန်ဒိုဘလွန်း၊ ကီရာနိုက်ထ်တလေ၊ ဂျက်ဗီယာဘာဒမ်၊ ကာယာစကိုဒီလာရီယိုအစရှိတဲ့ သရုပ်ဆောင်တွေ ပါဝင်ထားကြတဲ့ "Pirates of the Caribbean: Dead Men Tell No Tales"ဟာ ယခုလို ရုံတင်ပြသခြင်းမပြုမီက ဆိုက်ဘာတိုက်ခိုက်မှုခံခဲ့ရပြီး ဟက်ကာတွေရဲ့ ခိုးယူခြင်းခံခဲ့ရကာ ခြိမ်းခြောက်ငွေတောင်းဆိုမှုတွေရှိခဲ့ပေမယ့် နောက်ဆုံးမှာတော့ အလိမ်အညာတစ်ခုသာဖြစ်ခဲ့ပြီး အမှန်တကယ်ခိုးယူခံခဲ့ရခြင်း မရှိခဲ့ကြောင်းနဲ့ လိမ်လည်ငွေတောင်းခံမှုတစ်ခုသာဖြစ်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဒုတိယမြောက်ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် ရပ်တည်နေခဲ့တဲ့ ရုပ်ရှင်ကတော့ သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင် "Guardians of the Galaxy: Vol. 2" ဖြစ်ပြီး တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉ သန်းခန့်ရရှိခဲ့တာ ဖြစ်ပါတယ်။ တတိယနေရာကို ရယူထားနိုင်ခဲ့တဲ့ ဟာသရုပ်ရှင်"Baywatch"ကတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၁ သန်းခန့် ရရှိခဲ့ပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ ရုပ်ရှင်ဆယ်ကားစာရင်းမှာ ပါဝင်နေတဲ့ အခြားသော ရုပ်ရှင်တွေကတော့ "Alien: Covenant"၊ "Everything, Everything"၊ "Diary of a Wimpy Kid: The Long Haul"၊ "Snatched"၊ "King Arthur: Legend of the Sword"၊ "The Boss Baby" နဲ့ "Beauty and the Beast (2017)" တို့ ဖြစ်ကြပါတယ်။

# လာမယ့်နွေရာသီအတွင်း EXO ၏ တေးအယ်လ်ဘမ်သစ် ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ဟာ တေးအယ်လ်ဘမ်သစ်မထွက်ရှိခဲ့တာ အချိန်အတော်ကြာခဲ့ပြီဖြစ်ကာ လတ်တလောမှာ ကျင်းပခဲ့တဲ့ နယ်လှည့်ဖျော်ဖြေပွဲမှာတော့ တေးအယ်လ်ဘမ်သစ်ကို ပြင်ဆင်နေပြီဖြစ်ကာ လာမယ့်နွေရာသီအတွင်း ပရိသတ်တွေဆီကို အရောက်ပို့ပေးမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တဲ့အတွက် မကြာမီမှာ EXO ဟာ တေးအယ်လ်ဘမ်သစ်နဲ့အတူ တေးဂီတလောကကို နောက်တစ်ကြိမ်ကိုင်လှုပ်သွားနိုင်တော့မှာဖြစ်တယ်လို့ ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

EXOရဲ့ နယ်လှည့်ဖျော်ဖြေပွဲ " Exo Planet #3 – The EXO'rDIUM"ရဲ့ နောက်ဆုံးသောဖျော်ဖြေပွဲကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့မှာ ပြီးခဲ့တဲ့ မေ ၂၈ ရက်မှာ ပြုလုပ်ခဲ့ပြီး ဖျော်ဖြေပွဲမတိုင်မီ သတင်းစာရှင်းလင်းပွဲမှာတော့ တေးအယ်လ်ဘမ်သစ်နဲ့ ပတ်သက်ပြီး ပရိသတ်တွေကို ဖွင့်ဟခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါသတင်းစာရှင်းလင်းပွဲမှာတော့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဘေဟွန်းက "ကျွန်တော်တို့ တေးဂီတအဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ခေါင်းစီးတေးကတော့ ပြီးစီးနေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့အေဂျင်စီဖြစ်တဲ့ အက်စ်အမ်အန်တာတိန်းမန့်ကရော ကျွန်တော်တို့အဖွဲ့ဝင်တွေအားလုံးကပါ ဒီသီချင်းကို အလွန်ကျေနပ်ကြပါတယ်။ နွေရာသီမှာ လူအများစုပြောကြတဲ့စကားလုံးက ဘာဖြစ်မလဲ။ အဲဒါအားလုံးသိပါတယ်။ ပူတယ်ပေ့ါ။ အဲဒီစကားလုံးကတော့ ကျွန်တော်တို့ရဲ့တေးသီချင်းသစ်အတွက် သဲလွန်စတစ်ခုပဲဖြစ်ပါတယ်"လို့ ပရိသတ်တွေကို တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး တစ်စွန်းတစ်စ ဖွင့်ဟပြောကြားခဲ့တာဖြစ်ပါတယ်။

နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်အတွင်း EXO တေးဂီအဖွဲ့ဟာ ကမ္ဘာတစ်ဝန်းက မြို့ကြီးများစွာမှာ သွားရောက်ဖျော်ဖြေခဲ့ကြပြီး ယင်းခရီးစဉ်အတွင်းမှာ လန်ဒန်၊ နယူးယော့ခ်၊ မက္ကဆီကို၊ ဘန်ကောက်၊ တိုကျို၊ အိုဆာကာစတဲ့ မြို့ကြီးတွေနဲ့ အခြားသောမြို့တွေပါဝင်နေတာဖြစ်ပါတယ်။ ယင်းနယ်လှည့်ဖျော်ဖြေရေးခရီးစဉ်အတွင်း အားပေးခဲ့ကြတဲ့ ပရိသတ်ဦးရေဟာလည်း စုစုပေါင်း ခြောက်သိန်းတစ်သောင်းခန့်ရှိခဲ့ကြောင်းနဲ့ ပြီးခဲ့တဲ့ မေ ၂၈ ရက်က ဆိုးလ်မှာဖျော်ဖြေခဲ့တာဟာ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်ရဲ့ ၃၇ ခုမြောက်ဖျော်ဖြေပွဲဖြစ်ကာ "The EXO'rDIUM "ရဲ့ နောက်ဆုံးသောဖျော်ဖြေပွဲဖြစ်တယ်လို့လည်း သိရပါတယ်။

## ပြည်သူ့အသံ

### ဈေးအဝင်လမ်း ယာဉ်များပိတ်ဆို့နေမှု ဖယ်ရှားပေးစေချင်

မော်လမြိုင်ကျွန်းမြို့ (၁၁)လမ်း အောင်သာယာဈေးနှင့် ဆိပ်ကမ်းသာဈေးတွင်းသို့ ဝင်သည့်လမ်းကြောင်းထိပ်တွင် စက်ဘီး၊ ဆိုက်ကား၊ တွန်းလှည်း၊ ဆိုင်ကယ်နှင့် ယာဉ်မျိုးစုံတို့မှာ ပိတ်ဆို့ရပ်နားထားကြပါသည်။

ဈေးအတွင်းဝင်ရန် ယင်းဈေးအဝင်လမ်း လက်ဝဲခြမ်းတွင် ယာဉ်မျိုးစုံတို့ ပိတ်ဆို့ရပ်နားထားမှုကြောင့် ဈေးဝယ်သူများ အခက်အခဲရှိပြီး ဈေးရောင်းသူများ အရောင်းအဝယ်ကျဆင်းလျက်ရှိရာ လက်ဝဲခြမ်းပိတ်ဆို့မှုကို ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ယာဉ်ပိတ်ဆို့ခံရသည့် ဈေးဆိုင်များ**

### ညဉ့်နက်ချိန်ထိလုပ်ကိုင်သော ဖိနပ်လုပ်ငန်းမှ သောက်စားမူးယစ်ဆူညံနေမှုများ တားဆီးပေးစေချင်

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် တကောင်း(၄)လမ်း တိုက်တစ်တိုက်၏ တိုက်ညာဘက်ခြမ်းမြေညီထပ်တွင် နေ့စဉ်ညဉ့်နက်သည်အထိ ဖိနပ်လုပ်ငန်းများကို လုပ်ဆောင်နေပြီး ဖိနပ်များတွင် အသုံးပြုသည့်ဓာတ်ဆီနှင့် ကော်နံ့များကို နေ့စဉ်ရှူရှိုက်နေရပါသဖြင့် မူးဝေ၍ ကျန်းမာရေးထိခိုက်ခြင်း၊ ဓာတ်ဆီများသိုလှောင်ထားသည့်အတွက် မီးဘေးအန္တရာယ် စိုးရိမ်ရခြင်းနှင့် အလုပ်သမားများမှ အရက်သေစာသောက်စား၍ ဆူညံခြင်း၊ လမ်းသွားလမ်းလာအမျိုးသမီးများအား လှောင်ပြောင်ခြင်းများကို ပြုလုပ်နေကြပါသည်။

ပတ်ဝန်းကျင်နေသူများအနေဖြင့် နေ့စဉ်မီးဘေးအန္တရာယ် စိုးရိမ်မှု၊ နေ့စဉ်ဆူညံစွာ အချိန်မတော်လုပ်ငန်းလုပ်ဆောင်မှုကြောင့် ကောင်းစွာမအိပ်ရခြင်း၊ စိုးရိမ်သောက စိတ်များနှင့် ရင်ဆိုင်နေရပါသဖြင့် သက်ဆိုင်ရာမှ စစ်ဆေးဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ပတ်ဝန်းကျင်တွင်နေထိုင်သူများ**

### ယာဉ်ပိတ်ဆို့မှု စစ်ဆေးအရေးယူပေးစေလို

ရန်ကုန်မြို့ သာသနာ့ရိပ်သာရပ်ကွက် ကုက္ကိုင်းရေကူးကန်လမ်းသွယ်၊ ဆရာစံလမ်းသည် အစဉ်အဆက် ဆိတ်ငြိမ်ရပ်ကွက်အဖြစ် အေးချမ်းစွာ ရပ်တည်ခဲ့သော လမ်းတစ်လမ်းဖြစ်ပါသည်။

သို့ရာတွင် အဆိုပါလမ်းရှိအိမ်တစ်အိမ်တွင် ဖွင့်လှစ်ထားသော စားသောက်ဆိုင်ကြောင့် အနီးပတ်ဝန်းကျင်ရှိအိမ်များ အညော်နံ့နံခြင်း၊ စားသောက်ဆိုင်သို့ လာရောက်သည့် ကားများကြောင့် လမ်းအတွင်းဖြတ်သန်းသွားလာလျက်ရှိသည့် ကိုယ်ပိုင်ယာဉ်များ၊ အငှားယာဉ်များ ယာဉ်ပိတ်ဆို့မှုဖြစ်ရာမှ ယာဉ်မောင်းအချင်းချင်းဆူညံစွာ အော်ဟစ်ဆဲဆိုခြင်းများကြောင့် လမ်းအတွင်းနေ လုပ်သားပြည်သူများ များစွာစိတ်အနှောင့်အယှက်ဖြစ်ရပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို စစ်ဆေးအရေးယူပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

### ပြည်တော်သစ်အိမ်ရာစခန်းမှ တိုက်ခန်းများ ရေရချင်

ရန်ကုန်မြို့ အောက်ပုဇွန်တောင်လမ်း အမှတ်(၃) ရပ်ကွက် ပြည်တော်သစ်အိမ်ရာစခန်းတွင် တိုက်ခြောက်လုံးရှိရာ ယခုအခါ တိုက်နေပြည်သူများ ရေအခက်အခဲကြုံတွေ့နေရသည်မှာ တစ်လခန့်ရှိနေပြီဖြစ်သည်။

လက်ရှိတိုက်တွင်နေထိုင်သူ အများအပြားမှာလည်း လက်ရှိဝန်ထမ်းများ၊ အငြိမ်းစားများ၊ စစ်ပြန်ရဲဘော်များဖြစ်ခြင်း၊ ရေမရ၍ ဝယ်ယူသုံးစွဲရလျှင် ဈေးနှုန်းပေါ်မူတည်ပြီး ရေတွန်းလှည်းသမားက သုံးထပ် ငွေကျပ်သုံးထောင် ၊ လေးထပ် ငွေကျပ်လေးထောင် ပုံသေမရှိဘဲ ခက်ခက်ခဲခဲ ဝယ်ယူနေရပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ အခက်အခဲကို လေ့လာပြီးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ပြည်တော်သစ်ရိပ်သာမှ ရေဒုက္ခသည်များ**

# စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းအသုံးပြုနိုင်



**မုံရွာ မေ ၂၉**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မိုးစပါးစိုက်ရာသီတွင် တောင်သူများအနေဖြင့် အချိန်မီထွန်ယက် စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာများကို ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းအသုံးပြုနိုင်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

လက်မှုလယ်ယာစနစ်မှ စက်မှုလက်ယာစနစ်သို့ ကူးပြောင်းရေးကို အထောက်အကူဖြစ်စေရန်၊ ပြောင်းလာသည့်ရာသီဥတုတွင် အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရန်၊ သိပ္ပံနည်းကျစိုက်ပျိုးခြင်းဖြင့် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးမြင့်သည့် စပါးမျိုးများရရှိစေရန်၊ လုပ်သားရှားပါးမှုကို ဖြေလျှော့ပေးနိုင်ရန်နှင့် တောင်သူများ စိုက်ပျိုးရေးကုန်ကျစရိတ်များ လျှော့ချနိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံး စက်ကိရိယာများကို ငှားရမ်းပေးခြင်းဖြစ်ကြောင်း သိရသည်။

"အခုအချိန်မှာက ရာသီဥတုတွေကလည်း ပြောင်းလဲလာတဲ့အတွက် သီးနှံတွေကို အချိန်ကိုက် စိုက်ပျိုးနိုင်ဖို့ ထယ်ရေး၊ ထွန်ရေးအတွက် စက်တွေငှားရမ်းပေးတာပါ။ နောက်ပြီး စပါးစိုက်ပျိုးဖို့အတွက်ကိုလည်း ပျိုးထောင်ချိန်ကနေ စိုက်ပျိုးပြီးချိန်အထိကို တာဝန်ယူပြီး ဈေးနှုန်းချိုသာစွာနဲ့ စိုက်ပျိုးပေးသွားမှာပါ။ ကောက်စိုက်စက်နဲ့ စိုက်ပျိုးတဲ့အတွက် မျိုးစပါး နို့ဆီဘူး ၁၀၀ ပဲ ကုန်ကျမယ်။ ပျိုးပင်အသက် ၂၅ ရက်နဲ့ ၃၀ ရက် သက်တမ်းမှာစိုက်တဲ့အတွက် ပင်ပွားနှုန်းကောင်းတယ်။ စိုက်ကွက်မှန်တယ်။ လုပ်အားခသက်သာတယ်။ အရေးကြီးတဲ့ လုပ်သားရှားပါးမှုကို လျှော့ချပေးနိုင်တဲ့အတွက် ကျွန်တော်တို့ဌာနပိုင် စက်ကိရိယာတွေနဲ့ ငှားရမ်းပေးတာပါ" ဟု တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြို့နယ်များရှိ စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာများကို ငှားရမ်းအသုံးပြုလိုသည့် တောင်သူများအနေဖြင့် ထွန်ရေးတစ်ဧကကို ငွေကျပ် ၁၃၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထယ်ရေးတစ်ဧကကို ငွေကျပ် ၆၅၀၀ နှုန်းဖြင့်လည်းကောင်း၊ ကောက်စိုက်စက်ငှားရမ်းလိုသူများအနေဖြင့် (မျိုးစပါးခမပါ) ပျိုးထောင်ချိန်မှ စိုက်ပျိုးပြီးသည်အထိ တစ်ဧကငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် ငှားရမ်းအသုံးပြုနိုင်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း အသိပညာပေးညှိနှိုင်းဆွေးနွေးပွဲ အိမ်မဲတွင် ကျင်းပ

**အိမ်မဲ မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်း အသိပညာပေးညှိနှိုင်းဆွေးနွေးပွဲကို မေ ၂၈ ရက် နံနက် ၁၀ နာရီက အိမ်မဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်မိုးက ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြား၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးကျော်အောင်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ လုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်များရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးကျော်အောင်က တက်ရောက်လာသည့် ပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းအရေးကြီးမှု၊ ရောဂါအကြောင်း သေချာစွာ သိမှကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းများ၊ ပြည်သူများပူးပေါင်းဆောင်ရွက်ရန်လိုကြောင်းနှင့် တစ်မြို့နယ်လုံး အတိုင်းတာဖြင့် ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ရက်သတ်မှတ်ဆောင်ရွက်ရန်၊ ဖျားနာသူများ သတင်းပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အသိပညာပေးညှိနှိုင်းဆွေးနွေးခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့မှ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ အဖွဲ့အစည်းအလိုက် ပူးပေါင်းဆောင်ရွက်မှုများ ရှင်းလင်းဆွေးနွေးခဲ့ပြီး ပြည်သူများ သိရှိလိုသည်များကို တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ကြက်ခြေနီအသင်း၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ် ပြန် /ဆက်**



## မိတ္ထီလာတောင်ကန်အား ကာရံထားသည့် ခြံစည်းရိုးနှင့် သံကူကွန်ကရစ်တိုင် တချို့ ပျက်စီး

**မိတ္ထီလာ မေ ၂၉**

မိတ္ထီလာတောင်ကန် ကန်ပတ်ဝန်းကျင်သန့်ရှင်းရေးသာယာရေးအတွက် ရည်ရွယ်ပြီး ကာရံထားသည့် ခြံစည်းရိုးသံဆန်ခါများနှင့် ကွန်ကရစ်တိုင်တချို့မှာ ဝန်ဇင်းဟိုတယ်အနောက်ဘက် ရေသန့်အရောင်းဆိုင်အနီးမှ စိုက်ပျိုးရေးဦးစီးဌာနရုံး တောင်ဘက်အနီးအထိ ပျက်စီးလျက်ရှိကြောင်း သိရသည်။

မိတ္ထီလာတောင်ကန်သည် ကန်အောက်ဘက် သီးနှံစိုက်ပျိုးသည့် လယ်မြေများသို့ စိုက်ပျိုးရေပေးဝေရုံမျှသာမက မြို့ပေါ်ရပ်ကွက်များသို့ သောက်ရေသန့်စက်ရုံနှစ်ခုမှတစ်ဆင့် သောက်သုံးရေပေးဝေရေးအတွက် နေ့စဉ်အားထားရသည့်ကန်ဖြစ်သည်။

ထို့ကြောင့် မိတ္ထီလာတောင်ကန်အတွင်း အမှိုက်သရိုက်များ စွန့်ပစ်ခြင်း မရှိစေရန်၊ ကန်ပတ်ဝန်းကျင် သန့်ရှင်းစေရန်နှင့် လှပသာယာရေးတို့အတွက် ရည်ရွယ်ပြီး လွန်ခဲ့သည့် လေးနှစ်ခန့်က ကန်အားသံကူကွန်ကရစ်တိုင်များဖြင့် သံဆန်ခါခြံစည်းရိုးဖြင့် သက်ဆိုင်ရာမှ ကာရံထားခဲ့သည်။

ယခုအခါ ထိန်းသိမ်းစောင့်ရှောက်မှုအားနည်းခြင်း၊ စည်းကမ်းမဲ့သူများ၏ ဖျက်ဆီးခြင်းတို့ကြောင့် အဆိုပါနေရာမှ မိတ္ထီလာတောင်ကန်ကိုကာရံထားသည့် သံဆန်ခါခြံစည်းရိုးများပျက်စီးခြင်း၊ သံကူကွန်ကရစ်တိုင်များ ယိုင်နဲ့လဲကျခြင်းများဖြစ်ပေါ်နေပြီး ကန်အတွင်း စည်းကမ်းမဲ့ နွားစားကျက်လွှတ်ခြင်း၊ ကန်ပတ်ဝန်းကျင် လာရောက်သည့်လူငယ်များမှ အမှိုက်သရိုက်များ စွန့်ပစ်ခြင်းများဖြစ်ပေါ်နေသည်။

ထို့ကြောင့် မိတ္ထီလာတောင်ကန်သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများမှ အချိန်မီ ပြုပြင်ထိန်းသိမ်းရန် လိုအပ်ကြောင်း တင်ပြလိုက်ပါသည်။

**ချမ်းသာ (မိတ္ထီလာ)**

## တိုက်ကြီးမြို့နယ်သမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**တိုက်ကြီး မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၁၆-၂၀၁၇ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို မေ ၂၇ ရက် နံနက် ၉ နာရီက တိုက်ကြီးမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာသွင်းအားစုချေးငွေများ အစောဆုံးအကျေပေးဆပ်သည့် အသင်း ၄၂ သင်းအား ဂုဏ်ပြုလွှာနှင့် ဆုကြေးငွေ ကျပ်သိန်း ၃၀ ဒသမ ၁ သိန်းအား ပေးအပ်ခြင်း၊ အစုပေါ်အမြတ်များ ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သောင်းမြင့်၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်ခင်ချိုနှင့်ဝန်ထမ်းများ၊ အသင်းစုဥက္ကဋ္ဌ ဦးစိန်မြင့်၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးကံချွန်၊ အတွင်းရေးမှူး ဦးစိုးငြိမ်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အခြေခံအသင်းများ တက်ရောက်ကြသည်။

**(၅၂၆)**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# သတင်းကြေညာချက်
# (၂၀၁၇ခုနှစ်၊ မေလ ၂၉ရက်)

၁။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ခုနှစ်၊ ဇွန်လ ၁ရက်နေ့မှ စတင်ရောင်းချမည်ဖြစ်ပါသည်။

၂။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်များကို **ပင်မထီ "က" အက္ခရာမှ အစဉ်လိုက် "ဖ"အက္ခရာထိ** အက္ခရာလုံးရေ(၂၂)လုံးနှင့် **အရန်ထီ "ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ (၂၂)လုံး** စုစုပေါင်း အက္ခရာ(၄၄)လုံးခန့် ထီစာအုပ်ပေါင်း (၃၅၈၃၈၀၇)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီးဖြစ်ပါသည်။

၃။ ထပ်မံ ဝယ်ယူလိုသူများရှိပါက ကျပ်၅၀၀တန် ထီများကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး၊ အနည်းဆုံးအုပ်ရေ(၁၀၀) နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၅-၆-၂၀၁၇ရက်မှ ၂၄-၆-၂၀၁၇ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၄။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-






၅။ (၄)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ် (**အရန်ထီ**) နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-






၆။ **အထူးသတိပြုရန်**

**အရန်ထီလက်မှတ် "ကက" အက္ခရာမှ အစဉ်လိုက် "ကဖ" အက္ခရာထိ** ထီလက်မှတ်များတွင် ထီလက်မှတ်၏ ညာဘက် ကျပ် ၅၀၀တန် တံဆိပ်၏ အပေါ်၌ **"(2nd)" အမှတ်အသား** ပါဝင်သော ထီလက်မှတ်များသာ ၂၀၁၇ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးဝင်ပါကြောင်းနှင့် **အရန်ထီလက်မှတ်**ပေါ်တွင် " (2nd)" **အမှတ်အသား** မပါဝင်သော **"ကက" အက္ခရာမှ အစဉ်လိုက် "ကအ" အက္ခရာ**ထိ ထီလက်မှတ်များသည် (၁) ကြိမ်မြောက်၊ (၂)ကြိမ်မြောက်နှင့် (၃)ကြိမ်မြောက်တို့တွင် ဖွင့်လှစ်ပြီး ဖြစ်ပါသဖြင့် ၂၀၁၇ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေးအပ်ပါသည်။

၇။ ကျပ် ၅၀၀ တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း (၁၀၀၀၀)၊ ကျပ်သိန်း(၅၀၀၀)၊ ကျပ်သိန်း(၃၀၀၀) နှင့် ကျပ် သိန်း(၁၀၀၀)ဆုများ ပါဝင်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ် (၅၀၀၀၀) ဖြစ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

# မောင်တောမြို့ ကျောက်ပန္နူကျေးရွာ၌ တန်ဖိုးနည်းနေအိမ် အလုံး ၁၀၀ ပါဝင်သောကျေးရွာသစ် အကောင်ထည်ဖော်

**မောင်တော မေ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တော မြို့နယ် ကျောက်ပန္နူကျေးရွာတွင် တန်ဖိုးနည်းနေအိမ် အလုံး ၁၀၀ ပါဝင်သော ကျေးရွာသစ်တစ်ရွာကို စတင် အကောင်အထည်ဖော် ဆောက်လုပ်နေပြီဖြစ်ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ သိရသည်။

"အခု အကောင်အထည်ဖော် တည်ဆောက်ပေးတဲ့ တန်ဖိုးနည်းနေအိမ်အလုံး ၁၀၀ က ဒုတိယသမ္မတရဲ့ လမ်းညွှန်ချက်အရ ကျွန်တော်တို့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေနဲ့ အကောင်အထည်ဖော်တည်ဆောက်ပေးတာ ဖြစ်ပါတယ်။ အရင်ကျောက်ပန္နူရွာဟောင်းကတော့ အိမ်ခြေ ၇၀ လောက်ရှိတယ်။ ခုတည်ဆောက်ပေးတာက ထပ်တိုးကျေးရွာသစ် ထပ်မံတိုးချဲ့ပေးတဲ့သဘောပါ။ ဒေသခံတိုင်းရင်းသားတွေအတွက် ရည်ရွယ်ဆောက်လုပ်ပေးတာဖြစ်ပါတယ်။ ကျေးရွာသစ်အိမ်ခြေ ၁၀၀ မှာ အရင်ကျောက်ပန္နူရွာဟောင်းက မိသားစုအိမ်ထောင်ခွဲတွေနဲ့ တခြားမြို့နယ်က ဆန္ဒပြုထားတဲ့ မိသားစုတွေကို နေရာချထားပေးသွားမှာပါ။ အားလုံးနိုင်ငံတော်က အကုန်အကျခံတည်ဆောက်ပေးတာဖြစ်ပါတယ်။ မိသားစုဝင်တွေ အနေနဲ့ ဘာမှပေးဆောင်စရာမလိုပါဘူး"ဟု နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က ပြောသည်။

အဆိုပါတန်ဖိုးနည်းနေအိမ် အလုံး ၁၀၀ ပါဝင်သော ကျောက်ပန္နူကျေးရွာသစ်ကို ပြီးခဲ့သော မတ်လပိုင်းက စတင်အကောင်အထည်ဖော်ခဲ့ပြီး နယ်စပ်ဒေသရန်ပုံငွေ ကျပ်သန်းပေါင်း ၆၅၀ ဖြင့် လျာထားဆောင်ရွက်လျက် ရှိသည်။ အဆိုပါကျေးရွာသစ်တွင် အလယ်တန်းကျောင်း မြေနေရာ၊ ဈေးမြေနေရာ၊ အသေးစားစက်ရုံမြေနေရာ၊

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❐



**တန်ဖိုးနည်းနေအိမ် အလုံး ၁၀၀ ပါဝင်သော ကျောက်ပန္နူကျေးရွာသစ် အကောင်အထည်ဖော်နေစဉ်။**

# မကာအိုနှင့် အာရှဖလားခြေစစ်ပွဲမတိုင်မီ မြန်မာအသင်း ခြေစမ်းပွဲနှစ်ပွဲကစားမည်

**ရန်ကုန် မေ ၂၉**

၂၀၁၉ အာရှဖလားတတိယအဆင့် ခြေစစ်ပွဲ ပွဲစဉ် (၂)ကို ဇွန်လ ဒုတိယပတ်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မကာအိုအသင်း နှင့် အဝေးကွင်းယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပွဲ အတွက် ပြင်ဆင်သည့်အနေဖြင့် စင်ကာပူ လက်ရွေးစင်အသင်း၊ စင်ကာပူကလပ် နီဂါတာအသင်းတို့နှင့် ခြေစမ်းပွဲများကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မကာအိုအသင်းနှင့် ခြေစစ်ပွဲအတွက် ဇွန် ၃ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်သည်။ မြန်မာအသင်းသည် စင်ကာပူနိုင်ငံ၌ လေ့ကျင့်ရန် ဇွန် ၄ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး ဇွန် ၆ ရက်တွင် စင်ကာပူလက်ရွေးစင် အသင်း၊ ဇွန် ၉ ရက်တွင် စင်ကာပူ ထိပ်သီးကလပ် နီဂါတာအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ စင်ကာပူ လက်ရွေးစင်အသင်း နည်းပြချုပ်၏ တောင်းဆိုမှုကြောင့် ပရိသတ်မပါဘဲ ကွင်းပိတ်ကစားမည်ဖြစ်ပြီး နီဂါတာ အသင်းနှင့်ပွဲကိုမူ စင်ကာပူနိုင်ငံ ရောက် မြန်မာပရိသတ်များ အခမဲ့ ကြည့်ရှုအားပေးခွင့်ရရှိမည်ဖြစ်သည်။



**အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်နေသည့် မြန်မာ့လက်ရွေးစင်အသင်း။**

မြန်မာ့လက်ရွေးစင်အသင်းသည် မကာအိုအသင်းနှင့် အာရှဖလား ခြေစစ်ပွဲအတွက် ရန်ကုန်မြို့၌ တစ်ရက်တာ လေ့ကျင့်ခွင့်ရမည်ဖြစ်ပြီး စင်ကာပူနိုင်ငံ၌သာ အဓိကပြင်ဆင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းအတွက် မကာအိုအသင်းနှင့် ယှဉ်ပြိုင်ရမည့်ခြေစစ်ပွဲမှာ အရေးပါလျက်ရှိပြီး နိုင်ပွဲရယူနိုင်မှသာ ခြေစစ်ပွဲအောင်မြင်ရန် ဆက်လက်မျှော်လင့်နိုင်မည်ဖြစ်သည်။ မြန်မာ့ လက်ရွေးစင်အသင်းသည် အာရှ ဖလားခြေစစ်ပွဲအဖွင့်ပွဲတွင် အိန္ဒိယ

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❖

# မြောင်မြို့နယ် မြစ်ကမ်းဘေးယာမြေများ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ဧက ၃၀၀၀ ကျော် ပျက်စီးနေ

**မြောင် မေ ၂၉**

မြောင်မြို့နယ် ဧရာဝတီမြစ်ကမ်းဘေးတွင်တည်ရှိသည့် သာထွန်းကျေးရွာ၊ အညွှန့်ကျေးရွာ၊ အိုင်သာကျေးရွာ၊ မင်းတန်းကျေးရွာ စသည့် ကျေးရွာများမှ တောင်သူများ၏ ယာမြေများသည် မြစ်ကြောင်းပြောင်းလဲပြီး မြစ်ရေတိုက်စားကာ ပျက်စီးဆုံးရှုံးမှုများပြားနေကြောင်း ဒေသခံများထံမှ သိရသည်။

ဧရာဝတီမြစ်ရေတိုက်စားမှုသည် လွန်ခဲ့သော ငါးနှစ်ကတည်းက သိသာစွာဖြစ်ပေါ်လာရာ ငါးနှစ်တာကာလအတွင်း ဒေသခံတောင်သူအများစု၏ ယာမြေဧက ၃၀၀၀ ကျော် မြစ်ရေတိုက်စားသည့်အထဲပါသွားပြီဖြစ်ကြောင်း ဒေသခံတောင်သူများ၏ ပြောကြားချက်အရ သိရသည်။ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဖောက်လုပ်ထားသော အညွှန့်ကျေးရွာနှင့် သာထွန်းကျေးရွာအကြား မြေသားလမ်းမှာလည်း ကမ်းပါးပဲ့ကျနေသည့်အတွက် ဒေသခံများ၏ သွားလာမှုလမ်းပန်းဆက်သွယ်ရေးမှာ အခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ✪



# လိမ္မော်ရောင်အဆင့် ဆိုင်ကလုန်းမုန်တိုင်း မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်

**နေပြည်တော် မေ ၂၉**

ယနေ့ ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော်အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မိုရာ"သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုရာ" အဖြစ်သို့ ရောက်ရှိခဲ့ကာ မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက် မိုင် ၁၂၀ ခန့်နှင့် ကျောက်ဖြူမြို့၏ အနောက်-အနောက်တောင်ဘက် မိုင် ၁၂၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ တောင်-အနောက်တောင်ဘက် မိုင် ၂၂၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ အဆိုပါအားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းအနီးမှ ရွေ့လျားမည့် အခြေအနေရှိပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း၏ ဗဟိုချက်လေဖိအား ၉၈၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ နှုန်းဖြစ်သည်။

အဆိုပါ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းသည် ယနေ့ညနေမှ နောက် ၁၈ နာရီအတွင်း ဘင်္ဂလားဒေ့ရှ်ကမ်းခြေဒေသကို စစ်တကောင်းမြို့ အနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရသည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် ကမ်းခြေကို ဖြတ်ကျော်စဉ် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၆၀ ခန့် တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(ကြေးမုံ)**



